# အသင်းတော် ရတ်သိမ်းခြင်း

## ရူမာ၊ အရီဇိုးနား၊ အမေရိကန်။

## ၆၅ -၁၂၀၄

1 ၁။ ရူမာတွင် တဖန်ပြန်လည် လာရောက်ရန် ဖိတ်ခေါ်ခြင်းခံရသော ကြီးမားသည့် အခွင့်အရေးရသဖြင့် ကြီးမြတ်လှ ပါသည်။ ယခင်တခေါက်က အလွန်နှစ်သက်ဖွယ်ရာကောင်းသောအချိန် ဖြစ်ခဲ့ပါသည်။ ကျွန်တော်တဖန် ပြန်လာရမည်ကို နားလည်သောအခါ ဤခံစားရသည်မှာ အလွန်ကောင်းမွန်လှပါသည်။ သက်သေခံချက်များကြားရပြီး စိတ်နှလုံးနိူးဆော်မှု ခံစားရပါသည်။

2 ၂။ Las Vegas မှာညီအစ်ကိုတစ်ဦးက စည်းဝေးပွဲပြုလုပ်လိုကြောင်း ဘီလီက ကျွန်တော့်ကိုပြောပြပါသည်။ ဝတ်ပြုစည်း ဝေးပွဲ ပြီးသည်နှင့် ချက်ချင်းသူကို တွေ့လိုပါသည်။ သူ၏ပြောဆိုချက်အရ ကျွန်တော်တို့ အချိန်ရပါမည်။ Phoenix စည်းဝေး ပွဲများ မစတင်မီ ဇန္နဝါရီလတွင် Las Vegas သို့ကျွန်တော်တို့ သွားနိုင်ပါသည်။ ကျွန်တော်တို့ အမြဲတမ်းပင် ထိုနေရာသို့ ရောက်လို ပါသည်။ Bro.Art Wilson ကလွန်ခဲ့သောအချိန် တော်တော်ကြာကြာခန့်က ထိုနေရာမှာ ရောက်နေခဲ့ပါသည်။ ထိုနေရာမှ ရှိနေမြဲ ဖြစ်ပါသည်။ ကျွန်တော်တက်လာရန် သူကဖိတ်ခေါ်ပါသည်။ သူနှင့် Sister Wilson တို့ဖြစ်ကြပါသည်။ ကျွန်တော်အခွင့်အရေး မရသောကြောင့် ယခုအခေါက်မှာ ကျွန်တော်လာနိုင်မည်ဟု ထင်ပါသည်။ Billy Paul (သို့) Bro. Roy Broder တို့ကို သင်တွေ့ရပါသလား? သူ ဤနေရာတနေရာရာမှာရှိသည်ဟု ကျွန်တော် ထင်ပါသည်။ Bro. Roy အထဲတွင် ရှိကြောင်း တစ်ဦးသောသူက ဆိုပါသည်။ Bro. Pearry Lee သို့မဟုတ် သူတို့ထဲမှာ တစ်ဦးဦးက သင့်ကိုပြောပြနိုင်ပါသည်။ ကျွန်တော်လာရမည့် နေ့ရက်များ ကိုသာ သတ်မှတ်ပေးပါ။

3 ၃။ သာသနာပြုဆရာများစွာတို့ကို မကြာမီက ကျွန်တော်တွေ့ခဲ့ပါသည်။ ကျွန်တော်၏ ညီအစ်ကိုများကို ကျွန်တော် ဆုံတွေ့ ရသည်မှာ ကျွန်တော်အလွန်ပျော်ပါသည်။ ကျွန်တော်ဆန္ဒအရ အချိန်ရလျှင်....သင်နှင့်အတူအိမ်ပြန်ပါမည်။ အကြောင်းမှာ သင့်နိုင်ငံတွင် အကောင်းဆုံးထမင်းချက်ရှိကြောင်း ကျွန်တော်သိပါသည်။ အလွန်ကောင်း ပါသည်။ Bro. Pearry အမှန်တကယ်ပင် သူ့အပေါ်မှာ ယနေ့ည အမှတ်နှစ်ခု ရှိပါသည်။ သူသည် သူနှင့်ဆန့်ကျင်၍ အမှတ်နှစ် မှတ် ယခုအခါရှိနေပါပြီ။ တစ်ဦးက မိုက်ကရိုဖုန်းကို ပြင်ပမှာ ဖြတ်တောက်နေပါသည်။ Bro.Pearry သင်တို့အတွက် အပြစ်ရှိပါ သည်။ တကယ်တမ်း ခင်ဗျားမှာ တကယ်အပြစ်ရှိသည်ဟု ကျွန်တော်မထင်ပါ။... ‘တစုံတယောက်သောသူက စကားပြောရန်ချိန် ဆနေပါသည်။’ ကောင်းမွန်သောအရာပင် ဖြစ်ပါသည်။

ငင်းနောက်သူသည် အပြင်သို့ထွက်သွား၍ စကားပြောနေပါသည်။ သူ၏ပြောဆိုချက်မှာ ‘ပြောပါ...’ဟူ၍ ဖြစ်သည်။ သူသည် Bro.Collins (သို့) အချို့သော သူများကို ပြောနေပါသည်။ ‘ညစာစား၍ ကောင်းပါသည်။ သို့သော် ကျွန်တော် သင့်အား ပြောပြလိုပါသည်။ ထိုသူမှာ စပိန်လူမျိုး (သို့) လူမျိုးတစ်မျိုး(သို့) မက္ကဆီကန် ဖြစ်ပါမည်။ ကျွန်တော်မြည်းစမ်း ခဲ့သမျှတွင် အစပ်ဆုံး ငရုပ်ကောင်းမှုန့် ဖြစ်ပါသည်။’ ဟုဆိုပြီး သူသည် စာဖိုမှူးနှင့် စကားပြောနေပါသည်။ သူက ‘ကျွန်တော်သည် စာဖိုမှူးဖြစ်သည်။’ ဟုပြောပါသည်။ သင့်အတွက် Texas ဖြစ်ပါသည်။ သူ့အား Arizona တွင် ကျွန်တော်တို့ ဖြောင့်ဖြောင့် မတ်မတ်ခေါ်လာပြီး ဘာကြောင့် ကြာကြာ မနေရဘဲ ထားပါမည်နည်း။ ဤနေရာသို့ ရောက်လာသည်မှာ အလွန်ကောင်း မွန်ပါသည်။ ဟာသဟု ထင်ရသောအရာကို ကျွန်တော်က လှောင် ပြောင်သည့်သဘော မထင်မှတ်ပါ။ ကိုယ်တော်ရှင် ကိုယ်တော်တိုင် ပျော်ရွှင်စေတတ်သောသဘော ရှိပါသည်။ က်ိုယ်တော် ရှင်က...ဟေရှဒ်အား ‘သွား၍ မြေခွေးအားပြော လော့။ (သဘောပေါက်ပါသလား)ယနေ့ ကျွန်တော်နတ်ဆိုးများကို မောင်းထုတ်၍ မနက်ဖြန် ကျွန်တော် ကောင်းသွား ပါမည်’ ဟုဆိုသည်။ က်ိုယ်တော်ရှင်မှာ ပျော်ရွှင်စေတတ်သော သဘောရှိပါက ကျွန်တော်တို့ကို မထိခိုက်ပါ။ တခါတရံ ရှိမည့်ပုံလည်း မထင်ပါ။

4 ၄။ ယခုအနည်းငယ် နောက်ကျပြီ ဖြစ်ပါသည်။ ကျွန်တော် (၄)နာရီကြာခန့်တရားဟောလေ့ရှိပါသည်။ ဤနေရာတွင် ရှိသော ညီအစ်ကိုမောင်နှမများ၏ ဓလေ့ထုံးစံကို သိသောကြောင့်ပင် ဖြစ်ပါသည်။ ယနေ့ည ဖြတ်လိုက်ပါမည်။ ကျွန်တော် တယ်ရီကို ပြောခဲ့ပြီးပါပြီ။ ကျွန်တော်ပြောဆိုချက်မှာ...သူအပြောက ‘ဘာ...နှစ်နာရီကြာတိပ်ခွေသွင်းရမည်ဟုတ်ပါသလား။’ ကျွန်တော်က ‘မဟုတ်ပါဘူး တယ်ရီ ဒီဟာ ညစာစားပွဲကြီး ဖြစ်ပါတယ်။’ ဟုပြောပြသည်။ ‘မိနစ် (၃၀၊၄၀)ခန့် လူအများကို တစုံတရာပြောကြားမှာ ဖြစ်ပါတယ်။’ ကျွန်တော်တခေါက်စီ ကြိုးစားခဲ့ပြီး ဖြစ်ပါသည်။ သိနားလည်ဘို့ရန်အတွက်...

5 ၅။ ကျွန်တော်ကလေးဘဝက လူများထွက်လာပြီး နားထောင်ကြပါတယ်။ အကြောင်းမှာ ကျွန်တော်ဟာ လူငယ်တရား ဟော ဆရာကလေးဖြစ်တဲ့အတွက်ကြောင့်ပါဘဲ။ လူငယ်ကလေးဖြစ်ပြီး အလွန်ငယ်ရွယ်ပါသည်။ သူတ်ို့ကလည်း ပြောကြပါ သည်။ ‘ဘီလီဘရမ်ဟမ်ကလေးပါ’ ကလေးငယ်လေးဘာဖြစ်သည်။ ကျောင်းမတက်ခဲ့ရပါ။ ပညာမတက်ခဲ့ရပါ။ သူတို့ထွက် လာကြပြီး ကျွန်တော်၏ ကင်တာကီအင်္ဂလိပ်စကား မပြောတတ် ပြောတတ်သည်ကို နားထောင်ကြသည်။....သိပ်မကြာသေးမီက စည်းဝေးပွဲတခုတွင် သူတို့ပြောကြပါသည်။ ‘ငါတို့အားလုံး မတ်တပ်ရပ်ပြီး နိုင်ငံတော်သီချင်းပင် ဖြစ်ပါသည်။’ ကျွန်တော်မတ်တပ်ရပ်ပြီး ပြောပါ သည်။ ‘ဝေးကွာလှသော နေရာ ကျွန်တော်၏ ကင်တာကီအိမ်အတွက် ဖြစ်သည်။’ ကျွန်တော်သိသော တခုတည်းသောနိုင်ငံ ဖြစ်သည်။ ကျွန်တော်သိသော နိုင်ငံတော်သီချင်းပင် ဖြစ်ပါသည်။

6 ၆။ သင်အသက်ကြီးမှ ဘာကြောင့်ဝင်လာရသနည်း။ ထိုအရာထက် ပိုကြီးသောအရာ တစုံတခုသင့်မှာ ရှိရပါမည်။ ပေါလုက ထိုအရာကို ပြောပါသည်။ ကလေးကဲ့သို့ တွေးတောပါသည်။ ကလေးကဲ့သို့ ပြုမူပါသည်။ သို့သော်လည်း သင်ကြီး ပြင်းလာသောအခါ သင်စတင်၍ ပထမဦးဆုံး ခြေလှမ်းများကိုလှမ်းသည်။ ထွားသွားသည်။ လဲကျသည်။ ပြန်ထ သည်။ ပြန်၍လျှောက်ရန် ကြိုးစားပြန်သည်။ ငင်းနောက်သင်သည်....တဖန်ပြန်လည်၍ဖြောင့်ဖြောင့်မတ်မတ်လမ်းလျှောက်ပြန်ပါ သည်။ ကားတိုင်စစ်သည်များအဖြစ် ကျွန်တော်တို့ ထိုသို့ပြုလုပ်ရပါမည်။ လမ်းတည့်တည့် လျှောက်တတ်ရန် အချိန်ရောက် ပါပြီ။ လမ်းမကြီးတလျှောက် ဘုန်းထင်ရှားစေပါမည်။

7 ၇။ ဤကမ္ဘာလောကကြီး၏သမိုင်း နိဂုံးချုပ်မည့်သမိုင်း နောက်ဆုံးသောကာလတွင် ကျွန်တော်တို့ အသက်ရှင် နေထိုင် နေရကြောင်း

ကျွန်တော်ယုံကြည်ပါသည်။ ကျွန်တော်တို့ စဉ်စားသည်ထက်ပင် ကိုယ်တော်ရှင် ကြွလာတော်မူမည့် အချိန်နီး နေကြောင်း ကျွန်တော်အမှန်တကယ်ပင် ယုံကြည်နေပါသည်။ မိနစ်သုံးဆယ်ခန့် သမ္မာကျမ်းစာလေ့လာပြီး အချိန်ယူလို ပါသည်။ တနေ့ကအိမ်မှာ ကျွန်တော်ထိုင်ပြီးစဉ်းစားနေမိပါသည်။ 'ဤကျမ်းချက်များမှ ပြောရမည်ဆိုလျှင် တစိတ်တဒေသ ကိုသာ ယူပြီး .... ယနေ့ည ဝတ်ပြုစည်းဝေးတိုကလေးတွင် ပြောပြပါမည်။ (ဆာလံ ၂၇)ကိုဖွင့်၍ပထမဆုံး အခန်းငယ် (၅)ခုကို ဖတ်လိုပါသည်။

8 ၈။ Full GospelBusiness men များနှင့်ပတ်သက်၍ ဤကဲ့သို့ ပြောကြားလိုပါသည်။ ကျွန်တော်၏ ညီအစ်ကို Bro. Pearry နှင့် ပတ်သတ်၍ စာအုပ်များအကြောင်း စသည့်ဖြင့် ပြောကြားလိုပါသည်။ ဘယ်နှစ်ယောက် မှတ်မိပါသလဲ။ စည်းဝေး ပွဲညီလာခံတခုတွင် ' ဘယ်အချိန်ရှိပြီလဲ ဆရာတို့ ' ဆိုသော အကြောင်းဖြစ်ပါသည်။ ထိုစာအုပ်၏ အစပင် ဖြစ်ပါသည်။ ဤအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့စဉ်က ဖြစ်သည်။ ဤအချိန်ကာလအတွက် ဘုရားသခင် ရေးသားထားသော သဘာဝထက် လွန်ကဲသည့်အရာ အလွန်များပြားစွာ ရှိနေပါသည်။ ကျွန်တော်တို့အား ယခုအခါတွင် တစ်စုံတစ်ရာက ချဉ်းကပ်မည် မဟုတ် ပါ။ ကျွန်တော်တို့မှာ ........ ၎င်းအရာသည် အလွန်ပင် စစ်မှန်ပါသည်။ သင်၏အရာမှာ သင်သိစေရန် ခွင့်ပြုပါက တစ်ကယ် တမ်းဖြစ်နေသည်ကို သိစေရန် ဖြစ်ပါသည်။ သင်ထိုကဲ့သို့ လူစိမ်းများစွာတို့ ဤသူများ နိုးထလျှက် ဤကာလအတွက် သတင်းစကားအကြောင်း မှတ်ချက်များ ချထားသည်။ စသည်တို့ကို သတိရပါ။ သူတို့ ဘယ်နေရာသို့ ရောက်နေသည်အ ကြောင်းမှာ ဤကာလအတွက် သတင်းစကားပင် ဖြစ်သည်။ ကိုယ်တော်ရှင် ဂတိပေးတော်မူသည့်အတိုင်း ပြုလုပ်မည်ဖြစ်ပါ သည်။ ကိုယ်တော်ရှင်သည် သမ္မာကျမ်းစာအရ အတိအကျပင် ဖေါ်ပြထားသည်မှာ အလားတူပင် သူအတိအကျ ပြုလုပ်မည့် အကြောင်းပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင် ဖေါ်ပြချက်မှာ အတိအကျ ထိမှန်ပါသည်။ အချိန်တန်လျှင် အတိအကျပင်ဖြစ် သည်။ အကြောင်းမှာ ဘုရားသခင် ပြောကြားခြင်းကြောင့် ဖြစ်သည်။

9 ၉။ လူတစ်ဦး သူမည်သူပင် ဖြစ်ပါစေ။ ထိုကဲ့သို့ ကြိုတင်ပြောကြားမှု ပြုလုပ်ရန်ကြိုးစားပါက... အကြိမ်ဆယ်သန်းမှာ အခွင့်အရေးတခါသာ ရရှိမည်ဖြစ်ပြီး တစုံတရာဖြစ်မည်ဟု ကြိုတင် ပြောဆိုပါက တချိန်တခါတွင် ဖြစ်ပျက်မည်ဖြစ်ပါသည်။ အကြိမ်ဆယ်သန်းမှာ တခါသာဖြစ်ပါသည်။ နေရာမှာလည်း သန်းရာပေါင်း များစွာတွင် တခါသာဖြစ်ပေမည်။ ဖြစ်ပျက်မည့် အချိန်မှာလည်း ဆက်၍ဆက်၍ လာပါသည်။ ဖြစ်ပျက်မည့် နည်းလမ်းမှာလည်း ဖြစ်ပျက်မည့်အရာ စသည်တို့ ဖြစ်ပါသည်။ မှန်ဆ၍ မရနိုင်ပါ အချိန်အခါတိုင်းတိကျစွာ ကျွန်တော်တို့ သိမြင်လာသောအချိန်မှာ ဘုရားသခင်ပင် ဖြစ်ပါသည်။ ၎င်းနောက် ကျွန်တော်တို့သည် သမ္မာကျမ်းစာဖက်သို့ လှည့်မည်ဖြစ်သည်။ ကျွန်တော်တို့အတွက် အထူးအဆန်း သဖွယ်ဖြစ်နေပေမည်။ သို့သော်လည်း ကျွန်တော်တို့ ကျမ်းချက်များကို ဘယ်နေရာမှာ ကြည့်ရမှန်း မသိဘဲကြည့် သည့်အခါ သန့်ရှင်းသော ဝိညာဉ်တော်က ဖော်ထုတ်၍ နူတ်ကပတ်တော်ကို အတူတကွ ထည့်ထားပါသည်။ ကျွန်တော်တို့ အသက်ရှင်နေထိုင်သော အချိန်နာရီကို ကျွန်တော်တို့ အားဖော်ပြရန် သက်သက်ပင်ဖြစ်ပါသည်။ ကျွန်တော်တို့မှာ ခေတ်ကာလပြောင်းလဲလျက် ရှိနေပါသည်။

10 ၁၀။ ကျွန်တော်တို့မှာ ဒေါင့်တွင်ရောက်နေပါပြီ။ တစုံတယောက်သော သူက ဒေါင့်မှ ထွက်လာပြီး ...ပန်းရံသမားက အုတ်တိုက် ဒေါင့်ကို စတင်၍... လူတစ်ဦးစီအုတ်ခဲများ တတန်းစီချထားပါ။ ဂိုဏ်းဂဏတခုစိက စတင်၍ တန်းအတိုင်း လိုမ့်ချ လာခြင်းဖြစ်သည်။ ကောင်းပါသည်။ သို့သော်လည်း တလှည့်စီပြီးသောအခါ တခြားတလမ်းသို့ ပြောင်းရပါလိမ့်မည်။.....
ဘုရားသခင်ကအုတ်နံရိုးကြီးကိုတည်ဆောက်နေခြင်းမဟုတ်ပါ။ကိုယ်တော်က အိမ်ဆောက်နေခြင်း ဖြစ်ပါသည်။ အဖြတ် အတောက်အကွေ့အကောက်များစွာရှိ၍ သမ္မာကျမ်းစာထဲတွင် ကြိုတင် ဖော်ပြထားပါသည်။ အလှည့်အပြောင်းများပင် ဖြစ်ပါသည်။ မည်သူမဆို ပြုလုပ်ရန် ကြိုးစားကြည့်နိုင်ပါသည်။ သို့သော်လည်း ပုံကြမ်းဆွဲထားသည့်အတိုင်း ဖြစ်ရပါမည်။ မဖြစ်ပါက ပြန်ဖျက်၍ အသစ်ပြုလုပ်ရပါဦးမည်။

11 ၁၁။ ဘုရားသခင်၏ ကောင်းမြတ်ခြင်းကြောင့် က်ိုယ်တော်အား ကျွန်တော့်ချီးမြှောက်ကြပါသည်။ မိတ်သဟာယရဖွဲ့ခွင့် ရပြီး ကိုယ်တော်ရှင်ကျွန်တော်အား တံခါးဖွင့်ရသောအခွင့်ရသည့်အတွက် ကျေးဇူးတင်ပါသည်။ စီးပွားရေးသမားများ အားဖြင့်.... ကျွန်တော်မယုံကြည်သည့်အကြောင်းကို အမြဲတမ်းကျေနပ်ပါသည်။....ဂိုဏ်းဂဏများစွာရှိသော လူများကို ကျွန်တော်ယုံကြည်ပါ သည်။ အကြောင်းမှာ တစ်ဦးစီးက မိမိ၏ပတ်လည်တွင် ခြံစည်းရိုးကာနေခြင်းကြောင့်ပင် ဖြစ်ပါသည်။ ဤကဲ့သို့ပင် ဖြစ်သည်။ ...Bro.David ပြောဆိုသကဲ့သို့ ဘဲကလေးများမွေးမြူကြသည့်အကြောင်းဖြစ်ပါသည်။ မြစ်ထဲတွင် ဘဲကလေးတစ်ကောင်နှင့် တစ်ကောင်မိတ်သဟာယဖွဲ့လိုသော်လည်း မဖွဲ့နိုင်ပါ။ အကြောင်းမှာ ခြံစည်းရိုးကာထားခြင်း ကြောင့် ဖြစ်သည်။ မြစ်ရေတက်ပြီး မြင့်မားလာသောအခါ ဘဲကလေးများမြင့်တက်လာပြီး ကျွန်တော်လည်း ထိုသို့ပြုလုပ်မည့် နည်းလမ်းများကို သုံးရမည်ဟု ထင်ပါသည်။ ရေတက်လာပါသည်။ ကျွန်တော်တို့ ခြံစည်းကို ကျော်၍ တစ်ဦးနှင့်တစ်ဦး မိတ်သဟာယဖွဲ့နိုင် ကြပြီးဖြစ်သည်။ ခရစ်တော်၏ စစ်မှန်သောမေတ္တာ ကျွန်တော်တို့စိတ်နှလုံးထဲတွင် ရှိပါသည်။

12 ၁၂။ Full GospelBusiness Men မှာကျွန်တော်အတွက် အိုအေစစ် ကလေးကဲ့သို့ပင် ဖြစ်ပါသည်။ အကြောင်းမှာ အကြိမ်ပေါင်းများစွာ ကျွန်တော်ညီအစ်ကိုများ ကောင်းမွန်စွာ တွေ့ခဲ့ကြရပါသည်။ ကျွန်တော်ကြုံတွေ့ခဲ့ရသော ဂိုဏ်းဂ ဏတိုင်းမှာပင် ဖြစ်ပါသည်။ ပရက်စ်ပတေးရီးယန်း လူသာရင်နှစ်ခြင်း ပင်တေကုတ္တ ပင်တေကုတ္တေပုံစံမျိုးစံ ဘုရားသခင်၏ အသင်းတော် နှင့် နာဇရင်းများ Pilgrim Holiness နေရာတိုင်းမှာ ညီအစ်ကိုကောင်းများ ဖြစ်ကြပါသည်။ သို့သော်လည်း အကြိမ်ပေါင်းများစွာ သူတို့၏ အသိုင်းအဝိုင်းထဲတွင် ကျွန်တော်ကို လက်မခံနိုင်ကြပါ။ အကြောင်းမှာ ...သူတို့မယုံကြည် သောကြောင့် မဟုတ်ပါ။ သူတို့၏ ဂိုဏ်းဂဏထဲမှ ဖြတ်တောက်ခံရမည် ဖြစ်သောကြောင့် ဖြစ်ပါသည်။ သင်ထိုသို့ ပြုလုပ်ပါက ထိုသို့ပင် ဖြစ်ပါသည်။ သိပ်မကြာသေးမီကာလက မက်သဒစ်ညီအစ်ကိုတစ်ဦး ကျွန်တော်ထံရောက်လာပါသည်။ ကျွန်တော် အမည်ကို မပြောတော့ပါ။ သူသည်လူကြီးလူကောင်းတစ်ဦးပင် ဖြစ်ပါသည်။ အနာရောဂါငြိမ်းစေခြင်းအကြောင်း သူက ကျမ်းပြုစုနေသူ ဖြစ်ပါသည်။ ကျွန်တော်ထံရောက်၍ စကားပြောပါသည်။ ကျွန်တော်တို့ထ်ိုင်၍

ခဏကြာစကားစမြည် ပြောကြပါသည်။ သူ့အပြောမှာ 'ခင်ဗျားကို ကျွန်တော်တို့ ဆန့်ကျင်ရသည်အကြောင်းမှာ ခင်ဗျားတချိန်လုံး ပင်တေကုတ္တေတွေအကြောင်းဘဲ ပြောဆိုနေလို့ပါဘဲ' ဟူ၍ ဖြစ်သည်။

ကျွန်တော်က 'ဒါဆိုရင် မက်သဒစ်အသင်းကို တာဝန်ယူခိုင်းပါ။ ကျွန်တော်လာခဲ့ပါမယ်။' မတူတော့ပါ။ သူက 'ကျွန်တော်ကတော့ မက်သဒစ်အသင်းတော်က မဟုတ်ပါဘူး။ သူတို့နဲ့ဆိုင်လို့ပါဘဲဟု ပြောသည်။' ဗျာဒိတ် ၃း၂၀

'ထိုအရာပင်ဖြစ်ပါသည်။' ဟု ကျွန်တော်က ဆိုသည်။ သူတို့သာလျှင် ဖြစ်သည်။ သူတို့သာလျှင် ပင်တေကုတ္တေများသာလျှင် သူတို့၏ တံခါးကို ဖွင့်သောသူများဖြစ်ကြပါသည်။ 'ကျွန်တော်ရောက်နိုင်သောသူ ဖြစ်ပါသည်။' များနိုင်သမျှ များအောင်ဖွင့် ပေးပါက ကျွန်တော်တို့မှာ ဝင်လာရန်အဆင်သင့် ဖြစ်ပါသည်။ (ဗျာဒိတ် ၃)တွင်ဖော်ပြထားသကဲ့သို့ပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်က 'ငါသည်တံခါးရှေ့မှာ ရပ်၍ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့။ ထိုသူ ရှိရာသို့ငါဝင်၍ သူနှင့်အတူစားသောက်မည် ငါသည်လည်း သူနှင့်အတူစားသောက်ရလိမ့်မည်ဆိုသည်။ သခင်ယေရှုက ပြောဆိုခြင်းပင် ဖြစ်ပါသည်။ ခရစ်တော်ဖြစ်ကြောင်း ကျွန်တော်အားလုံးသိကြပါသည်။ ကိုယ်တော်ရှင်သည် နှုတ်ကပတ် တော်ပင် ဖြစ်ပါသည်။ မှန်သည်။ ကိုယ်တော်ရှင်သည် နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။'

13 ၁၃။ ထိုကြောင့် Full Gospel Business Men မှာ အိုအေစစ်ကလေးကဲ့သို့ဖြစ်၍ ကျွန်တော်တို့ အတူတကွ စုရုံးနိုင်ကြ ပါသည်။ မည်သည့်အသင်းတော်ကမျှ တာဝန်မယူကြပါ။ သူတို့အားလုံးအတူတကွ အသင်းတော်များ၏ ပြင်ပမှလူများ အတူတကွ မိတ်သဟာယဖွဲ့စုရုံးကြသည်။ ကမ္ဘာတဝှမ်းလုံး နေရာတိုင်းတွင် ဖြစ်ပါသည်။ Full Gospel Business Men ၏ ကမ္ဘာတဝှမ်းရှိ နေရာတိုင်းတွင် ကျွန်တော်က ကူညီပြီးများပြားစွာ ဆောင်ရွက်ခဲ့ခြင်းများ ရှိပါသည်။ ထိုအခွင့်အရေးရှိခြင်း ကြောင့် ကျွန်တော်ကျေးဇူးတင်ပါသည်။ ထိုအထဲတွင် Business Men များက တာဝန်ယူကြပါမည်။ ထို့အတူ အသင်းတော် အားလုံးလည်းပါဝင်မည် ဖြစ်ပါသည်။ သူတို့လာလိုကြပါသည်။ သူတို့အသင်းတော်မှ တစုံတယောက်ကို ကျွန်တော်ဆွဲ မထုတ်လိုပါ။ မိမိအသင်းတော်တွင်သာ မိမိနေပြီး အလင်းဖြစ်စေပါ။ စစ်မှန်သော ခရစ်ယာန်ဖြစ်ပါ။ သင်၏သင်းအုပ်ဆရာက သင့်ကို ချီးကျူးပါလိမ့်မည်။ ဤနေရာမှာရှိသောညီအစ်ကို သူ့ဇနီးနှင့်ဤအသင်းတော်ကို ကြီးထွားပါစေ။ ဘုရားသခင်၏ ကောင်းကြီး မင်္ဂလာကို ခံစားရပါစေ။ သခင်ခရစ်တော်ဒုတိယအကြိမ် ကြွလာတော်မမူမီတိုင်အောင် လူရာပေါင်းများစွာ ထို ကယ်တင်ရာ ဘုရားသခင်၏ လက်တော်ထဲတွင် တန်ဆာပလာဖြစ်ပါစေ။ ကျန်အသင်းတော်များမှ ပုဂ္ဂိုလ်များ (သို့) ကိုယ်စားလှယ်များလည်း ထိုနည်းတူ ကောင်းကြီးဖြစ်ပါစေ။

14 ၁၄။ ဆာလံကျမ်းတွင်...ယနေ့ညအမှန်တကယ်ပင်ထူးခြားသော ဘာသာရပ်တခုအကြောင်းကို ကျွန်တော်ခဏလေး ပြောဆိုလိုပါသည်။ ကျမ်းချက်အချို့ ဤနေရာမှာ ကျွန်တော်ရေးချထားပါသည်။ ကျွန်တော် စဉ်းစားမိသည် မှာလည်း ထိုယနေ့ည ကျွန်တော်ထူးခြားသည့်အရာတခုအကြောင်း ပြောဆိုပါမည်။ သို့သော် လည်း အချိန်ကုန်သွားသည်ကိုကြည့်ပါ။ အဘယ် ကြောင့်နည်း။ ကျွန်တော်ကြာကြာမနေလိုပါ။ထို့ကြောင့် ကျော်လိုက်ပြီးကျမ်း ချက်များများ ပိုယူလိုက်ပါသည်။ 'The Rapture' အကြောင်းကို ကျွန်တော်ပြောလိုပါသည်။ အသင်းတော်ရုပ်သိမ်းခြင်း ရှိမည်ကို ကျွန်တော်တို့ယုံကြည်ကြပါသည်။ ခရစ်ယာန်များ အားလုံးသိကြပါသည်။ သမ္မာကျမ်းကို ဖတ်သူတိုင်း အသင်းတော်အသင်းတော်ရုပ်သိမ်းခြင်းအကြောင်းကို ယုံကြည်ကြပါသည်။

15 ၁၅။ ယခုဖတ်ရှုရမည့်အရာမှာ...နောက်ခံသမိုင်းဖြစ်၍ ကျွန်တော်တို့ (ဆာလံ ၂၅)ကိုဖတ်ပါမည်။ ကျွန်တော်တောင်းပန် ပါတယ်။ (ဆာလံ ၂၇း၁-၅) အထိဖြစ်ပါသည်။

'ထာဝရဘုရားသည် ငါ၏အလင်း၊ ငါ့ကို ကယ်တင်သောအရှင် ဖြစ်တော်မူ၏။ ငါသည် အဘယ်သူကို ကြောက်ရမအံ့နည်း၊ ထာဝရဘုရားသည် ငါ၏အသက်ခိုလှုံရာ ဖြစ်တော်မူ၏။ ငါသည် အဘယ်သူကိုကြောက်လန့်ရအံ့နည်း၊ ငါ့ကို အငြိုးထားသော ရန်သူလူဆိုးတို့သည် ငါ့အသားကို ကိုယ်စားမည်ဟုလာကြသောအခါ ခြေတိုက်မိ၍လဲကြ၏။' ငါ့တဖတ်၌တပ်ချကြသော်လည်း ထိုအမှုတွင်ပင် တည်ကြည်သော စိတ်ရှိလိမ့်မည်။ ထာဝရ ဘုရား၏ တင့်တယ်ခြင်း အသရေတော်ကို ဖူးမြင်၍ ဗိမ္မာန်တော်၌ မေ့လျော်ခြင်းအလို့ငှာ ၊ ထာဝရဘုရား၏ အိမ်တော်မှာ တသက်လုံးနေရမည် အကြောင်းတည်းဟူသော အခွင့်တခုကို ထာဝရဘုရား၌ ငါဆုတောင်းပြီး ၊ ထိုအခွင့်ကို ရှာရဦးမည်။ အကြောင်းမူကား အန္တရာယ်ရောက်သည့်ကာလ၊ တဲတော်တွင် ငါကို ကွယ်ကာတော်မူမည်။ ဗိမ္မာန်တော်အတွင်း အရပ်၌ ငါ့ကိုဝှက်ထား တော်မူမည်၊ ကျောက်ပေါ်မှာလည်း ငါ့ကို တင်ထား တော်မူမည်။ '

သူ၏နှုတ်ကပတ်တော်ကို ဖတ်ခြင်းအားဖြင့် ကိုယ်တော်ရှင်သည် ကောင်းကြီးပေးတော်မူပါစေ။

16 ၁၆။ ယနေ့ ဤဘာသာရပ်အကြောင်း ပြောဆိုသည့်အခါ.... သင်တို့အချင်းချင်းတူညီမှုရှိကြမည်မဟုတ်ပါ။ ကျွန်တော်၏ ယူဆချက်နှင့် ခြားနားပေမည်။ သို့သော်လည်း အသင်းတော် ရုတ်သိမ်းခြင်း ရှိမည်အကြောင်းကို သမ္မာကျမ်းစာ သွန်သင် ထားကြောင်း ဤနေရာမှာ သင်တို့ဘယ်နှစ်ယောက် ယုံကြည်ပါသနည်း။ ဟုတ်ပါတယ်ဆရာ ၊ မှန်ပါတယ်။ အသင်းတော် ရုတ်သိမ်းခြင်းပင်ဖြစ်ပါသည်။ သင်သည် မတ်သဒစ်၊ နှစ်ခြင်း၊ ပရက်စပတေးရီးယန်း သို့မဟုတ် သင်ဘယ်သူဘဲ ဖြစ်နေပါစေ၊ ပင်တေကုတ္တေဖြစ်စေ၊ ရုတ်သိမ်းခြင်း ရှိပါသည်။ စကားပြောသည့်အခါ ကျွန်တော်စဉ်းစားမိသည်မှာ တစုံတခု ပြောဆိုရန် အတွက် ကျွန်တော်လူအများကို နှစ်သက်စေရန်ပင် ဖြစ်ပါသည်။ ကျွန်တော်ထိုအရာနှင့် ပတ်သတ်၍ ဘယ်တော့မှ အပြစ် မရှိပါ။ ကျွန်တော် ဤနေရာမှာ မတ်တပ်ရပ်၍ တစုံတခုကို ကျွန်တော်ခံစားရသည့်အတိုင်းပြောလိုပါသည်။ သင့်အတွက် အထောက်အကူဖြစ်စေမည့်အရာ ပြောလိုပါသည်။ ဘုရားနှင့် ပတ်သတ်သည့် သင်၏အတွေ့အကြုံ ပိုမိုရင့်ကျက်လာမည် ဖြစ်ပြီးသင်ခရစ်ယာန် မဖြစ်သေးပါက သင်ကိုပြန်၍ သိပြီး ခရစ်ယာန်ဖြစ်လာစေရန်ပင် ဖြစ်ပါသည်။ ထိုရည်ရွယ်ချက်ဖြင့် ကျွန်တော် အမြဲတမ်း ကိုယ်တော်ရှင်လမ်းပြမည့်အတိုင်း ကျွန်တော်၏ အတွေးများကို ထားရန်ပင် ဖြစ်ပါသည်။

17 ၁၇ ။ ကျွန်တော်တို့အား သတိပေးခြင်းခံရသည်မှာ ဤနောက်ဆုံးသောကာလတွင် ဩဝါဒများမှာ ပျက်ရယ်ပြုခြင်းခံ ရမည် ဖြစ်ပါသည်။ သင်လုပ်လိုပါက ....တစ်မိနစ်ခန့် ကျွန်တော်တို့ ဖတ်ကြပါစို့။ (၂ပေ ၃ း ၃-၄) ဖတ်ပါမည်။ မှန်မမှန် ကြည့်ကြ ပါစို့။ ရှေ့ဦးစွာ သိမှတ်အပ်သော အရာဟူမူကား ၊ နောက်ဆုံးသော ကာလ၌ ပြတ်ရယ်ပြုတတ်သော သူတို့သည် မိမိတို့တပ် မက်ခြင်း၊ အတိုင်းကျင့်နေ၍ သခင်ဘုရား ကြွလာမည်ဟူသော ဂတိတော်သည်။ အဘယ်မှာရှိသနည်း။ ဘိုးဘေးများ အိပ်ပျော်သည့်နောက်၊ ခပ်သိမ်းသော်အရာတို့သည် ဖန်ဆင်းစက ဖြစ်သကဲ့သို့ ဖြစ်မြဲဖြစ်ကြ၏ဟုဆိုလျက် ကဲ့ရဲ့ခြင်းနှင့်တကွ ပေါ်လာကြလိမ့်မည်။ ရှေးကာလ၌ မိုးကောင်းကင်ကိုင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဖြစ်စေတော်မူကြောင်းနှင့် ဖြစ်ဘူးသောလောကဓာတ်ကို ထိုသို့အားဖြင့် ရေနှင့် လွှမ်းမြုပ်၍ ဖျက်စီးကြောင်းကို ထိုသူတို့သည် မှတ်မိချင်သော စိတ် မရှိကြ။

18 ၁၈။ ဤအကြောင်းအရာကို အထူးအလင်းတရားပေး၍ ဖော်ပြမည့်အကြောင်း ကျွန်တော်တို့သိကြပါသည်။ အကြောင်း မှာ ပရောဖက်ပြောဆိုသကဲ့သို့ နောက်ဆုံးသောနေ့ရက်များမှာ ဤအကြောင်းအရာများနှင့် ပတ်သက်၍ သရော်လှောင် ပြောင်သူများလာသောကြောင့် ဖြစ်သည်။ ကြိုတင်ဖော်ပြခြင်းခံရသောအရာပင် ဖြစ်ပါသည်။ ယနေ့လူများ၏ လှုပ်ရှားမှုအ ကြောင်းရင်းမှာ သူတို့လှုပ်ရှားသည်နည်းတူ ဖြစ်သည်။ ....သင်တို့မျော်လင့်သည့်အတိုင်းဖြစ်ပါသည်။ ‘နောက်ဆုံး သောနေ့ရက်များတွင် သူတို့သည် ခေါင်းမာကြသည်။ စိတ်နေသဘောထားဘဝင်မြင့်သည်။ ဘုရားကို ချစ်သည်ထက် လောကပျော်ပါးမှုများကို ခုံပင်ကြသည်။ ငြိမ်းချမ်းရေးကို ဖောက်ဖျက်သည်။ မတရားစွပ်စွဲ ပြောဆိုတတ်သည်။ စိတ်မထိန်း ချုပ်နိုင်သူများဖြစ်ကြသည်။ ကောင်းမြတ်သူများကို ဂရုမစိုက်သူများဖြစ်ကြသည်။ ဘုရားတရားမြဲသည့်ပုံပေါ်၍ တကယ်တမ်း ဘုရားနှင့် မွေ့လျော်ခြင်းတန်းခိုးကို ငြင်းပယ်သည်။ သမ္မာတရား၏ပုံဖော်မှုကို ကျွန်တော်တို့ ကြည့်နိုင်ပါသလား။ သိန်ို်ုင်ပါ သည်။

19 ၁၉။ မောရှေက အီဂျစ်နိုင်ငံသို့ ဆင်းသွား၍ ဣသရေလ သားသမီးများကို ကယ်တင်သောအခါ သက်သေအဖြစ် သူ လက်ထဲတွင် တောင်ဝှေးတစ်ချောင်းသာ ရှိသည်။ နောက်ကွယ်မှာ ကောင်းကင်ဘုံရှင်အဖ ဘုရားသခင်သာ ရှိပါသည်။ အံ့ဖွယ်နိမိတ်ကွဏာကို သူက ပြုလုပ်ပါသည်။ သူကို တု၍ လိုက်လုပ်သောသူများလည်း ရှိပါသည်။သူတို့က သူပြုလုပ်သ ကဲ့သို့ လိုက်၍ပြုလုပ်ကြပါသည်။ သူပထမဆုံး ပြုလုပ်ပြီးနောက် သူက ဒုတိယမြောက်လိုက်လုပ်ကြပါသည်။ ၎င်းနောက် သူတို့ လိုက်လာကြပါသည်။ အကြောင်းမှာ သူတို့ ပြုလုပ်ခဲ့သည့်အရာကို လိုက်တုခြင်းဖြစ်သည်ကို ကျွန်တော်တို့ သိရှိရပါသည်။ ယခုအခါမှာ သင်ကပြောပါသည်။ ‘မောရှေ၏ နေ့ရက်ကာလများကဲ့သို့ ဖြစ်ပါသည်။ သို့သော်လည်း အလားတူ ကျမ်းချက်က ပင်ဆိုပါသည်။ သူတို့သည် နောက်ဆုံးသောနေ့ရက်များတွင် တဖန်လာကြဦးမည်ဖြစ်ပါသည်။ ’ jannes နှင့်jambres က မောရှေကို အံ့တုသကဲ့သို့ ဤလူများကလည်း သမ္မာတရားနှင့် ပတ်သတ်၍ အတိုက်အခံစိတ် ပြင်းထန်လှပါသည်။ လိုက်လံ့တုပခြင်း အမျိုးမျိုး ၊ လူအများဒေါသထွက်စေရန် ပြုလုပ်သည့် အရာ နည်းမျိုးစုံပင်ဖြစ်ပါသည်။ ဤအသင်းတော် ရုတ်သိမ်းခြင်း ရောက်လာပါက.... ဘုရားသခင်ကသူ၏ နှုတ်ကပတ်တော်နှင့်အညီ ရှိနေသော ဘယ်အရာမဆို အမြဲတမ်းပင် တစုံတရာ ထွက်ပေါ်လာ၍ ဖြစ်နိုင်လျှင် သူတို့က ဒေါသထွက်စေသည့် အရာများဖြစ်ပေါ်လာ စေမည်။ ထိုသို့ ပြုလုပ်ရန် စာတန်၏ ရည်ရွယ်ချက်ပင်ဖြစ်သည်။ los vegas ရှိ စည်းဝေးပွဲတွင်ရှိသော ညီအစ်ကိုတစ်ဦး ပြောသကဲ့သို့ ‘စာတန်က ဤ ကမ္ဘာလောကကြီးကို သူပိုင်ဆိုင်ကြောင်း၊ သူ၏ဌာနချုပ်လည်းဖြစ်ကြောင်း ’ ပြောဆိုပါသည်။ စာတန်သည် ဤလော ကကြီး၏ ဘုရားဖြစ်ကြောင်း ကျွန်တော်သိပါသည်။ စာတန်သည် ကောင်းကင်အောက်ရှိ နိုင်ငံတိုင်း ကို သူကထိန်း ချုပ်ပါသည်။ ဤကမ္ဘာလောကကြီးကို စာတန်ကပိုင်ဆိုင်ပါသည်။ သို့သော်လည်း ယေရှုပြန်သိမ်းပိုက်မည် ဖြစ်ပါသည်။ စာတန်က ကိုယ်တော်အား အပ်ရမည် ဖြစ်သည်။ ကိုယ်တော်ရှင်က ငြင်းပယ်ခဲ့သည်။ ကိုယ်တော်ရှင် မိန်တော်မူ သည်မှာ နောင်လာမည့် ကာလ တွင် သူက အမွေခံဖြစ်မည့်အကြောင်းသူသိနေသောကြောင့်ဖြစ်ပါသည်။

20 ၂၀။ လှောင်ပြောင်ကဲ့ရဲ့သူများ scoffers များနှင့် ပတ်သတ်၍ ထိုစကားလုံး တလုံးတည်းကို အချိန်အနည်းငယ်ယူ၍ ရှေ့ဆက်မသွားဘဲ လေ့လာကြပါစို့ ။ လှောင်ပြောင်ကဲ့ရဲ့ သူများ scoffers ကျွန်တော် သတင်းစာတစောင်ကို လွန်ခဲ့သော နှစ်ပတ်ခန့်က Tucson မြို့တွင် ဖတ်နေစဉ်အခါ အင်္ဂလန်နိုင်ငံမှ အင်္ဂလိပ်လူမျိုး တစ်ဦးက အောက်ပါအတိုင်း ရေးသားထား သည်ကို တွေ့ရပါသည်။ သတင်းစာခေါင်းကြီးပိုင်းတွင် ပါလာပါသည်။ သခင်ယေရှုခရစ်ကို ကားတိုင်တင် သတ်ကြခြင်းမှာ ပိလတ်မင်းနှင့် ယေရှုခရစ်အကြား တမင်ဖန်တီးခြင်းသာ ဖြစ်သည်ဟု ဆိုထားသည်။ ကိုယ်တော်ရှင်က မိမိကိုယ်ကို တစုံတရာ ပြုလုပ်လိုခြင်းကြောင့်သာ ဖြစ်သည်။ ကိုယ်တော်ရှင်နှင့် ပတ်သတ်၍လည်း ကျွန်တော်တို့ ဘာမှ မလုပ်နိုင်ပါ။ အကြောင်းမှာ ဘုရားသခင် အရာအားလုံးကို ယုံကြည်ခြင်းဖြင့်သာ လက်ခံရမည်။ ကျွန်တော်တို့ ယုံကြည်ရပါမည်။ သူကရှေ့ သို့ တိုးသွား၍ မည်သို့ ပြုလုပ်နိုင်မည်ကို ဖော်ပြထားပါသည်။

21 ၂၁။ မကြာသေးမီကာလက အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ဂျွန်ဝက်စလီနှင့် ချားလ်ဝက်စလီ ဆိုသော တရားဟော ဆရာကြီးနှစ်ဦး ဟောပြော ခဲ့ဘူးပါသည်။ ဈေးထဲတွင် spurgeon နှင့် သူတို့ ဧဝံဂေလိတရားကို နေရာအနှံ့ဟော ပြောခဲ့ကြပါသည်။ သူတို့ခေတ် သူတို့ကာလက သတင်းစကားကို သူတို့ခေတ် သူတို့ကာလက သတင်းစကားကို သူတို့ဟောပြော၍ ယနေ့မည်သို့ဖြစ်သည် ကိုကြည့်ပါ။ ယနေ့ Bro. Willion တို့ရောက်နေသောနေရာပင် ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အနိမ့်ကျဆုံးနိုင်ငံများထဲတွင် တစ်နိုင်ငံလုံးအပါအဝင် ဖြစ်ပါသည်။ ကျွန်တော်ကမ္ဘာတစ်ဝှမ်းလုံး ရောက်ခဲ့ဖူးပါသည်။ သို့သော်လည်း အင်္ဂလန်နိုင်ငံလောက် ဥပဒေမဲ့သော နိုင်ငံမျိုးမတွေ့ခဲ့ဘူးပါ။ ဘီလီဂရေဟမ်ကလည်း ထိုကဲ့သို့ပင် ပြောခဲ့ပါသည်။ သူ၏ဇနီးသည်ကို ပန်းခြံမှ ခေါ်ခဲ့ပါသည်။ ဘီလီဂရမ်ဟမ်ကလည်း အင်္ဂလန်နိုင်ငံလောက် ဥပ ဒေမဲ့သော နိုင်ငံမျိုးမတွေ့ခဲ့ဘူးပါ။ ဘီလီဂရမ်ဟမ်ကလည်း ထိုကဲ့သို့ပင် ပြောခဲ့ပါသည်။ သူ၏ ဇနီးသည်ကို ပန်းခြံမှခေါ်ခဲ့ ပါသည်။ ပန်းခြံများထဲတွင် အမျိုးသားနှင့် အမျိုးသမီးများ၏ အပြုအမူများမှာ လူမြင်ကွင်းတွင် မဖွယ်မရာဖြစ်ပါသည်။ ကျွန်တော်အင်္ဂလန်နိုင်ငံသို့ ရောက်ခဲ့စဉ် တချိန်ကကမ္ဘာတခုလုံးကို ပြောင်းလဲစေရန် ပြုလုပ်နိုင်ခဲ့သော နိုင်ငံကြီးမှာ ယခုအ ခါမှာ ဖြစ်ပျက်နေပုံနှင့် ယှဉ်လိုက်လျှင် ကျွန်ုပ်၏ စိတ်နှလုံး အလွန်ပင်ကြေကွဲ ဝမ်းနည်းဖွယ်ရာ ဖြစ်ရပါသည်။ မည်သို့ကျဆုံးနိုင်ကြောင်း ဖော်ပြခြင်းပင် ဖြစ်ပါသည်။ သင်သည် ဘာဖြစ်သည်ကို သိပါလိမ့်မည်။ ထွက်ပေါ်လာသော သတင်းစကားပင် ဖြစ်ပါသည်။ အင်္ဂလိပ်လူမျိုးများက ယနေ့ကာလအတွက်

ထိုသတင်းစကားကိုပင် ဟောပြောနေကြဆဲ ဖြစ်သည်။ ယနေ့ကာလတွင် မဖြစ်နိုင်တော့ပါ။ မဖြစ်နိုင်တော့ပါ။

22 ၂၂။ မည်သို့ဆိုစေကာမူ...မောရှေက နောဧ၏သတင်းစကားကို ယူဆောင်လာ၍ ဟောပြောပါက ဘာဖြစ်ပါမည်နည်း။ ငါတို့သဘော်ကြီး တစင်းဆောက်လုပ်၍ နိုင်းမြစ်တလျှောက် စုန်ဆင်းကြမည်လား။ ဘာမှမဖြစ်ပါ။ သခင်ယေရှု၏ သတင်းစကား သည် ထိုနည်းတူ ဖြစ်ပါသည်။ မောရှေက ဟောပြော၍မရပါ။ ဝက်စလီ၏ သတင်းစကားကို လူသာဟောပြော၍ မရပါ။ ဝက်စလီ၏ သတင်းစကားကို လူသာဟောပြော၍ မရသကဲ့သို့ လူသား၏သတင်းစကားကိုလည်း ဝက်စလီက ဟောပြော၍မရပါ။ ယနေ့ကျွန်တော်တို့၏ နောက်ဆုံးကြီးမားမှုကြီး ပြောင်းလဲမှုမှာ ပင်တေကုတ္တေပင် ဖြစ်ပါသည်။ ယနေ့ထိုအရာမှာ ပြောင်းရွှေ့၍ ပင်တေကုတ္တေသတင်းစကားမှာ ဤအရာနှင့် ရောနှော၍မရပါ။ အကြောင်းမှာ ၎င်းသည် အခြားနေ့အရာ ဖြစ်သောကြောင့် ဖြစ်ပါသည်။ အာလုံးမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ တည်ဆောက်နေခြင်းပင် ဖြစ်ပါသည်။ ခြေများ၊ လက်များကဲ့သို့ တက်လာပြီး အသင်းတော်ရုတ်သိမ်းခြင်းအတွက် သတို့သမီးကိုပုံ ဖော်နေခြင်းဖြစ်ပါသည်။ နောက်မှာရှိသော သူများနှင့် အစားမထိုးပါနှင့်။ သူတို့၏ သတင်းစကားအတိုင်း သူတို့အသက်ရှင်နေခြင်း ဖြစ်ပါသည်။ ဂျုံပင်မှနေ၍ အသက်ပေါ် ထွက်လာသကဲ့သို့ပင် ဖြစ်ပါသည်။ ဂျုံကို ချန်ထားခဲ့ပြီးဂျုံသည် မိမိဘာသာပုံပေါ်လာပါသည်။ မြေပေါ်သို့ကျသော ဂျုံဆန်ကဲ့သို့ ဖြစ်ပါသည်။

23 ၂၃။ သိပ်မကြာသေးမီကာလက ကျွန်တော်သည် ဂျာမနီတစ်ဦးရေးသားသော စာအုပ်တအုပ်ကို ဖတ်ရှုလေ့လာရပါသည်။ သူက ဝေဖန်သည့်အနေနှင့် ရေးသားပြောဆိုထားပါသည်။ 'အစွန်းရောက်သမားများ အားလုံးထဲတွင် ဝီလျံဘရမ်ဟမ်က ထိပ်ဆုံးမှ ပါဝင်ပါသည်။' သူဆက်လက်၍ 'သူကဘာမှမဟုတ်ပါ။...မျက်လှည့်ဆရာသာ ဖြစ်ပါသည်။...' ထိုသူမှာဘာမှမသိ ပါ။ ...လူသားမှာ ဝေဖန်တတ်သူ ဖြစ်ပါသည်။ သူသည်ဘုရားကို ယုံကြည်သူမဟုတ်ပါ။ သူ၏အဆိုအရာ 'မျက် မှောက်ခေတ် တွင် တည်ဆောက်နိုင်သော ဘုရားသခင်က သူ၏ ဗိုက်ကိုလက်ဖြင့် ပတ်ချည်ထားပါသည်။' ခရစ်ယာန်တစုကို မိခင်များ ဖြစ်သောကြောင့် ဟာသလုပ်ကြပါသည်။ သူ၏တပည့်များကလည်း ကလေးငယ်နှင့် မိခင်များဖြစ်ကြ၍ ခြသေ့်စာ ကျွေးခြင်း ခံရပါသည်။ လက်ကလေးတချောင်းပင် မကျန်တော့ဘဲ အစားခံကြရပါသည်။ ဇာတိစိတ်ဘယ်မှာရှိသည်ကို သင်တွေ့မြင် ပါသည်။ ပညာရေးနှင့် အရာဝတ္တုများက ရုပ်ပါရုံများကို မရရှိနိုင်ဘဲ ဖြစ်ပါသလား။

24 ၂၄။ ဂျုံနှံသည် မြေကြီးပေါ်သို့ကျရန် လိုအပ်ပါသည်။ သခင်ယေရှုသည် သေ၍တဖန်ပြန်လည်ပြီး ထမြောက်ရပါမည်။ ပင်တေကုတ္တေအသင်းတော်မှာလည်း ကျဆုံးရန်လိုအပ်ပါသည်။ မြေကြီးထဲသို့ ဝင်ရောက်သွားရပါသည်။ အမှောင်ထဲတွင် ကျရောက်၍ အပင်ပေါက်ရပါမည်။ သို့သော်လည်း မာတင်လူသားတွင် စတင်၍ အပင်ပေါက်ရပါမည်။ သို့သော်လည်း မာတင် လူသားတွင်စတင်၍ အပင်ပေါက်လာပါသည်။ ဝက်စလီ၏ခေတ်ကာလတွင် ဖြတ်သန်းလာရပြီး ပင်တေကုတ္တေ ခေတ်ကာလ သို့ ရောက်လာပါသည်။ မျိုးစေ့သို့ ဆက်လက်၍ ထွက်ခွာသွားရပါသည်။ ဂိုဏ်းဂဏစနစ်များမှာလည်း နောက်တွင် ကျန်ရစ်ခဲ့ ပါသည်။ သူတို့သည်ရိုးတံများ ဖြစ်ကြပါသည်။ မီးရှို့ဖျက်ဆီးပစ်ရပါမည်။ ဂိုဏ်းဂဏစနစ်ပင် ဖြစ်ပါသည်။ သို့သော်လည်း စစ်မှန်သော ဂျုံမျိုးစေ့သည် ဤပြုပြင်ပြောင်းလဲရေးမှ ထွက်ပေါ်လာခြင်းဖြစ်၍ သတိုးသမီးအထဲတွင် ရုတ်သိမ်းခြင်းခံရပါမည်။ သူတို့က အားလုံးသတိုးသမီး ဖြစ်လာပါမည်။

25 ၂၅။ အင်္ဂလန်နိုင်ငံတွင် ကျွန်တော်တို့ တွေ့ရသောအချက်မှာ လက်ဝါးကားတိုင်ကို သူတို့က အတုယူကြသည်မှာ သိပ် မကြာသေးပါ။ ထိုသူအုပ်စုမှာ လူငယ်များက ဆံပင်ရှည်၍ လျှောက်သွားကြသည်။ ....သခင်ယေရှုကို 'ဒယ်ဒီ-ဦး' ဟုခေါ်ကြသည်။ မကောင်းသောအရာပင်ဖြစ်သည်။သင်ကပြောပါလိမ့်မည်။ 'အဲဒါအင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှာ ဘဲဖြစ်ပါ တယ်။" အမေရိကန်နိုင်ငံတွင် ပြီးခဲ့သောအပတ်က သတင်းစာထဲတွင်ဘာပါသည်ကို ကြည့်ပါ။ ကျမ်းစာကျောင်းကြီးမှ ဒေါက်တာကြီး အချို့က ကာတိုင်ပေါ်တွင် အသေခံခြင်းမှာ ဟန်လုပ်ခြင်းသာဖြစ်သည်။ သခင်ယေရှုက မိမိကိုယ်မိမိ အိပ် ဆေးရေကို သောက်ခြင်းသာဖြစ်သည်။ ....ကမ္ဘာဦးကျမ်းတွင်ပြောထားသည့်အရာကိုတွေ့ရပါသည်။ ရေမှိုကဲ့သို့သော ဆေးခြောက် မာရီဂျူးအဲနားဖြစ်သည်။ အရှေ့တိုင်းဒေသများတွင်တွေ့ရလေ့ရှိသည်။ သင်သောက်လိုပါက အိပ်ပျော်သွားစေပါ မည်။.... သေသကဲ့သို့ ဖြစ်သွားပါမည်။ မျောသွားပါမည်။ တချိန်တည်းမှာ နစ်ရက် (သို့) သုံးရက်ခန့်ကြာသွားပေမည်။

26 ၂၆။ သူတို့က သူအားပင်လယ်ရေမှိုတံတွေးနှင့် ပုံးရေကိုပေးသောအခါ ကိုယ်တော်ရှင်က မသောက်ပါ။ ဆေးခြောက်ပါ သောရေမှိုပင် ဖြစ်ပါသည်။ သူတို့က ကိုယ်တော်ရှင်အား ထိုသို့ သော ရေမှိုမျိုးကို ပေးခြင်းဖြစ်၍ သူကသွားပြီး သူအား အသေကောင်ကဲ့သို့ မြှုပ်နှံကြခြင်းပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်အား သချ[illegible]င်းဂူထဲတါင်ထည့်ကြသည်။ ထို့ဂူထဲမှာပင် ချထားခဲ့ကျသည်။ နှစ်ရက် သုံးရက်ခန့်ကြာသောအခါ ပြန်သွားကြည့်လျှင် ကိုယ်တော်ရှင်ပြန်၍ သတိရနိုထလာပြီဖြစ်သည်။ သူသည် အိန္ဒိယနိုင်ငံသို့ တက်သွား၍ တနေရာရာမှာ သာမန်သေဆုံးခြင်းမျိုးဖြင့် သေဆုံးခဲ့ရသည်။ ဘာသာတခုကို လှည့်ဖျားပြုလုပ်ရန် ကြိုးစားခြင်းဖြစ်သည်။ ....ပထမဦးဆုံး ပြောရလျှင် ဝေဖန်ခြင်းပင် ဖြစ်ပါသည်။ လူအများနှင့် ပတ်သက် ၍ သာဖြစ်ပါသနည်း။ ကျွန်တော်တို့ နေထိုင် အသက်ရှင်သော ဤနေ့မှာပင် လှောင်ပြောင် သူများက ပရောဖတ်ပြုချက်များ ကို ပြည့်စုံစေပြီး ဖြစ်သည်။

27 ၂၇။ ဘုရားသခင်က သူ၏နှုတ်ကပတ်တော်မြတ်ကို ခေတ်တခေတ်စီတိုင်းမှာ ဟောပြောခဲ့ပါသည်။ ဤခေတ်ကာလတခုစီ တွင် ၎င်းကို ဖော်ပြရပါသည်။ ထိုနှုတ်ကပတ်တော်ကို ပြည့်စုံစေရန်အတွက် သူကကြိုတင်၍ ရွေးချယ်ထားသူများကို ဘိသိတ်ပေးခဲ့ပါသည်။ သူ၏ နှုတ်ကပတ်တော်ကို ခွဲတမ်းချသောအခါတိုင်း သူကလူကိုလည်းခွဲတမ်းချ၍ ရွေးချယ်ခဲ့ပါသည်။ မောရှေ၏ အချိန်ကာလကို ခွဲတမ်းချသောအခါ မောရှေကိုသူက ခွဲတမ်းချ၍ ရွေးချယ်ခဲ့ပါသည်။ ကြိုတင်ဘိသိတ်ပေးခြင်း ဖြစ်ပါသည်။ သမ္မာကျမ်းစာဆိုသကဲ့သို့ ဘာမှမရှိ....ဘုရားသခင်သည်အကန့်အသတ်မရှိ တန်ခ်ိုး တော်နှင့် ပြည့်စုံ၍ တန်ခိုးကြီးမားပြီး နေရာတိုင်းတွင်ရှိခြင်း အရာခပ်သိမ်းကိုသိရှိခြင်းဖြစ်ပါတယ်။ အဘယ်ကြောင့် သူသည် အရာခပ်သိမ်းကို အစအဦးကတဲက သိရှိနေရပါသနည်း။ သူကသိမြင်ပါသည်။ ...ဘာမှထွက်ပေါ်မလာပါ။ ၎င်းကိုစဉ်းစား သည်မှာ ကျွန်ုပ်တို့သာ ဖြစ်ပါသည်။ အရာခပ်သိမ်းပြေးလွှာ၍...သူ၏နှုတ်ကပတ်တော်ကို ပြန်၍ ကြည့်ပါက ကိုယ်တော်ရှင် ဘာလုပ်သည်ကို တွေ့ရပါမည်။ ထိုအခါကျွန်တော်တို့ နားလည်မှုရှိလာကြပါမည်။

28 ၂၈။ စဉ်းစားကြည့်ပါ။ ထိုတရားဟောဆရာက စဉ်းစားမိပါက ရေမှိုနှင့်ပုန်းရည်ကို ကိုယ်တော်ရှင်၏ ပါးစပ်ထဲထည့်ပါက သူက ထွေးထုတ်လိုက်ပါသည်။ သူမျိုချသောက်သုံးခြင်းမရှိပါ။ လောင်ပြောင်သူများသာ သက်သက်ပေါ်ထွက်လာခြင်း ဖြစ်ပါ သည်။ နောက်အကြောင်းအရာတခုမှာ နာဇရက်မြို့သားယေရှုသည် မည်ကဲ့သို့ သူ၏အသက်တာမှာ ဓမ္မဟောင်း ပရော ဖက်ပြုချက်အတိုင်းကို ပြည့်စုံကိုက်ညီနေပါသနည်း။ မည်သို့ဖြစ်နိုင်ပါသနည်း။ ဘုရားသခင် ဘိသိက်ပေးခြင်းမရှိဘဲ မဖြစ်နိုင် ပါ။ ဓမ္မဟောင်းပရောဖက်ပြုချက်တခုစီနှင့် သူ၏အသက်တာကိုက်ညီမှု ရှိနေပါသည်။ နောက်တခု ထိုတပည့်တော်များ ကိုယ်တော်ကို လှည့်ဖျားပါက အဘယ်ကြောင့် တစ်ဦးစီမှာ မာတုရကဲ့သို့ အသေခံရပါသနည်း?။ တမန်တော်ကြီး ရှင်ပေ တရုက ပြောဆိုခဲ့သည်မှာ ‘ငါ၏ ဦးခေါင်းကို ပြောင်းပြန်ဇောက်ထိုးထားပါ။ ကိုယ်တော်ရှင်ကဲ့သို့ အသေခံရန် ငါနှင့်မထိုက် တန်ပါ’ ဟုဆိုသည်။ အန္ဒြေကိုလည်း ကြက်ခြေခတ်ကားတိုင်ပေါ်တွင် ရိုက်ထားပါသည်။ သူတို့တစ်ဦးစီမှ သူတို့၏ အစေခံ ချက်များကို သူတို့၏အတွေးများဖြင့် တံဆိပ်ခတ်ခဲ့ပါသည်။ သူတို့က ကိုယ်တော်ရှင်ကို ယုံကြည်ပါသည်။ ကိုယ်တော်ရှင်ကို ချစ်ပါသည်။ ကိုယ်တော်ရှင်အတွက် သူတို့၏အသက်များကို ပေးအပ်ကြပါသည်။ ကိုယ်တော်ရှင်သည် လှည့်ဖျားသူဖြစ်ပါက သူတို့မည်သို့ အစေခံနိုင်ပါမည်နည်း?။ ဝိညာဉ်ရေးရာအရ သင်ခန်းစာယူနိုင်ပါသည်။ လူအများက မရရှိနိုင်ပါ။

29 ၂၉။ သိပ်မကြာသေးမီကာလက အလွန်ကြီးမြတ်သော ကျမ်းတက်ပုဂ္ဂိုလ်တစ်ဦးက မောရှည်၏ ပင်လယ်နီကို ဖြတ်သန်း ခြင်းအကြောင်း ရေးသားခဲ့ပါသည်။ တကယ်တမ်းတဆိုလျှင် ရေမဟုတ်ပါ။ ရေသည်နံရံသို့ တက်မလာဟုဆိုသည်။ ပင်လယ် သေ၏အခြားတစ်ဖတ်တွင် ဒိုက်ပင်များနှင့်ပြည့်နေသော ပင်လယ်ကြီးတခုရှိသည်။ မောရှည်မှာ ထိုဒိုက်ပင်များသည် ရေပြင် ပေါ်မှ ကျော်ဖြတ်သွားခြင်းဖြစ်သည်။ အမှုတော်ဆောင်တော်တော်များများက ထိုစကားကို လက်ခံယုံကြည်ကြပါသည်။ သိပ်မကြာသေးမီက အာကာသသူရဲကောင်းကြီးတစ်သီးက ကမ္ဘာပေါ်သို့ တက်သွားပြီးပြန်လာ၍ ဘာမှမတွေ့ရကြောင်း ပြောပြပါသည်။ အမှုတော်ဆောင်များကိုလည်း ဆွဲဆောင်ခဲ့ပါသည်။ သူတို့က ဘုရားသခင်သည် အထက်အရပ် မိုင်ပေါင်း (၁၅၀) အကွာတွင်ရှိနေသည်ဟု ထင်မြင်ယူဆပါသည်။

30 ၃၀။ အဘယ်ကြောင့် ဤကမ္ဘာလောကကြီး၏ ပညာဂုဏ်အသိတရားက အသင်းတော်ကို စုတ်ပြတ်နေသော ပေါင်းပင်အတွေးကြီး ဖြစ်စေခဲ့သည်။ ပညာရေးနှင့် ပညာရေးစနစ်၊ သိပ္ပံပညာနှင့် လူယဉ်ကျေးမှု တိုးတက်မြင့်မားမှုတို့ပမှာ နတ်ဆိုးနှင့် သတ်ဆိုင်ပါသည်။ နတ်ဆိုး၏တိုးတက်သော လူနေမှုအဖွဲ့အစည်းဖြစ်ပါသည်။ သမ္မာကျမ်းစာမှ ဆိုထားခြင်းဖြစ်ပါ သည်။ ကျွန်ုပ်တို့၏ ယဉ်ကျေးမှု တိုးတက်သော လူအဖွဲ့အစည်းမှာ ဤလူအဖွဲ့အစည်းနှင့်ဘာမှမဆိုင်ပါ။ ၎င်းနှင့်ဘာမှမဆိုင်ပါ။ လုံးဝတမူထူးခြား၍ အသွင်မတူသော အဖွဲ့အစည်းဖြစ်ပေသည်။ ဤအဖွဲ့အစည်းနှင့် ဤသိပ္ပံထွန်းကားသော ခေတ်ကြီးမှာ ကျွန်တော်တို့ရရှိ.. ပို၍သိပ္ပံပညာ ထွန်းကားလေ ပိုမို၍ သေခြင်းနှင့် နီးကပ်လာပြီးသတ်ရန်ထောင်ချောက်ဆင်ခြင်းခံရ၍ အမျိုးစုံရင်ဆိုင်ရပါသည်။ ထိုအသစ်သော လူအဖွဲ့အစည်းမှာ သေခြင်းမရှိ၊ ဖျားနာခြင်းမရှိ၊ ဝမ်းနည်းကြေကွဲမှု၊ နာကျည်းမှုများ မရှိပါ။ ဘာမျှထိုနေရာ တွင်ရှိမည်မဟုတ်ပါ။ ...ထိုကြောင့် ဤလူအဖွဲ့အစည်းကို ဖျတ်ဆီးပစ်ရပါမည်။ အကြောင်းမှာ နတ်ဆိုးနှင့် သတ်ဆိုင်သော ကြောင့်ဖြစ်ပါသည်။ (ကမ္ဘာဦးကျမ်း ၄း၁၇)

31 ၃၁။ (ကမ္ဘာဦးကျမ်း ၄)တွင် ကျွန်တော်တို့တွေ့ရသည်မှာ ကာဣန၏လူများက လူအဖွဲ့အစည်းကို စတင်ခြင်းပင်ဖြစ်ပါ သည်။ မြို့ကြီးများ မြို့တော်ကြီးများ တည်ဆောက်ကြသည်။ တူရိယာတန်ဆာပလာပစ္စည်းများ သိပ္ပံလည်းပါသည်။ လူတို့မှာ ဘုရားနှင့်ဝေးကွာသွားကြသည်။ သို့သော်လည်း ဘာသာရေးစိတ်ဓာတ်က ရှိနေခြင်းပင် ဖြစ်ပါသည်။ ရှေသ၏လူများ ထွက်လာသောအခါ ကိုယ်တော်ရှင်၏ နာမတော်မြတ်ကို စတင်၍ခေါ်ဆိုကြပါသည်။ အို.ပြောဆိုရမည်မှာ နက်နဲသောအရာ ပင် ဖြစ်ပါသည်။ သူများကို ပုတ်ခတ်လိုသောဆန္ဒ ကျွန်တော့်မှာမရှိပါ။ အသင်းတော် အကြောင်းတစုံတရာ ပြောဆိုရန်လည်း မဟုတ်ပါ။ သင်တို့ဤနေရာမှာ ရောက်ရှိပြီး ကျန်ဘုရားကျောင်း အသင်းသားဖြစ်ခဲ့ပါ က သင်တို့ကို ပုတ်ခတ်ပြောဆိုနေခြင်း မဟုတ်ပါ။ အခြားဘုရားကျောင်းများမှာကဲ့သို့ ကျွန်တော်တို့ဘုရားကျောင်းမှာလည်း သူကောင်းများစွာ ရှိပါသည်။ ပြီးခဲ့သောအပတ်က ကျွန်တော် Shreveport တွင်ဖတ်ခဲ့ရသကဲ့သို့ ကက်သလိပ်အသင်းတော်က ကြေငြာစာတမ်း တစောင်ထုတ်ခဲ့ပါသည်။ သူတို့ကြီးမားသော အသင်းတော်ဂိုဏ်းပေါင်းစုံတွင် အားလုံးအတူ တကွ စုဝေးကြပြီး သမ္မာကျမ်းစာ ပြည့်စုံစေရန်အတွက် အတိအကျပင် ဆောင်ရွက်နေကြပြီး ဖြစ်ပါသည်။ အတိအကျပင် ဖြစ်ပါ သည်။

32 ၃၂။ သူတို့၏အဆိုကို ကျွန်တော်တို့ ရှာဖွေတွေ့ ရှိရပါသည်။ ‘သမ္မာကျမ်းစာကို ပရိုတက်စတင့်အချို့ကဆွဲကိုင်၍ သမ္မာ ကျမ်းစာမှာ စာအုပ်သက်သက်သာ ဖြစ်သည်။ အသင်းတော်သမိုင်းသာ ဖြစ်သည်။ လွန်ခဲ့သောနှစ်(၂၅၀)အထိသူတို့မှာ စာ ပေမရှိခဲ့ပါ။ အမြဲတမ်းအသင်းတော်ပင် ဖြစ်ပါသည်။’ မည်မျှနက်ရှိုင်းသော လိမ်ညာမှုကြီး ဖြစ်ပါသနည်း?။ သမ္မာကျမ်းစာထဲမှ ဓမ္မဟောင်းကျမ်းတွင်ရေးသားစဉ်က ခရစ်တော်ကြွလာတော်မမူမီ နှစ်ပေါင်းရာနှစ်ချီ၍ ကြာခဲ့ပြီဖြစ်သည်။ ၎င်းအရာသည် နတ်ဆိုးအတွက် နက်နဲသောအရာပင် ဖြစ်ပါသည်။

33 ၃၃။ ဤနေ့ရက်ကာလတွင် ကျွန်တော်တို့တွေ့ရသောအရာမှာ သမ္မာကျမ်းစာအရ ဤကြီးမားသော သရော်လှောင်ပြောင် မှုကြီးနှင့် ဟာသပြုခြင်းအားဖြင့် ကျမ်းစာကိုဖျောက်ဖျက်ရန် ကြိုးစားခြင်းပင် ဖြစ်ပါသည်။ ဘုရားသခင်က အသင်းတော်ကို တစုံတခုဖြင့် စစ်ဆေးရမည်။ ကိုယ်တော်ရှင်သည် တရားမမျှတနိုင်ပါ။ ဤလမ်းထဲသို့ သင်ဆင်းမသွားနိုင်ပါ။ ကျွန်တော် ကိုလည်း မဖမ်းနိုင်ပါ။ မိုင်နှစ်ဆယ်မောင်းရမည့်ဇုံထဲတွင် တစ်နာရီမိုင်(၃၀)နှုန်းသွားနေပါက နှစ်ဆယ်သာသွား ရမည်ဟု ပြောမှသာ သိပေမည်။ မိုင်(၂၀)သာသွားခွင့်ရှိပါသည်။ဘုရားသခင်က အသင်းတော်ကိုတရားစီရင်ပါမည်။...လူအများကို တနေ့သောအခါမှာ စီရင်ပါမည်။ တရားစီရင်ရန် နီးကပ်လာပြီဖြစ်ပါသည်။ ကက်သလိပ်အသင်းတော်အားဖြင့် တရားစီရင်ရန် နီးကပ်လာပြီဖြစ်ပါသည်။ ကက်သလိပ်အသင်းတော်အားဖြစ် တရားစီရင်မည်ဆိုပါက နှစ်ခြင်းတို့မှာ ပျောက်ဆုံးရပါမည်။ one ness အားဖြင့် စီရင်ပါက Tow ness မှာပျောက်ဆုံးရပါမည်။မည်သည့် အရာအားဖြင့် သူကစီရင်ပါမည်နည်း။ ခရစ်တော် အားဖြင့်စီရင်မည်။ ခရစ်တော်မှာလည်း နှုတ်ကပတ်တော်အားဖြင့် ဘုရားသခင်က တရားစီရင်ပါမည်။ ‘ အစဦးတွင် နှုတ်က ပတ်တော် ရှိသည်။နှုတ်ကပတ်တော်မှာလည်း ဘုရားသခင်နှင့်အတူရှိသည်။ နှုတ်ကပတ်တော်မှာ ဘုရားသခင်ဖြစ်သည်။ နှုတ်ကပတ်တော်သည် လူဇာတိကိုခံယူ၍ ကျွန်ုပ်တို့ အလယ်မတွင်

ကျိန်းဝပ်တော်မူသည်။ .....မနေ့၊ ယနေ့နှင့် ထာဝရ ကာလ အတူတူပင်ဖြစ်ပါသည်။ သူ၏နှုတ်ကပတ်တော်အားဖြင့် သူကတရားစီရင်ပါသည်။ ဤနေ့ရက်ကာလတွင် သူတို့က သမ္မာကျမ်းစာကို တွန်းဖယ်ပစ်ရန် ကြိုးစားပါသည်။ အသင်းတော်မှတပါး... သမ္မာကျမ်းစာက မလိုအပ်ပါ။ အသင်းတော် သူတို့ယုံကြည်ချက် မည်သည့်အမျိုးအစားပင်ဖြစ်ပါစေ လိုက်လျှောက်နိုင်ပါသည်။

34 ၃၄။ တနေ့ညက Shreveport တွင် ပွဲတော်မင်္ဂလာ၌ သူတို့သည် ပသခါသိုးသူငယ် သတ်သည့် အကြောင်း ကျွန်တော် ပြောသည်ကို ကြားခဲ့ကြရပါသည်။ ခုနစ်ရက်ပတ်လုံး တဆေးလုံး၀ မရှိစေရပါ။ တဆေးမပါ။ တဆေးပါသော ပေါင်မုန့် မပါပါ။ အရာခပ်သိမ်းကို တဆေးမဲ့ပြုလုပ်ရပါသည်။ အသင်းတော်ခေတ်ကာလ (၇)ပါးကို ကိုယ်စားပြုသော စာစောင်ကို ကျွန်တော် တို့ ရရှိပါသည်။ တဆေးမရှိပါ။ တစုံတခု နှင့်ရောစပ်ထားခြင်းမှာ မည်သည့်အရာဖြစ်သနည်း။ ကျွန်တော်တို့က ယုံကြည်ချက် နှင့် ဂိုဏ်းဂဏအရာခပ်သိမ်းကို နှုတ်ကပတ်တော်ရောစပ်၍ ထိုအရာကို နှုတ်ကပတ်တော်ဟုခေါ်ကြပါသည်။ (၇)ရက်တာ ကာလလုံးတဆေးမရှိပါ။ ဘာဘဲဖြစ်ဖြစ် ယနေ့စားပါ။ နောက်နေ့အတွက်မထားပါနှင့်။ နေ့အလင်းရောင်မရောက်မှီ မီးနှင့် ရှို့ပစ်ပါ။ အကြောင်းမှာ သတင်းစကားအသစ်နှင့် အသစ်သောအရာ ရောက်လာ မည်ဖြစ်ပါသည်။

35 ၃၅။ ပြန်လည်၍ ကိုင်တွယ်ရန် ကြိုးစားပါ။ အသင်းတော်၏ သဘောထားပင် ဖြစ်ပါသည်။ နိုးထမှုဖြစ်လာ၍ ပထမဆုံး သင်သိရမည့်အရာမှာ သုံးနှစ်အတွင်း သူတို့က အဖွဲ့အစည်းကို စတင်ခြင်းပင်ဖြစ်ပါသည်။ ဂိုဏ်းဂဏက အဖွဲ့အစည်းကို စတင်ခြင်းပင် ဖြစ်ပါသည်။ သို့သော်လည်း သင်သတိပြုမိသည့်အရာမှာ ယခုအခါနှစ်ပေါင်းနှစ်ဆယ်ခန့်ရှိ၍ ကျော်လွှား လာရပြီး ဖြစ်ပါသည်။ အဖွဲ့အစည်းမရှိတော့ပါ။ ဘယ်သောအခါမှလည်း ရှိမည်မဟုတ်ပါ။ နောက်ဆုံးအချိန်ပင် ဖြစ်ပါသည်။ ဂျုံက ပြန်လည်၍ တဖန်ဂျုံဖြစ်လာခြင်း ဖြစ်ပါသည်။ ဂျုံကဂျုံစေ့ထဲသို့ တဖန်ပြန်လည်ရောက်ရှိခြင်း ဖြစ်ပါသည်။ အခွံကရင်းမှ ဆွဲဖယ်ခြင်းခံရပါသည်။ ဂျုံသည် မှည့်ဝင်းနေရန်အတွက် နေရောင်ပြပေးရပါမည်။

36 ၃၆။ အရှေ့ဖက်ကမ်းခြေမှာ သိပ်မကြာသေးမှီကာလက အလွန်ကြီးမားသောအမှောင်ချမှုကြီး ဖြစ်ပေါ်လာသည်မှာ ထူးခြား သည့်အရာမဟုတ်ပါလား။ သူတို့နားမလည်နိုင်ကြပါ။ ၎င်းအရာသည် နိမိတ်လက္ခဏာများမှာလည်း ကျွန်တော်တို့သည် နောက်ဆုံးသောအချိန်သို့ရောက်နေပြီဖြစ်ကြောင်း ဖော်ပြလေ့ရှိပါသည်။ တချိန်တည်းမှာပင် အမှောင်ကျလျှက်ရှိသည်။ ပရောဖက် များပြောဆိုသော နိမိတ်လက္ခဏာဖြစ်ကြောင်း သင်သိပါသလား။ သို့သော်လည်း ညနေစောင်းအချိန်တွင် အလင်းပေါ်ထွက်လာမည်ဖြစ်ပါသည်။ 'ညနေစောင်အချိန်အခါတွင် အလင်းရောင် ပေါ်ထွက်လာပါမည်။ အမှောင်ချခြင်းများ နှင့် အခြားအရာများသည် ယခုကဲ့သို့သွားနေစဉ်အခါတွင် ဖြစ်ပါသည်။ "

37 ၃၇။ မည်သို့အမှောင်ကျ သွားကြောင်းကို ကြည့်ပါ။ ပုပ်ရဟန်းက ဤနေရာမှာ ယခုပင်လာခဲ့ပါပြီ။ တဲတော်တွင် သူတို့- ခင်ဗျားတို့ တိတ်ခွေများရှိကြပါသည်။ သူတို့အားလုံး သူတို့ကိုခေါ်သွားပါ။ ကိုယ်တော်ရှင်မည်ကဲ့သို့ ထိုနေရာ မှာဖော်ပြသည် ကို သတိရပါ။ တဲတော်ထဲတွင်ထိုနေ့က အသင်းတော်ခေတ်ကာလများ မည်သည့်နေရာတွင်ရှိပြီး သူတို့မည်သို့ ရှိမည်ကိုဖော် ပြပါသည်။ ကျွန်တော်ကလည်း သူတို့အား ကြော်ငြာဘုတ်ပြားပေါ်တွင် ရေးထုတ်ထား၍ စာစောင်ထဲတွင် ရေးသားထားရပါ မည်။ သန့်ရှင်သောဝိညာဉ်တော်က မီးတိုင်ကြီးသဖွယ်ဆင်းသတ်လာခြင်း မရှိပါက ထိုနေရာသို့ပြန်သွား၍ မိမိကိုယ်ကို ရေး ဆွဲထားရမည်ဖြစ်ပြီး လူသုံးလေးရာခန့်ထိုင်၍ ကြည့်နေမည်။ ပုပ်ရဟန်က ထိုနေရာမှ စတင်လိုက်သည်နှင့် လသည် အလင်း ရောင်မပေး။ ရုပ်ပုံများ၊ ဓါတ်ပုံများရိုက်၍ ပလတ်ဖောင်းပေါ်တွင် အလားတူပင် ရေးသားထားမည်ဖြစ်ပါသည်။ သူ၏ခရီးလမ်းကို သူက(၁၃)နံပါတ်ဖြင့်ပြုလုပ်သည်။ ခြေလှမ်း (၁၃) လှမ်း လှမ်းသည်။ ပွဲတော်ကို (၁၃) နံပါတ်အထိပေးသည်။ နိုင်ငံမှာလည်း(၁၃)နိုင်ငံပင်ဖြစ်ပါသည်။ နေရာတိုင်းမှာ အမှောင်ကျလျက်ရှိပါသည်။ ကျွန်တော်တို့ ဘယ်ခေတ်ရောက်နေကြောင်းသင် သတိပြုမိပါသလဲ။ နောက်ဆုံးအချိန်တွင်ရောက်ပါပြီး။ လှောင်ပြောင်သူများ ပေါ်ထွက်လာကြပြီး နောက်ဆုံးသောကာလတွင် 'ဘာကွာခြားမှုမှ မရှိပါ။" ငါတို့ဘိုးဘေးများပင် သေဆုံးကုန်ကြပြီဟု ဆိုကြပါသည်။ သို့သော်လည်း ဤအရာများစတင်၍ ဖြစ်ပေါ်လာသောအခါ သင့်ဦးခေါင်းကို သင်ထောင်၍ ကြည့်ပါ။ အဆင်သင်ပဖြစ်ပါ။ ဘယ်အချိန်မှာမဆို တစုံတရာ ဖြစ်ပျက် လာနိုင် ပါသည်။ ခရစ်တော်က သူ၏အသင်းတော်အတွက် လာခြင်းဖြစ်ပါသည်။

38 ၃၈။ ယခုသူတို့ မယုံကြည်ကြပါ။ အကြောင်းမှာ ၎င်းအရာသည် .....သမ္မာကျမ်းစာပြည့်စုံစေရန်အရာတွက် သူတို့ဖြစ် ရကြောင်း သူတို့မသိကြပါ။ လူအများက အမှန်တကယ်ပင် သိရှိခြင်းမရှိဘဲ သူတိုသည် သမ္မကျမ်းကို ပြည့်စုံစေသူများ ဖြစ် ကြောင်း မသိရှိကြပါ။ ယဇ်ပရောဟိတ်အကြီး ကာယဖနှင့် ထိုယဇ်ပရောဟိတ် များအားလုံး ထိုနေ့ရက်က ကိုယ်တော်ရှင်အား လှောင်ပြောင်ပြီး ဟာသပြုလုပ်ကြပါသည်။ သူတို့ သီချင်းဆိုနေသည့် ဘုရားအကြောင်း သူတို့မသိကြပါ။ ' အကျွန်ုပ် ဘုရား အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း။ (ဆာလံ ၂၂) ငါ၏လက်များနှင့်ခြေများကို ထိုသို့ ထိုးဖောက်ကြသည်။ .... " ဗိမာန်တော်ထဲတွင် သီချင်းဆိုနေကြစဉ် အခါ ကိုယ်တော်ရှင်သည် ကားတိုင်ပေါ်တွင် အသေခံရပါသည်။ သူတို့ ထို သူ့ပြုလုပ်နေကြောင်း လုံး၀မသိကြပါ။ သခင်ယေရှုက ဆုတောင်းပါသည်။ 'အဖ၊ သူတို့ကို ခွင့်လွှတ်တော်မူပါ။ သူတို့ ဘာလုပ်သည်ကို သူတို့မသိကြပါ။ ' သမ္မာကျမ်းစာထဲတွင် အမှန်တကယ်ပင် ကြိုတင်ဖော်ပြထားသည်မှာ ဝိညာဉ်မျက်စိ ကွယ်မည်ဆိုသောကြောင့်ဖြစ်ပါသည်။

39 ၃၉။ ပရိတက်စတင့်နှင့် ကတ်သလစ်အသင်းတော်မှာ နောက်ဆုံးသောနေ့ရက်များတွင် ဝိညာဉ်မျက်စိကွယ်မည်ကို သင် သိပါသလား။ အလားတူ သမ္မာကျမ်းစာနှင့် ပတ်သတ်၍လည်း ထိုသို့ပင်ဖြစ်ပါသည်။ ခရစ်တော်မှာ အပြင်ဖက်ရှိ၍ အထဲ သို့ဝင်နိုင်ရန် ကြိုးစားလျက်ရှိပါသည်။ 'ငါသည် ဥစ္စာရတက်၏။ ဘဏ္ဍာများကိုလည်း ဆည်းပူးပြီး။ တစုံတခုကိုမျှ မလို ဟု ပြောဆို၍ ကိုယ်တိုင်ပင်ပန်းခြင်း ၊ သနားဖွယ်ဖြစ်ခြင်း၊ ဆင်းရဲခြင်း၊ မျက်စိကန်းခြင်း၊ အဝတ်အချည်းအစည်းရှိခြင်း ဖြစ်သည် ကို မသိပါတကား။' ဗျာဒိတ် (၃) သင်သည် တဖန်ပြန်လည်၍ မျက်စိကွယ်ရပြန်ပါသည်။ သူတို့အတွက် သာအဓိပ္ပါယ်မှ မရှိ သကဲသို့ ဘုရားနှင့်ဆိုင်သောအရာများကို ထိမိ၍လဲကြပါသည်။ လှောင်ပြောင်၍ ဟာသလုပ်ကြပါသည်။ သမ္မာကျမ်းစာ ဆိုသည့်အတိုင်း ဖြစ်သည်။

40 ၄၀။ သို့သော်လည်း အသင်းတော်အတွက်၊ သတိုးသမီး အတွက်၊ ရုတ်သိမ်းခြင်းမှာ သူမအတွက် ဗျာဒိတ်ဖော်ပြ ခြင်းပင် ဖြစ်ပါသည်။ သူမအားဖော်ပြပြီး ဖြစ်ပါသည်။ ဗျာဒိတ်ဖော်ပြချက်ဖြစ်သော စစ်မှန်သော ခရစ်တော်၏ သတိုးသမီးမှာ ရုတ် သိမ်းခြင်း ဗျာဒိတ်တော်ကို စောင့်မျှော်နေပါမည်။ ၎င်းအရာသည် ဗျာဒိတ်တော်ပင် ဖြစ်ပါသည်။ အကြောင်းမှာ ဗျာဒိတ်တော် သည် ယုံကြည်ခြင်းပင်ဖြစ်သည်။ ယုံကြည်ခြင်းမရှိဘဲနှင့် ဗျာဒိတ်တော် မရနိုင်ပါ။ ယုံကြည်ခြင်းသည် ဗျာဒိတ်တော်ပင် ဖြစ် သည်။ အကြောင်းမှာ သင့်အား ဖော်ပြထားသောအရာ တစုံတခုဖြစ်သောကြောင့်ပေးတည်း။ ယုံကြည်ခြင်းသည် ဗျာဒိတ် တော်ပင်ဖြစ်သည်။ယုံကြည်ခြင်းမှာ အာဗြဟံအား ဖော်ပြသောအရာကဲ့သို့ပင်ဖြစ်ပါသည်။ ဖော်ပြထားသောအရာကို ဆန့်ကျင် သည့် မည်သည့်အရာကို မဆိုဖော်ပြထားခြင်းမရှိပါ။ ယခုအခါမှာ ယုံကြည်ခြင်း ....ယုံကြည်ခြင်းဆိုသည်မှာဘုရားသခင်ကို ဖော်ပြခြင်းပင်ဖြစ်ပါသည်။ အသင်းတော်မှာ ဗျာဒိတ်အပေါ်တွင် တည်ဆောက်ထားပါသည်။ ကိုယ်ခန္ဓာတခုလုံးပင် ဖြစ်ပါ သည်။

41 ၄၁။ လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်ခန့်က ကျွန်တော်သည် နှစ်ခြင်း အမှုတော်ဆောင် ဆရာကောင်းတစ်ဦးနှင့် စကားပြောခဲ့ပါသည်။ သူတက်လာပြီး ကျွန်တော်နှင့် ဆွေးနွေးပါသည်။ သူက ‘ လူတစ်ဦးအနေနှင့် သင့်ကို ကျွန်တော် နှစ် သက်ပါသည်။ သို့သော်လည်း သင်တို့မှာ ရောထွေးနေသည်။ ’ ဟုဆိုသည်။ ကျွန်တော်က ‘ ကျွန်တော်ကို ရှင်းလင်း ပေးနိုင်ဖို့ ခင်ဗျားအတွက် ကျွန်တော် ဆုတောင်းပါတယ်။ ’ သူကပြောသည်မှာ .... ‘ ကျမ်းစာအားဖြင့် ဖြစ်သည်။ ’ သူက ‘ကျွန်တော်တို့ ဘယ်တော့မှ တတ်နိုင်မည်မဟုတ်ပါ ဘရာသာ ဘရန်ဟမ် ’ အရာခပ်သမ်းကို အတူတကွဖြစ်စေရန် အတွက် စကာလုံးတိုင်း တလုံးပေါ်တလုံး ၊ တလုံးပေါ်တလုံး တိကျစွာ ဂတိစကား စသည်ဖြင့် လေ့လာရပါမည်။ ကျွန်တော်က ပြောပါသည်။ ‘အို၊ ဆရာ သင်သည် ထိုထက်ကောင်းကောင်းပိုသိပါသည်။ ’ နိုစိန်ကောင်စီမှာပင်လျှင် ရှေးလွန်လေပြီးသော ကာလက သခင်ယေရှု သေဆုံးပြီးနောက် နှစ်ပေါင်း (၃၀၀)ခန့်ကသူတို့သည် ဂရိကျမ်းတတ်ပုဂ္ဂိုလ်များဖြင့် အငြင်းပွား နေခဲ့ဖြစ်ပါသည်။ သင်မလုပ်နိုင်ပါ... ဗျာဒိတ်ဖော်ပြချက်ပင်ဖြစ်ပါသည်။ တခုမှာ... ‘သူ၏အဆိုမှာ ’ကျွန်တော်သည် ဗျာဒိတ်ဖော်ပြချက်ကို လက်မခံနိုင်ပါ။ ကျွန်တော်က ‘သို့ဖြစ်လျှင် သင်မည်ကဲ့သို့ ခရစ်တော်ကို လက်ခံနိုင်ပါမည်နည်း။ ’ ဟုဆိုသည်။ သူက ‘သမ္မာကျမ်းစာဆိုသည်မှာ ကိုယ်တော်ရှင်ကို ယုံကြည်လက်ခံသူမှာ ထာဝရအသက်ကို ရမည်။ ’ ဟူ၍ဖြစ်ပါသည်။ ကျွန်တော်က ‘မှန်ပါသည် ။ သခင်ယေရှုခရစ်တော်ကို မည်သူမျှ သန့်ရှင်းသော် ဝိညာဉ်တော် ဖော်ပြခြင်း မရှိဘဲနှင့် ခရစ်တော်ဟု မခေါ်ဆိုနိုင်ပါ။ ’ ဗျာဒိတ်တော်သို့ ပြန်ရောက်ခြင်းဖြစ်ပါသည်။ ဖော်ပြခြင်းအရာပင် ဖြစ်ပါသည်။

42 ၄၂။ သမ္မာကျမ်းစာထဲတွင်...ကာဣနနှင့် အာဗေလမှာ ဖတ်စရာသမ္မာကျမ်း စာမရှိပါ။ သ်ိုသော်လည်း အာဗေလအား ယုံကြည်ခြင်းအားဖြင့် ဖော်ပြခြင်း ဖြစ်ပါသည်။ ဗျာဒိတ်တော်ပင် ဖြစ်သည်။ အာဗေလက ဘုရားသခင်အား ပိုမို ကောင်း မွန်သော ပူဇော်သက္ကာကို ပေးသည်။ ကာဣနထက် ပိုကောင်းပါသည်။ သူသည် ဖြောင့်မတ်ရာသို့ ရောက်သည်ဟု ဘုရား သခင်က သက်သေပြပါသည်။ ...သခင်ယေရှုအား (မဿဲ ၁၆း၁၇)တွင် မေးခြင်းခံရသည်။ ... ဖတ်ရန် အချိန်မရတော့ပါ။ သို့သော်လည်း ကျမ်းချက်ကို ရေးထားလိုပါက ‘လူသားသည် မည်သူဖြစ်ကြောင်း ပြောကြသနည်း။ ’ ဖြစ်သည်။ သူတို့အ ထဲမှတစ်ဦးက ‘ကိုယ်တော်သည် မောရှေ၊ ဧလိယ (သို့)တစုံတစ်ဦး ဖြစ်သည်။ ’ ဟုဆိုသည်။ သူက ‘ငါမည်သူဖြစ်ကြောင်း သင်ပြောသနည်းဟု မေးသောအခါ ...သူက ’ကိုယ်တော်သည် အသက်ရှင်တော်မူသော ဘုရား သခင်၏သားတော် ခရစ် တော်ဖြစ်သည်။ ‘ ဟုဆိုပါသည်။

ကိုယ်တော်ရှင် မိန့်တော်မူသည်မှာ ‘ယောန၏ သားရှိမုန် သင်သည်ကောင်းကြီးမင်္ဂလာရှိ၏။ အသွေးအသားက သင့်အား ဤအရာကို ဖော်ပြခြင်းမဟုတ်။ ကောင်းကင်ဘုံရှင်အဖက သင့်အားဖော်ပြခြင်း ဖြစ်သည်။ ဤကျောက်ပေါ်မှာ (ဘုရားသခင် မည်သူ ဖြစ်ကြောင်း၊ သခင်ယေရှုမည်သူဖြစ်ကြောင်းနှင့် ကိုယ်တော်ရှင်သည် ဘုရားသခင်၏ ဗျာဒိတ်ဖော်ပြချက်ဖြစ်ကြောင်း ဘုရားသခင်ကို လူဇာတိခံယူစေပြီး ကမ္ဘာလောကကြီးကို ဖော်ပြခြင်း ဖြစ်ပါသည်။ ကိုယ်တော်သည် ကမ္ဘာလောကကြီး ထဲတွင် ရှိပါသည်။ ဘုရားသခင်သည် ခရစ်တော်၌ရှိ၍ ကမ္ဘာလောကကြီးကို မိမိကိုယ်နှင့်ပြန်လည်၍ ရန်ငြိမ်းစေသည်။)... ဘုရားသခင်သည် ဇာတိကိုယ်ခန္ဓာတွင် မည်သို့ဖြစ်ကြောင်း ဖေါ်ပြလေ့ရှိပါသည်။ ကိုယ်တော်သည် ခရစ်တော်ဖြစ်သည်။ ဘိ်သိတ်ခံသော ပုဂ္ဂိုလ်ဖြစ်သည်။ ဘုရားသားတော် ဖြစ်ပါသည်။

သူက အသွေးအသားသည် သင့်အား ဤအရာကို ဖေါ်ပြခြင်းမဟုတ်၊ ကောင်းကင်ဘုံရှိ ငါ၏ခမည်းတော်က သင့်အား ဤအရာကို ဖေါ်ပြခြင်းဖြစ်သည်ဟု ဆိုထားပါသည်။ ဤကျောက်ပေါ်မှာ ငါ၏ အသင်းတော်ကို ငါတည်ဆောက်မည်။ (သူ့အ ချိန်အခါနှင့် နှုတ်ကပတ်တော်ကို ဗျာဒိတ် ဖေါ်ပြခြင်း ဖြစ်ပါသည်။) ငါ၏အသင်းတော်ကို ငါတည်ဆောက်၍ ငရဲတံခါးများက ၎င်းကို ပိတ်နိုင်တော့မည် မဟုတ်ပါ။

43 ၄၃။ ဗျာဒိတ်ကျမ်းစာစောင်မှာ သမ္မာကျမ်းစာထဲတွင် နောက်ဆုံးသောစာစောင် ဖြစ်ပါသည်။ မယုံကြည်သူများကို တံ ဆိပ်ခတ်နှိပ်ထားလျှက်ရှိပါသည်။ ‘သမ္မာကျမ်းစာထဲသို့ အက္ခရာတလုံးပေါင်းထည့်ခြင်း(သို့)နှုတ်ယူခြင်းပြုလုပ်ပါက အသက် စာစောင်မှ သူ့အားပယ်ဖျက်မည်။ ’ ဟုဆိုထားပါသည်။ ယုံကြည်သူများအတွက် ပေးအပ်ထားကြောင်း ကျွန်တော်တို့ သိရပါ သည်။ ဗျာဒိတ်ကျမ်းစာစောင်ကိုဖွင့်၍ မည်သူရေးသားကြောင်း ဖော်ပြထားပါသည်။ (ကိုယ်တော်ရှင်အား အာလဖနှင့် ဩမေဃ အဖြစ်ကြည့်ရှုရပါမည်။ ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းအထိ ဖြစ်သည်။ သခင်ယေရှုခရစ်သည် ပြောင်းလဲခြင်း လုံး၀ မရှိပါ။ မိမိ၏ လျှို့ဝှက်ချက်ကို ဖော်ပြပါသည်။ သူ၏ အသင်းတော် ခေတ်ကာလအတွက် အကြံအစည်များ ရှိသည်။ တံဆိပ် ခုနှစ်ချက်ဖြင့် ခတ်နှိပ်ထားခြင်း ဖြစ်ပါသည်။

44 ၄၄။ စာစောင်ကို ရေးသားပြီးဖြစ်ပါသည်။ သို့သော်လည်း သတိရပါ။ တံဆိပ်ခုနှစ်ချက်ဖြင့် ခတ်နှိပ်ထားခြင်း ဖြစ်ပါသည်။ ဤတံဆိပ်ခုနှစ်ချက်ကို ဖွင့်ရမည်မဟုတ်ပါ။ ဗျာဒိတ် (၁၀) နောက်ဆုံးကမ္ဘာမြေကြီးပေါ်တွင်ကောင်းကင်တမန် တံပိုး မှုတ်သည့်အထိ ဖြစ်ပါသည်။ (ဗျာဒိတ် ၁၀း၇) ‘နောက်ဆုံးကောင်းကင်တမန်၏ သတင်းစကား၊ သတ္တမမြောက် ကောင်း ကင်တမန် တံပိုးမှုတ်သည့်အခါ ထိုခေတ်ကာလအတွက် ဘုရားသခင်၏ နက်နဲရာမှာ ပြီးဆုံးပေမည်။ ’ ထိုခေတ် ကာလမှာ ကျွန်တော်တို့

နေထိုင်အသက်ရှင်လျက်ရှိသောကာလပင် ဖြစ်ပါသည်။ ကျွန်တော်တို့အားလုံး လောဒိကိခေတ် ကာလတွင် အသက်ရှင်နေထိုင်လျက်ရှိကြောင်း သိကြပါသည်။ နောက်ထပ် ခေတ်ကာလတခု မရှိတော့ပါ။ မရှိတော့ပါ။ ကျွန်တော်တို့ သည် လောဒိတိခေတ်တွင် အသက်ရှင်နေထိုင်ကြခြင်း ဖြစ်ပါသည်။ ထိုစာစောင်ကို ခတ်နှိတ်ထားသော တံဆိပ်(၇)ခုမှာ လည်း လူသားတို့အတွက် နက်နဲရာများပင် ဖြစ်ပါသည်။ ထိုနေ့ရက်တွင် ဖွင့်လှစ်ရမည်။ ကိုယ်တော်ရှင် ဂတိပေးခဲ့သည်။ နှုတ်ကပတ်တော် ပြင်ပတွင် ဘာမှမရှိနိုင်ပါ။ အကြောင်းမှာ သင်သည် နှုတ်ကပတ်တော်ကို ပေါင်းထည့်၍ မရသကဲ့သို့ နှုတ်ယူ၍လည်းမရပါ။ အမြဲတမ်းပင် နှုတ်ကပတ်တော်အဖြစ် တည်ရှိနေရပါမည်။ သို့သော်လည်း ဗျာဒိတ်မှာ သမ္မာကျမ်းကို ၎င်းအားဖော်ပြရန်ပင် ဖြစ်ပါသည်။ အခြားကျမ်းချက်များနှင့် ကိုက်ညီရန်ပင် ဖြစ်ပါသည်။ ၎င်းနောက် ဘုရားသခင်က ထိုအရာကို သမ္မာတရားဖြစ်ကြောင်း ဖော်ပြခြင်း ဖြစ်ပါသည်။

45 ၄၅။ ဘုရားသခင်မှာ အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးသူ မလိုအပ်ပါ။ ကိုယ်တော်ရှင် ကိုယ်တော်တိုင် အနက်ဖွင့်ဆိုသူ ဖြစ်ပါသည်။ မိမိဖာသာ အနက်ဖွင့်ဆိုခြင်းကို ပြုလုပ်၍ဖြစ်ပေါ်လာမည့်အရာ ဆိုသည့်အရာများကို ဖြစ်ပေါ်လာစေသည်။ အစ အဦး၌ သူပြောဆိုသကဲ့သို့ပင် ဖြစ်ပါသည်။ အလင်းဖြစ်စေပါဟုဆိုသောအခါ အလင်းဖြစ်ပေါ်လာပါသည်။ မည်သည့် အနက် ဖွင့်ဆိုမှုကိုမှ မလိုအပ်ပါ။ ကြိုတင်ဖော်ပြနှင့်ပြီး ဖြစ်ပါသည်။ (ယော ၅း၃၆၊ ယော ၁၀း၃၇)

သမ္မာကျမ်းစာထဲတွင် ကိုယ်တော်ရှင်က နောက်ဆုံးသောနေ့ရက်များတွင် အချို့အရာများကိုပေးရန် ဂတိပေးခဲ့ပါသည်။ သခင်ယေရှုသည် ဘုရားသားတော်ပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်က သူ၏အသက်ရှင်နေထိုင်ခဲ့သော နေ့ရက်များတွင် လူအများကသူကို မယုံကြည်နိုင်ခဲ့ကြပါ။ ကိုယ်တော်ရှင် မိန့်တော်မူသည်မှာ ‘သမ္မာကျမ်းကို ရှာဖွေပါ။ ထိုအထဲတွင် သင်ထာ ဝရအသက်ရမည်ဟု ထင်မြင်ယူဆပါ။ သူတို့က ကျွန်ုပ်အကြောင်း သက်သေခံမည် ဖြစ်ပါသည်။ ငါ့အဖ၏အမှုများကို ငါ မပြုပါက ငါကိုမယုံကြည်နှင့်။ သို့သော်လည်း သင်တို့ငါ့အား မယုံကြည်နိုင်ပါက ငါပြုသောအမှုတို့ကို ယုံကြည်ပါ။ အကြောင်း မှာ သူတို့က ငါ့အကြောင်း သက်သေခံမည် ဖြစ်သည်။’

46 ၄၆။ ဝက်စလီ၏ ခေတ်ကာလတွင် သူပြုခဲ့သောအမှုတို့မှာ သူမည်သူမည်ဝါဖြစ်ကြောင်း သက်သေပြရာကျပါသည်။ ပြုပြင်ပြောင်းလဲရေးကာလတွင် လူသာ၏ခေတ်ကာလက သူသည် မည်သူမည်ဝါဖြစ်ကြောင်း သက်သေပြသည်မှာ သေချာပါ သည်။ ပင်တေကုတ္တေတို့၏ နေ့ရကာလများတွင် ဆုကျေးဇူးများကို ပြန်လည်ပေးအပ်သောအချိန်တွင် ဆုကျေးဇူးများ ပြန်ပေးအပ်ပါသည်။ ဆုကျေးဇူးများ ပြန်ပေးအပ်ပါသည်။ အခြားသောဘာသာစကားပြောဆိုပါသည်။ နတ်ဆိုးများ မောင်း ထုတ်ပါသည်။ ဆုကျေးဇူးများ ရရှိကြောင်းသက်သေပြခြင်း ဖြစ်သည်။ ထိုအရာနှင့် ပတ်သက်၍ ဟာသဖြစ်စရာ ဘာမှမရှိပါ။ ပထမဆုံးအကြိမ် ထမြောက်သည့်အခါမှာ လူများကဆိုသည်...ပင်တေကုတ္တေသမိုင်းနှင့် သက်ဆိုင်သည့် စာအုပ်များ ကျွန်တော်ဖတ်ရပါသည်။ သူတို့အဆိုအရ ‘ရေရှည်မခံပါ။ မီးလောင်ကျွမ်းသွားမည်။’ ဖြစ်သည်။ ဆက်လက်၍ လောင်ကျွမ်းနေဆဲ ဖြစ်ပါသည်။ အဘယ်ကြောင့်နည်း။ အကြောင်းမှာသင်က ဘယ်သောအခါမှ မငြိမ်သက်သောကြောင့် ဖြစ်သည်။ ဘုရားသခင်က ထိုနေရာမှာ ရှိမည်ဟုဆိုပါသည်။ နှုတ်ကပတ်တော်အစိတ်အပိုင်းပင် ဖြစ်ပါသည်။ သင်က ငြိမ်သက၍လည်း မရနိုင်တော့ပါ။...သတို့သမီးကို ရွေးနှုတ်သောအခါမှာ သင်မည်သို့ငြိမ်သက် ပါမည်နည်း။ နှုတ်ကပတ်တော်ကို ဖော်ပြ၍ ဗျာဒိတ်ပေးတော်မူခြင်း ဖြစ်ပြီးမှန်ကန်ကြောင်း ပြောဆိုခြင်း ဖြစ်သည်။ ကျွန်တော်တို့ ထိုနေ့ရက်မှာ အသက်ရှင်ခြင်း ဖြစ်ပါသည်။ ဘုရားဘုန်းတော် ထင်းရှားပါစေ။ ကိုယ်တော်ရှင်၏ နက်နဲရာကို ဗျာဒိတ်ဖော်ပြခြင်း ဖြစ်ပါသည်။

47 ၄၇။ ကျွန်တော်တို့ပြောဆိုနေကြသော အသင်းတော်ရုတ်သိမ်းခြင်းမှာ သတို့သမီးအတွက်သာ ပြောဆိုနေခြင်း ဖြစ်ပါ သည်။ သမ္မာကျမ်းစာဆိုသည်ကား ‘ကျန်သောသေလွန်သူတို့မှာ နှစ်ပေါင်း(၁၀၀၀)ခန့်အသက်ရှင်ခြင်း မရှိတော့ပါ။’ ဤကြီးမားသော ရုတ်သိမ်းခြင်းပင် ဖြစ်ပါသည်။...ချီဆောင်ခြင်းမဟုတ်ပါက ကျွန်တော်တို့ ဘယ်မှာရောက်နေမည်နည်း။ ကျွန်တော်တို့ဘယ်မှာ ရောက်နေမည်နည်း။ ကျွန်တော်တို့ မည်သည့်ခေတ်ကာလတွင် အသက်ရှင်နေပါသနည်း။ မည်သည့်ပ တိတော်များ ကျွန်တော်တို့၌ ရှိပါသနည်း။ အသင်းတော် ရုတ်သိမ်းခြင်း ဖြစ်လာပါမည်။ သမ္မာကျမ်းစာက ရှိမည်ဟု ဆိုထားပါသည်။ ရွေးချယ်ထားသူများအတွက်သာ ဖြစ်ပါသည်။ ရွေးချယ်ထားသော အမျိုးသမီးဖြစ်ပါသည်။ ဆွဲထုတ်ခြင်း ခံရသော ဤနေ့ရက်ကာလ၏ သတို့သမီးဖြစ်ပါသည်။ အသင်းတော်ပင် ဖြစ်သည်။ အသင်းတော်၏ အဓိပ္ပာယ်မှာ ‘ရွေးနှုတ်ခေါ်ဆောင်ခံရခြင်း’ပင်ဖြစ်သည်။ မောရှေသည် နိုင်ငံတနိုင်ငံထဲမှ ခေါ်ထုတ်လိုက်သောအခါ သန့်ရှင်း သော ဝိညာဉ်ကသတို့သမီးကို အသင်းတော်ထဲမှ ခေါ်ထုတ်ခြင်းပင် ဖြစ်ပါသည်။ အသင်းတော်ထဲမှ အသင်းတော်ပင် ဖြစ်ပါသည်။ ဂိုဏ်းဂဏတိုင်းမှာအသင်းသားဖြစ်၍ သတို့သမီးဖြစ်စေပါသည်။ သတို့သမီးသစ်ပင် ဖြစ်ပါသည်။ တိတ်ခွေထဲ တွင် ရှိပါသည်။ သတို့သမီးသစ် ဖြစ်သည်။ သတို့သမီးထွက်ပေါ်လာ၍ ရွေးချယ်ခြင်းခံရပါသည်။...သတို့သမီးသစ်ပင် ဆိုသည်မှာ ထိုအရာပင် ဖြစ်ပါသည်။ ....သတို့သမီးဖြစ်ပါသည်။ ရုတ်သိမ်းသာလျှင် ဖြစ်ပါသည်။ အစအဦးထဲကကြိုတင် သိမြင်ရွေးချယ်ခြင်း ခံရသောသူပင် ဖြစ်ပါသည်။ ဖခင်၏ ဝိညာဉ်မျိုးစေ့ပင် ဖြစ်သည်။ ဤနေရာမှာ ကျွန်တော် တစ်မိနစ်ခန့် ရပ်နားပါစေ။ အကယ် ၍...စိတ်လှုပ်ရှားစွာ တွေးတောပြီး ကျွန်တော်သင့်ကိုလည်း ကြာရှည်စွာ ချုပ်ကိုင်ထားမည် ဖြစ်ပါသည်။

48 ၄၈။ သို့သော်လည်း သတိပြုပါ။ ကြည့်ပါ။ သင့်တို့တစ်ဦးစီမှာ သင်မမွေးဖွားမည့် နှစ်ပေါင်းများစွာကပင် သင်သည် သင့်ဖခင်၏အထဲတွင် မျိုးစေ့ပိုးရှိနေပါသည်။ အဖိုလိင်အင်္ဂါမှလာခြင်း ဖြစ်သည်။ အမထံမှလာခြင်း မဟုတ်ပါ။ အမက မျိုးဥကို ထိမ်းသိမ်းစောင့်ရှောက်ထားပါသည်။ မျိုးစေ့ချထားသော မြေကဲ့သို့ဖြစ်သည်။ သို့သော်လည်းမျိုးစေ့မှာ ဖခင်ထံမှလာခြင်း ဖြစ်ပါသည်။ ကျွန်ုပ်၏ဖခင်(သို့)ကျွန်ုပ်သားဤနေရာမှာထိုင်နေသည်ဆိုကြပါစို့။ ကျွန်တော်(၁၆)နှစ်သားအရွယ်က ကျွန်တော်၏သားသည် ကျွန်တော်အထဲမှာ ရှိနေပါသည်။မျိုးစေ့ချထားသောမြေကြီးအားဖြင့်သန့်ရှင်းသော ထိမ်းမြားခြင်း အားဖြင့် သူသည် ကျွန်တော်၏ပုံရိပ်ဖြစ်လာပါသည်။ ကျွန်တော်သူကို သိပါသည်။ သူနှင့်မိတ်သဟာယဖွဲ့ နိုင်ပါသည်။ သူသည်လည်း မှန်ကန်အချိန်မှာ ရောက်လာပါသည်။

49 ၄၉။ ယခုသင်သည် အထဲ၌ရှိနေပါပြီ ....သင်၌ ထာဝရအသက်ရှိပါက သင်သည် ဘုရားသခင်၌ ကမ္ဘာလောကကြီး မရှိမှီ ကပင်

ရှိနေပါသည်။ သင်ရောက်လာသော ခေတ်ကာလကို ကိုယ်တော်သိပါသည်။ သူကသင့်အား ကြိုတင်ဖော်ပြတော်မူ၍ ထိုနေရာကို ယူရန်အတွက် ထိုခေတ်ကာလကို ကြိုတင်ဖော်ပြတော်မူ၍ ထိုနေရာကို ယူရန်အတွက် ထိုခေတ်ကာလကို ကြိုတင်ဖော်ပြတော်မူ၍ ထိုနေရာကို ယူရန်အတွက် ထိုခေတ်ကာလကို ကြိုတင်ဖော်ပြပါသည်။ ဘယ်သူမှ ထိုနေရာကို ယူရန်အတွက် ထိုခေတ်ကာလကို ကြိုတင်ဖော်ပြပါသည်။ ဘယ်သူမှ ထိုနေရာကို မယူနိုင်ပါ။ ကိုယ်ပွားဘယ်နှစ်ခုပင် ရှိပါစေ ကျွန်တော်ဂရုမစိုက်ပါ။ သင်သာထိုနေရာမှာပင် ရှိရပေမည်။ သင့်အား ဖော်ပြခြင်းပြု၍ သင်သည် ကိုယ်တော်ရှင်နှင့် မိတ်သ ဟာယဖွဲ့နိုင်ပါသည်။ ကိုယ်တော်ရှင် လိုလားသောအရာပင် ဖြစ်ပါသည်။ ကိုယ်တော်သည် မိသဟာယအဖွဲ့ခြင်းကို လိုလား ပါသည်။ ဝတ်ပြုကိုးကွယ်ခြင်းကို ခံလိုပါသည်။ သို့သော် သင်၏အသက်တာက ထိုသို့မဟုတ်ပါက ... အမြဲတမ်းပင် ဘုရား သခင်၏ စရိုက်သဘောကဲ့သို့ ဖြစ်ပါသည်။ ခရစ်ယာန်ဘာသာကို တုပအယောင် ဆောင်ခြင်းပင် ဖြစ်ပါသည်။ သန်းပေါင်း များစွာနှင့် သန်းရာပေါင်းများစွာ ခရစ်ယာန်ဘာသာကို တုပယောင်ဆောင်ကြပါမည်။

50 ၅၀။ မကြာမီကပင် ကျွန်တော်ပြုလုပ်သော ကောက်ချက်အားဖြင့် ကျွန်တော်သည် Brother Semos Shatarian ကိုကြည့်၍ သူတို့မှာ မျိုးစပ်သော ကျွဲ၊ နွားသိုး၊ ဆိတ်များကို စမ်းသပ်ဖန်ပြွန်များဖြင့် စစ်ဆေးသည်ကို ကြည့်ရှုလေ့လာ ကြပါသည်။ ဆရာဝန်များက ယူဆောင်လာမည်ကို ကြည့်နေကြရပါသည်။ အဖိုးကို အတိအကျ ဓါတ်ခွဲကြည့်သောအခါ သုတ်ပိုးသန်းပေါင်းများစွာ အဖိုအထဲမှ တချိန်စီထွက်လာသည်ကို တွေ့ရပါသည်။ သန်းပေါင်းများ ဥများမှာလည်း တချိန်ထဲမှာပင် အမထဲမှာ ထွက်ပေါ်လာပါသည်။ သူတို့က အားလုံးအထဲတွင် သုတ်ပိုးကလေးများ လှုပ်ရှားသွားလာ နေသည်ကို သင်သိပါသည်။ သန်းပေါင်းများစွာ ရှိနေပါသည်။ အသက်တာအတွက် သူတို့တခုတည်းသော သိက္ခာပေးထား ပါသည်။ မျိုးအောင်သော ဥတစ်လုံးသာ ရှိပါသည်။ သုတ်ပိုးကလေးသည် ထွားသွား၍ တက်လာပြီး ထိပ်သို့ရောက်လာ၍ သူနှင့်တူညီမှုရှိပါသည်။ ထိုအရာ၏ ထိပ်ပိုင်းသို့ရောက်လာသောအခါ ဤနေရာသို့ သွား၍သူဝင်သွားပါသည်။ ၎င်းနောက် ကျန်အရာများအားလုံး သေဆုံးသွားပါသည်။ အပျိုကညာအကြောင်း ဘာကြောင့်ပြောဆိုရသနည်း။ ရုပ်ပိုင်း ဆိုင်ရာ မွေးဖွားခြင်းမှာ နက်နဲမှု၏တဝက်ပင် မဟုတ်တော့ပါ။ ကြိုတင်ဘိသိတ်ပေးခြင်း ဖြစ်သည်။ ဘုရားသခင်က ကြိုတင်ဖော်ပြ ထားခြင်းပင် ဖြစ်ပါသည်။ အစအဦး၌ လွန်လေပြီးသောကာလက လွန်ခဲ့သော နှစ်ပေါင်းများစွာကြာခဲ့စဉ်ကာလက စတင်ခဲ့သောအချိန် ရှိပါသည်။ သင်သည် ယနေ့ည ဒုတိယမွေးခြင်းခံပြီးသား ခရစ်ယာန်ဖြစ်ပါက သင်သည် ဘုရားသခင် ထဲ၌ပင် ဖြစ်ပါသည်။ သင်၏ဖခင်တည်းဟူသော ဘုရားသခင်ပင် ဖြစ်ပါသည်။ ထိုကြောင့်သင်သည် ဤဘဝ၏အသက်တာ ထဲသို့ ဝင်ရောက်လာပြီး ခရစ်ယာန်ဘာသာဟု ခံယူပါက အရာခပ်သိမ်းပြောင်းလဲမှု ရှိပါသည်။ ဤအရာအားလုံး ဘာကြောင့်တွေ့ရကြောင်း သင်စဉ်းစားတွေးတောမိပေမည်။ သင်ထိုအရာကို စဉ်းစားမိပေမည်။ သို့သော်လည်း တနေ့သော အခါမှာ တစုံတရာကို သင့်ကိုယ်ခိုက်မိပေမည်။ ထိုအရာမှာ ဘာဖြစ်ပါသနည်း။ ထိုအသက်မှာ အစအဦးမှစ၍ ထိုနေရာမှာ ရှိနေခဲ့ပါသည်။

51 ၅၁။ ရွှေလင်းယုန်နှင့် ပတ်သက်၍ ပုံပြင်ကလေးတခုကဲ့သို့ ဖြစ်ပါသည်။...မိခင်သိမ်းငှက်မကြီးက သိမ်းငှက်ကလေးကို ရှာဖွေနေပါသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ကျွန်တော်ဟောပြောသည်ကို သင်ကြားခဲ့ပြီ ဖြစ်ပါသည်။ ထိုရွှေလင်းယုန် ကလေးသည် ကြက်မကြီးအောက်တွင် အဝပ်ခံခဲ့ရပါသည်။ ထိုကြက်ကလေးများကို ကျွေးမွေးရန်အတွက် သူမ၏ ကြက်စာ များဖြင့် ကျွေးမွေးရန်အတွက် သူမ၏ကြက်စာများဖြင့် ကျွေးမွေးသောအခါ ရွှေလင်းယုန်မှာမစားနိုင်ပါ။ သို့သော်လည်း ကြက်မကြီးက အသံပြု၍ ကလပ်၊ ကလပ်ဟု အော်သောအခါ ကြက်ကလေးများမှာ ကြက်မကြီးထံ သွားသကဲ့သို့သူလည်း ပြေးသွားမည်ဖြစ်ပါသည်။ သို့သော် တနေ့သောအခါမှာ သူ၏မိခင်က သူမသည် (၇)လုံး ဥခဲ့ကြောင်း၊ တခုသိရှိ နားလည်ခဲ့ပါ သည်။ တနေရာမှာ နောက်ထပ်တခုရှိရပေဦးမည်။ သူမသွားရောက်၍ ရှာဖွေပါသည်။ လှည့်လည်ပျံသန်းသွားကာ ပတ်၍ ကြည့်သည်။ နောက်ဆုံးကောက်ရိုးပုံပေါ်သို့ ရောက်လာသည်။ သူမ၏ကလေးငယ်ကို တွေ့ရပါတော့သည်။ အော်၍ ခေါ်လိုက်သည်။ ထိုအသံကို ကြားသောအခါ သိမ်းငှက်ကလေးအတွက် သင့်တော်သောအသံပင် ဖြစ်ပါတော့သည်။ သူရှာဖွေနေသောအရာပင် ဖြစ်ပါသည်။ သူသည် ကြက်ကလေးမဟုတ်ပဲ သိမ်းငှက်ကလေးဖြစ်ကြောင်း သူကိုယ်သူ သိလာပါတော့သည်။ ထိုနည်းတူပင် ဒုတိယမွေးခြင်းခံရသော ခရစ်ယာန်တိုင်းလည်း ထိုသို့ပင် ဖြစ်ပါသည်။ သင်လာသော အခါ ဂိုဏ်းဂဏမည်မျှထဲတွင် သင်ပါဝင်ခဲ့သည်ကို ကျွန်တော်ဂရုမစိုက်ပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော် အစစ်အမှန်ကို ဖော်ပြသောအခါ သင်ရှေ့မှာ စစ်မှန်ပါက သင်သည် သိမ်းငှက်ဖြစ်ကြောင်း သင့်ကိုယ်သင်သိလာပါသည်။ ကြက်ကလပ် ကလပ် အသံမြည်သည်ကို သင်သွား၍ ပါဝင်ခဲ့ပါသည်။ ဤနေရာမှာ ပါဝင်၍ ဤလမ်းကို လျှောက်လိုက်ခြင်းဖြင့် ဘာမှအဓိပ္ပာယ် မရှိခဲ့ပါ။ စစ်မှန်သော နှုတ်ကပတ်တော်ကို ပေါင်းထည့်ခြင်းပင် ဖြစ်ပါသည်။

52 ၅၂။ အမ၏သားအိမ်ထဲသို့ အဖိုမျိုးရောက်လာသောအခါ ဘာကိုမှ မယူဆောင်တော့ပါ။...သင်သည် ဖခင်ထံမှ လူသား မျိုးစေ့ဖြစ်မလာတော့ပါ။ နောက်တခုမှာ ခွေးမှ မျိုးစေ့ဖြစ်လာသည်။ နောက်မှ မျိုးစေ့ဖြစ်လာသည်။ နောက်တခုမှာ ကြက်မှ မျိုးစေ့ပင် ဖြစ်ပါသည်။ အားလုံးမှာ လူသားမျိုးစေ့ပင်ဖြစ်ပါသည်။ သခင်ယေရှုခရစ်၏ ကိုယ်ခန္ဓာအစိတ်အပိုင်း ဖြစ်ပြီး..... ကိုယ်တော်ရှင်သည် နှုတ်ကပတ်တော်ဖြစ်၍ သတို့သမီးမှာလည်း နှုတ်ကပတ်တော်ဖြစ်ရပေမည်။ နှုတ်ကပတ်တော်ကို နှုတ်ကပတ်တော်ပေါင်းထည့်၍ တဖန်ထပ်မံပြီး နှုတ်ကပတ်တော်ကို ပေါင်းထည့်ပါသည်။ လူသား၏ ဖြောင့်မတ်ခြင်း ဖြစ်ပါသည်။ ဝက်စလီ၏ သန့်ရှင်းစင်ကြယ်ခြင်း၊ ပင်တေကုတ္တေ၏ သန့်ရှင်းသော ဝိညာဉ်တော်၏ဗတ္တိဇံ၊ ဆုကျေးဇူးများ ပြန်လည်ရရှိခြင်း၊ ဤအရာများ အားလုံးလည်း ၎င်းနှင့်အတူ သွားပါသည်။ နှုတ်ကပတ်တော်အပေါ်မှာ နှုတ်ကပတ်တော် ရှိပါသည်။ မျိုးစေ့အပေါ်မှာ မျိုးစေ့ရှိပါသည်။ အသက်တာအပေါ်မှာ အသက်တာရှိပါသည်။ သခင်ယေရှုခရစ်၏ သတိုးသမီး၏အနေအထားအပြည့်အစုံကို ဖော်ထုတ်ရန် ဖြစ်သည်။

53 ၅၃။ ယခုသင်သည် သတို့သမီးဖြစ်ကြောင်း မှတ်ယူပါ။ ဤအရာများကို တွေ့ရှိပြီးနောက် ခရစ်တော်သည် သူ၏ သတို့သမီးအတွက်လာမည်ဖြစ်ကြောင်း သိရှိသောအခါ ထိုသတို့သမီးအတွင်းသို့ ကျွန်တော်တို့ မည်သို့ဝင်ရောက်ရပါ မည်နည်း။ ထိုအရာမှာ မေးခွန်းပင် ဖြစ်ပါသည်။ အများက ဆိုကြပါသည်။ 'ငါတို့ အသင်းတော်ထဲကို ဝင်ပါ' သူတို့အထဲမှတစ်ဦးက ထိုကဲ့သို့သော ဗတ္တိဇံပုံစံမျိုးကို လိုလားသည်။ တစ်ဦးက ဒါမဟုတ်၊ ဒါမလုပ်ချင်သည်။ တစ်ဦးက အခြားသော ဘာသာစကား ပြောရမည်။ သင်မပြောနိုင်သေးပါ။

အခြားတစ်ဦးက သင်သည်အခြားသောဘာသာစကားကို မရရှိသေးပါဟု ဆိုသည်။ ဝိညာဉ်တော်၌ ကခုန်ရမည်ဟု ပြောသည်။ အားလုံး ကောင်းပါသည်။ အားလုံးလည်း မှားနေပါသေးသည်။ အမျိုးသား...အမျိုးသမီးစသည်တို့မှာ မည်သို့၊ ဘုရားသားသမီးတို့မှာ မည်သို့ ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့်ဖွားမြင်ပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ငြင်းပယ်နိုင်ပါမည်နည်း။ ဘုရားသခင်ကိုယ်တိုင် မိမိကိုယ်ကို အနက်ဖွင့်ဆို၍ ပြောနေပါသည်။ 'ငင်းအရာသည် ဤသို့ပင် ဖြစ်ပါသည်။ ကျွန်တော် ဂတိပေးပါသည်' ရှင်းလင်းနိုင်သလောက် ရှင်းလင်း အောင် ပြသပါသည်။ အဘယ်ကြောင့်နည်း။ သူတို့တွေ့မြင်ရန် ကန့်သတ်ခြင်းပင်နိုင်မည်နည်း။ ခရစ်တော်သည် သင်အထဲ၌ ရှိပါက သူ၏နှုတ်ကပတ်တော်ကို သူကမငြင်းပယ်နိုင်ပါ။ (၁ကော ၁၂း၁၃)

54 ၅၄။ ဤခန္ဓာကိုယ်ထဲသို့ ကျွန်ုပ်တို့မည်သို့ ဝင်နိုင်ပါမည်နည်း။ (၁ကော ၁၂) 'ဝိညာဉ်တော်တပါးတည်းအားဖြင့် ကျွန်ုပ် တို့မှာ ဗတ္တိဇံခံရခြင်း ဖြစ်ပါသည်။ ....' ဝိညာဉ်တော်မှာလည်း ခရစ်တော်၏အက်တာပင် ဖြစ်ပါသည်။ မည်သည့် မျိုးစေ့၏ အသက်တာမဆို ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် နှုတ်ကပတ်တော်၏ မျိုးစေ့ဖြစ်ပါက အစေ့ကို အသက်ရှင် စေပါသည်။ သင်သဘောပေါက်ပါသလား။ ထိုအသက်မှာ မျိုးစေ့ထဲတွင်ရှိပါက ဤသန့်ရှင်းသော ဝိညာဉ်တော်ဗတ္တိဇံမှာ ငင်းအပေါ် သက်ရောက်ပါသည်။ ထိုမျိုးစေ့ကို အသက်ရှင်စေပါသည်။

55 ၅၅။ Phoenix တွင် ကျွန်တော်ပြောခဲ့သကဲ့သို့ပင် ဖြစ်ပါသည်။ သိပ် မကြာသေးမီကာလက ကျွန်တော် Brother John Sharrit နှင့် စကားပြောခဲ့ကြပါသည်။ အပြင်မှာ ရောက်နေစဉ်အခါ သူက ကျွန်တော်အား Cifrus အပင်ကိုပြသည်။ အသီးများစွာ သီးနေသည်ကို တွေ့ရသည်။ ငင်းနောက် သူကကျွန်တော်ကို ကျွန်တော်က 'Brother Sharrit အဲဒါ ဘာအပင်အမျိုးအစားလဲ။'

ဟုမေးပါသည်။လိမ္မော်ပင်ဟု ပြောပါသည်။

'ဘာကြောင့် သံပယို tangerinel tangelo နဲ့ စပျစ်သီးတွေ သီးနေရတာလဲ' ဟု ကျွန်တော်က မေးသောအခါ သူက 'အချဉ်သီးတွေအားလုံး မျိုးစပ်ထားတာပါ။' ဟုဖြေသည်။ 'အို ကျွန်တော် သဘောပေါက်ပါပြီ။ နောက်နှစ်မှာတော့ အားလုံး လိမ္မော်သီး သီးလိမ့်မည်။' ဟု ကျွန်တော်က ပြောလိုက်သည်။ သို့သော်လည်း 'သစ်ပင်တပင်စီသည် မိမိ၏အသီးကိုသာ သီးပေမည်။ အသီး အမျိုးအစား (၈)မျိုး၊ (၉)မျိုးခန့်ရှိသည့် အပင်တစ်ပင်ကို ပြပါသည်။

56 ၅၆။ အကိုင်းတကိုင်းစီမှာ မိမိ၏အသီးကို သီးပေမည်။' သစ်ပင်စိုက်ပျိုးသူ အတော်များများသိမည့်အကြောင်းအရာမှာ ဤချဉ်သီးများသည် မိမိ၏အသီးကိုသာ သီးမည့်အကြောင်းပင်ဖြစ်ပါသည်။ သင်သည် လိမ္မော်ပေါ်တွင် သံပုယိုသီးသီး ပေလိမ့်မည်။ အကြောင်းမှာ ချဉ်သီး၏ သဘာဝကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့ လည်း ထိုနည်းတူပင် ဖြစ်ပါသည်။ ကျွန်တော်တို့ ကိုင်းဆက်ကြပါသည်။ ယုံကြည်ချက်များစသည်တို့ဖြင့် ကိုင်းဆက်ကြသည်။ မက်သဒစ်တစ်ဦးမှာ မက်သဒစ် ကလေးမှလွဲ၍ ဘာမွေးဖွားလာ နိုင်မည်နည်း။ ဂိုဏ်းဂဏတခုမှလည်း ဂိုဏ်းဂဏတခုလည်း ဂိုဏ်းဂဏဆိုင်ရာ ကလေး ငယ်မှလွဲ၍ ဘာမွေးဖွားလာနိုင်ပါမည်နည်း။

57 ၅၇။ သို့သော်လည်း ထိုအပင်ကမူရင်းအကိုင်းကို ဖယ်ထုတ်လိုက်ပါက လိမ္မော်သီးသီးလာပါမည်။ ဘုရားသခင်က အသင်းတော်တွင် တစုံတခုပြုမူပါက နှုတ်ကပတ်တော်နှင့် မူရင်းအတိုင်း အတိအကျဖြစ်လာပါမည်။ ဖြစ်ကိုဖြစ်ရပါမည်။ အကြောင်းမှာ အပင်ထဲတွင် အသက်ရှင်သောကြောင်း ဖြစ်ပါသည်။ အမျိုးတူသည့် အသီးကိုသီးပါသည်။ ယခု ကျွန်တော်တို့ သိရှိရသောအခါ ...ယခုအခါမှာ ထိုကြီးမားသောအသင်းတော်ကြီး ခေတ်အဆက်ဆက် ဖြတ်သန်းဆင်းသက်လာပြီး အသီး သီးပါသည်။ အခက်များဖြာထွက်လာ၍ ကိုင်းများကို သုတ်သင်ရှင်းလင်းပါသည်။ (ယောဟန် ၁၅)တွင်...စပျစ်နွယ် ပင်အတိုင်းကို ဘယ်သောအခါမှ မရှင်းလင်းပါနှင့်။ သူသည်ကိုင်းများကို ရှင်းလင်းလိုက်ပါသည်။ ဖြတ်လိုက်ပါသည်။ အကြောင်းမှာ သူတို့က ဘာအသီးမှ မသီးသောကြောင့် ဖြစ်ပါသည်။ ငင်းနောက်ကျွန်တော်တို့မှာ...သခင်ယေရှုက သူ အတွက်သူ အသီးများရလိုပါသည်။ သူ၏ဇနီးသည်က သူကဲ့သို့သောသားသမီး၊ အမျိုးအစားများကို မွေးပေးရပါမည်။ ဖြစ်လာမည့်အရာအတွက် ဘာမှ မရှိသောကြောင့် နှုတ်ကပတ်တော် သားသမီးများ မမွေးဖွားပါက ဂိုဏ်းဂဏ ကလေးများ ကိုသာ မွေးဖွာလိမ့်မည်။ သူမ သည် ထိုနေရာသို့ ပြန်ရောက်သွားပေပြီ။ သူတို့သည် စစ်မှန်သော၊ မှန်ကန်သည့် ဒုတိယ မွေးခြင်း ခံယူပြီးသော ခရစ် ယာန်များ ဖြစ်ကြပါသည်။ အကြောင်းမှာ မွေးဖွားခြင်း ခံရန်အတွက် ဖြစ်ပါသည်။

58 ၅၈။ သင်သည် သံပုယိုအကိုင်းကိုယူ၍ ထိုနေရာမှာ ကပ်ထားပါက သံပုရာသီးသီးလာပေမည်။ လိမ္မော်သီးသီးမည်မဟုတ် ပါ။ အကြောင်းမှာ အစကထဲက ထိုနေရာမှာ မရှိသောကြောင့်ပင်ဖြစ်ပါသည်။ သို့သော်လည်း အစဦးကထဲက ဘိသိတ်ပေး ခြင်းခံရသောကြောင့် ဖြစ်ပါသည်။ ဘုရားသခင်က ကြိုတင်သိမြင်၍ စီစဉ်ထားခြင်းဖြစ်သည့်အတိုင်း မွေးဖွားလာပါသည်။ လိမ္မော်သီး သီးလာမည်။ အခြားဘာသီးမှ မသီးနိုင်ပါ။ အသက်ရှင်နေသော ဘုရားသခင်၏ အသင်းတော်သည်လည်း ထိုနည်းငင်းပင်ဖြစ်ပါသည်။ အချိန်နာရီ ရောက်လာသောအခါသူတိုင်း... သင်သည်ဘုရားသခင်ကို တစုံတခုစတင်၍ပြုလုပ် စေပါသည်။ လူတိုင်းရရှိပြီး ထွက်သွားကြပါသည်။ အမြဲတမ်းပင် ထိုနည်းအတိုင်းပင် ဖြစ်ပါသည်။ မာတင်လူသာကြောင်း သမိုင်းကြောင်းကို မကြာသေးမီအချိန်က ကျွန်တော်ဖတ်ရှုလေ့လာ ခဲ့ရပါသည်။ မာတင်လူသာက ကတ်သလစ်အသင်း တော်ကို ပုန်ကန်၍ မိမိဘာသာ ရပ်တည်နိုင်သည်မှာ ယုံကြည်ရန် မခတ်ခဲပါဟု ဆိုထားပါသည်။ ထူးဆန်းသည် ဟုဆို ထားပါသည်။ အယူသည်းမှုများ အားလုံး၏အထက်တွင် သူ၏နိုးကြားရေးအစီအစဉ် ပါလာပါသည်။ သူ၏ဖြောင့်မတ်ခြင်း တရားနှင့် ဆိုင်သည့် အယူဝါဒအပေါ်မှာလည်း သူကခိုင်မာစွာ ရပ်တည်နိုင်ပါသည်။ အပေါ်မှာလည်း သူကခိုင်မာစွာ ရပ်တည်နိုင်ပါသည်။ အရာခပ်သိမ်း အတူတူခြင်းများနှင့် အားလုံးကျဆုံးရပါသည်။......

59 ၅၉။ မစ္စ(စ်) semple mcpherson ကို ကြည့်ပါ။ Aimee semple mepherson ကိုကြည့်ပါ။ ထိုနေရာနားမှာ ဤ ဗိမာန်တော်ရှိပါသည်။ တရားဟောဆရာမတိုင်းလည်းထိုနည်းတူပင် သမ္မာကျမ်းစာကို ပိုက်ထားလေ့ရှိပါသည်။ ဇာတိဆန် သော အတုယူခြင်းမျိုးပင် ဖြစ်ပါသည်။ သူတို့သည် အခြေခံမူရင်းအတိုင်း မဖြစ်နိုင်ပါ။ အသင်းတော်များလည်း ထိုနည်း အတိုင်း မဖြစ်နိုင်ပါ။ အသင်းတော်တခု စုံတရာရရှိစေရန်

သင်ခွင့်ပြုခဲ့ပြီး (သို့မဟုတ် ) မြို့ထဲတွင် အခြားတစ်ခု ဖြစ်ပါသည်။ အခြားအသင်းတော် တစ်ခုမှာလည်း သူတို့ရရှိသည့်အထိ မရပ်တည်နိုင်ပါ။ သူတို့သည် ဘယ်လို နည်းနှင့်မှ မူရင်းမဖြစ်နိုင် တော့ပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်သာ မူရင်းအတိုင်းသာ ဖြစ်ပါသည်။ အချိန်ကျလာလျှင် ၎င်းအတိုင်း ဖြစ်လာ ပေမည်။ရွေးချယ်ခြင်းခံရ၍
ခမည်းတော်ဘုရားသခင်ကကြိုတင်ဖော်ပြထားသည်အတိုင်းပင်ဖြစ်ပါသည်။ ဤအသင်းတော်ထဲ သို့ ကျွန်တော်တို့ မည်သို့ ရောက်ရှိလာပါသနည်း။ ဝိညာဉ်တပါးတည်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဗတ္တိဇံကိုခံရပါသည်။ ကမ္ဘာဦးကျမ်း ၅း၁၈။ လုကာ ၃း ၃၇။ ၁ယော ၃း ၁၂။ သတိုးသမီးဟူသော ခရစ်တော်၏ ကိုယ်ခန္ဓာ နှုတ်ကပတ်တော်ပင် ဖြစ်သည်။

60 ၆၀။ ကျွန်တော်တို့သည် နောက်ဆုံးသောကာလတွင် ဟုတ်မဟုတ် သတိပြုမိကြပါစို့။ ကမ္ဘာဦးကို ပြန်လှန်ကြည့် သောအ ခါ တွေ့ရပါသည်။ အခန်းကြီး(၅)ဖြစ်သည်။ လုကာကိုလည်း ဖတ်ကြည့်နိုင်ပါသည်။ ဧနောက်မှာ နောဧမှဆင်းသက်သော (၁၅) ယောက်မြောက်ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ဧနောက်...မွေးမြူးစေ့ကိုတွေ့ရပါသည်။ ကာဣနသည် အာဗေလ၏သား ဖြစ်ပါက သူသည် အဌမမြောက်သားဖြစ်ပါသည်။ သမ္မာကျမ်းစာထဲတွင် မည်သည့်နေရာမှ ကာဣနသည် အာဗေလ၏သား ဖြစ်သည်။ .....သို့မဟုတ် ကာဣနသည်အာဒံ၏သားဖြစ်သည်ဟု ဖော်ပြထားခြင်းကို မတွေ့ရပါ။ ....သမ္မာကျမ်းစာက သူသည် ထိုဆိုးညစ်သောသူ၏ သားဖြစ်မည်ဟုသာ ဆိုထားပါသည်။ အာဒံသည် ဆိုးသောသူမဟုတ်ပါ။ သူသည် ဆိုးသောသူမှပင်ဖြစ်ပါသည်။

61 ၆၁။ ဧနောက်သည် ဧနောက်မှစလျှင် သတ္တမမြောက်ဖြစ်ကြောင်း ကျွန်တော်တို့တွေ့ရပါသည်။ အသင်းတော်ခေတ်ကာလ များ၏ ပုံစံပင် ဖြစ်ပါသည်။ သူ့ရှေ့မှ ဤလူခြောက်ဦးမှာ အားလုံးသေဆုံးပြီ ဖြစ်ပါသည်။ သို့သော်လည်း ဧနောက်မှာ ပြောင်း လဲခြင်းခံရပါသည်။ အကြောင်းမှာ သူသည်တွေ့ရှိခြင်း မခံရသော်ကြောင့် ဖြစ်ပါသည်။ ဘုရားသခင်က သူကို ချီဆောင်သွားပါ သည်။ သို့သော်လည်း ဧနောက်မှာ ရုပ်သိမ်းခြင်းခံရပါသည်။ သေဆုံးသွားသော သူအားလုံး၏ ပုံစံပင် ဖြစ်ပါသည်။ သို့သော် လည်း နောက်ဆုံးအချိန် သတိုးသမီးကိုခေါ်၍ (သေဆုံးခြင်း မရှိဘဲ ရုပ်သိမ်းခြင်း ခံရပါသည်။ အသင်းတော်ခေတ်ကာလ (၇)ခုမှ ရွေးနှုတ်ခြင်းခံရပါသည်။ ယခုအခါမှာ ကျွန်တော်တို့သည် မှတ်တမ်းတင် ခံရပါမည်။ နက်နဲစွာ ကျွန်ုပ်တို့ တူးကြည့် ကြပါစို့။

62 ၆၂။ ဤနေရာမှာလည်း အသင်းတော်ခေတ်ကာလကြီး (၇)ခေတ်၏ ပုံစံမျိုး (ဗျာဒိတ် ၁၀း၇ မှာတွေ့ရပါမည်။စာစောင်၏ ကြီးမားသော နက်နဲရာကို သတ္တမမြောက် ကောင်းကင်တမန်၏ သတင်းစကားက ဖွင့်ပြပါမည်။ သတင်းစကားပြောကြားသူ ရှိပါသည်။ ကမ္ဘာကြီးပေါ်မှာ သတင်းစကား ပြောကြားသူရှိပါသည်။ အင်္ဂလိပ်စကား (Angel)၏အဓိပ္ပါယ်မှာ ' သတင်းစကား ပြောကြားသူ" ဖြစ်ပါသည်။ သတ္တမမြောက်ကောင်းကင်တမန်၏ သတင်းစကားတွင် သူက သတင်းပို့ဆောင်သောအခါ ....သူ၏ တရားစကားကို ဟောပြောကြေငြာသည့်အခါ မပြောကြားမှီကပင်..... သခင်ယေရှုကစတင်ပြောကြားသည့်အခါသူသည် ဖျားနာနေသူမှားနှင့် ဒုက္ခရောက်နေသူများကို စတင်၍ အနာရောဂါ ငြိမ်းစေပါသည်။ ' ကြီးမြတ်တော်မူသော ရဗ္ဗိ သူသည် ပရောဖတ်ဖြစ်ပါသည်။ 'လူတိုင်းက သူ့အား သူ၏အသင်းတော်တွင် အလိုရှိပါသည်။ သို့သော်လည်း တနေ့သော အခါ သူထိုင်နေစဉ် ပြောပါသည်။ ' ငါနှင့် ငါ၏ခမည်းတော်မှာ တလုံးတဝတည်းဖြစ်ပါသည်။ ' မတူညီပါ။ ' လူသား၏အသွေး တော်ကို သောက်၍ အသားတော်ကို မစားရပါက သူ၏အသက်တာ သင့်အထဲမှာ မရှိပါ။ ' 'သူသည်သရဲဖြစ်ပါသလား ' ဟု မေးစရာဖြစ်လာပါသည်။ မတူညီပါ။ သူကမရှင်းပြပါ။ သူတို့က အဓိပ္ပါယ်ဖော်ပြချက်များကို တွေ့ရှိပြီးဖြစ်ပါသည်။ သူ၏ ခေတ်ကာလအတွက်ဖော်ပြထားသော ဘုရားသခင်၏နှုတ်ကပတ်တော်ပင်ဖြစ်ပါသည်။ အမှန်တကယ် ဖြစ်လာပြီး သူတို့အား သက်သေဖြစ်စေပါမည်။ ထိုခေတ်ကာလ၏ သတင်းစကားပြောကြားသူ ဖြစ်ပါသည်။ သူဘာမှ ရှင်းပြစရာ မလိုပါ။

63 ၆၃။ ယခုကြည့်ပါ။ သတ္တမမြောက် အသင်းတော်ခေတ်ကာလတွင် သတ္တမမြောက်ကောင်းကင်တမန်က စတင်၍ အသံ ပေးသောအခါ ဘုရားသခင်၏ နက်နဲရာများကို သိရှိစေရသော အခွင့်ရပါမည်။ ပြုပြင်ပြောင်းလဲရေးသမားများ၏ တံဆိပ်များ ..........လူသာလည်း အသက်မရှည်ပါ။ ဝက်စလီလည်း အသက်မရှည်ပါ။ ထိုနေ့ရက်ကာလ၏ သတင်းစကား သူတို့မှာ ရှိပါသည်။ သူတို့သည် ပြုပြင်ပြောင်းလဲရေးသမားများ ဖြစ်ကြပြီး သူတို့ ခေတ်ကာလ၏ သတင်းစကား သူတို့မှာ ရှိပါသည်။ လူများက လက်ခံကျင့်သုံးပြီး ဂိုဏ်းဂဏဖွဲ့ လိုက်ပါသည်။ ၎င်းနောက် ဘာဖြစ်ပါသလဲ။

64 ၆၄။ သင်သဘာဝကို လုံးဝမနိုင်နိုင်ပါ။ သဘာဝသည် အမြဲတမ်း လုပ်ပါသည်။ ဘုရားသခင်သည် သဘာဝနှင့် ဆက်သွားပါသည်။ ဖြစ်ရပါမည်။နေလိုမျိုး နေသည် မနက်ပိုင်းတွင် ထွက်ပါသည်။ ကလေးမွေးပါသည်။ အားနည်းပါသည်။ အပူရှိန်များဘို့မဟုတ်ပါဘူး။ (၁၀)နာရီ၊ အထက်တန်းကျောင်းမှ ထွက်လာပါသည်။ နေ့ရက်တာ၏အ လယ်မှာ အသက်တာထဲဝင်နေပါသည်။ နေ့လည်ပိုင်း (၃)နာရီတွင် အိုနေပါသည်။ (၅)နာရီ သေပါမည်။ အိုပြီးတော့ အားနည်းပါမည်။သင်္ချိုင်းထဲ ပြန်သွားပါမည်။ ဒါအဆုံး သတ်လား? ဒီလိုမျိုး နောက်မနက်တွင် ဖြစ်ပါသည်။ တွေ့လား?

သစ်ပင်များကိုကြည့်ပါ။ သူတို့မည်သို့ အရွက်များ ထွက်ပေါ်လာပါသနည်း။ သူတို့ လုပ်ဆောင်သမျှ အားလုံးပင်ဖြစ်ပါ သည်။ သစ်ပင်ပေါ်မှ အရွက်ကြွေ ကျလာသည်ကို တွေ့ရပါသည်။ အသက်တာသည် သစ်ပင်၏အရင်းအမြစ်သို့ ပြန့်သွားပါ သည်။ ၎င်းအရာ၏အဆုံးပိုင်း မဟုတ်ပါလား။ နောက်ထပ် နွေဦးပေါက်ရာသီတွင် အသက်တာသစ်ဖြင့် ပြန်လာပါသည်။

65 ၆၅။ အသင်းတော်များ ို ကြည့်ပါ။ ပြုပြင်ပြောင်းလဲရေးကာလတွင် အလားတူအရာမည်သို့ ဖြစ်လာပါသနည်း။ တက်လာပါသည်။ ဂျုံပင်၏ အညှောက်ကလေး မြေပေါ်သို့ကျ၍ အမှောင်ခေတ်ကာလ နှိပ်စက်ညှင်းဆဲမှုအောက်တွင် သေ ဆုံးခဲ့ရပါသည်။ မြေကြီးထဲသို့ကျသွားပါသည်။ သေဆုံးရပါမည်။ ဝိညာဉ်ရေးရာ လူသားတစ်ဦးထံမှမှ သိနိုင်ပါသည်။ ထိုမျိုးစေ့ ပုတ်ပျက်သေဆုံးမှသာ တခုတည်းတည်နေပေမည်။ အမှောင်ခေတ်ကာလ၏ မြေအောက်သို့ သွားနေပါမည်။ ထိုနေရာတွင် ကျရောက်နေပြီးပုပ်ပျက်၍ လူသာရင် အသင်းတော်၏ အညွန့်ကလေး

အဖြစ်ထွက်ပေါ်လာပါသည်။ လူသာရင်အသင်းတော် မှနေ၍ အညွန့်ကလေးများပိုမိုများပြားလာသည်။ ကွင်းကလီ စသည်တိုပဖြစ်ပါသည်။ ပန်းများဖြစ် ဂွန်ဝက်စလီ ဖြစ်လာ သည်။ ကြီးမားသောသာသနာပြု ကာလပင် ဖြစ်သည်။ ကြွေကျသွားပြီ နောက်လှည်ပဖျားမှုကာလ ပင်တေကုတ္တေခေတ်သို့ ရောက်လာပါသည်။ ဂျုံပင်၏ အဓိက အစေ့ပိုင်းပင်ဖြစ်သည်။...... (မဿဲ၂၄း ၂၂)

66 ၆၆။ လူသားအားဖြင့် ထွက်ပေါ်လာသော အသက်တာမျိုးမှာ ဝက်စလီဖြစ်လာပါသည်။ ဝက်စလီမှ ထွက်လာသော အ သက်တာသည် ပင်တေကုတ္တေ ဖြစ်လာပါသည်။ ပင်တေကုတ္တေမှ ထွက်လာသော အသက်တာသည် ဂျုံပင်ဖြစ်လာပါသည်။ သို့သော်လည်း သူတို့မှာ သယ်ဆောင်သူသာ ဖြစ်ပါသည်။ ထိုအကြောင်းကြောင့် ဂျုံပင်တက်လာပြီး ရုတ်သိမ်းခြင်း အချိန်ကာလတွင်ထိပ်ဆုံးတစ်ခုလုံးကို သယ်ဆောင်လာပါသည်။ ခေတ်ကာလတခုစီတွင် သတိုးသမီးသည် မိမိဖာသာ ပေါ်ထွက်လာပါသည်။ ဂိုဏ်းဂဏဆိုင်ရာ အသွေင့်မှာ သေဆုံးသွားပါသည်။ ခြောက်သွေ့သွားပါသည်။ သေဆုံးသွားပါသည်။ ဤနောက်ဆုံးသောနေ့ရက်များ မည်သို့စတင်၍ ဆွဲဆော်သွားမည်ကို သင်သတိပြု မိပါသလား။ ထိုဂျုံပင်သည်စတင်၍ ပေါက်လာသောအခါ အခွံမှာ ၎င်းထံမှ ပျောက်ပျက်သွားပါသည်။

67 ၆၇။ သင်ထိုအရာကို ကြည့်လိုက်သောအခါ ထိုဂျုံပင်ကလေးကို ပြန်၍လှည့်ကြည့်ပါ။ ဤကဲ့သို့ ဆွဲဖွင့်ကြည့်ပြီး အတွင်းသိုပကြည့်ပါ။ ဂျုံဖူးကလေးကို တွေ့နေရပါသည်။ ယခင်ကတဲက ရှိနေ နှင့်ပြီး စတင်၍ ပေါက်လာခြင်း ဖြစ်ပါသည်။ ထိုအခွံမှာ ထိုနေရာမှာပင်ရှိ၍ အကာအကွယ်ယူရပေမည်။ အပြင်သို့ ထွက်ရန် လည်း အခွင့်အရေးပေးသင့်ပါသည်။ ၎င်းသည် စတင်ပေါက်ဖွားလာပြီး သတင်းစကားမှာ စတင်၍ပျံ့နှံ့ပါက အခွံမှာ ၎င်းထံမှ ထွက်ပေါ်လာပြီး ဂျုံထဲသို့ဝင်သွားပါသည်။ ဆက်လတ်ပေါက်ဖွားလာပါသည်။ ခေတ်ကာလတိုင်းတါင် ထိုသို့ပင် ပြုလုပ် ကြပါသည်။ သဘာဝကို မတွန်းလှန်နိုင်ပါ။ ဘုရားသခင်၏ အဆက်မပြတ်ပြုလုပ် ဆောင်ရွက်ခြင်းများဖြစ်၍ ထိုအရာများကို ပြုလုပ်သည့်နည်းလမ်းလည်း ဖြစ်ပါသည်။ ကျွန်တော်တို့ အသက်ရှင်နေထိုင်သော ခေတ်ကာလပင် ဖြစ်ပါသည်။ သတ္တ မမြောက် အသင်းတော်ခေတ်ကာလပင် ဖြစ်ပါသည်။ (လုကာ ၁၇း၃၀။)

68 ၆၈။ ယခု ဒီအသက်တာ၌ကျွန်ုပ်တို့ အသက်ရှင်နေပါသည်။ အသင်းတော်(၇)ပါး၊

နောက်ဆုံးတွင် ဂျုံစေ့နှင့် ပတ်သတ်၍ အားလုံးကို ဖော်ပြရန်ပင် ဖြစ်ပါသည်။ နောက်တစ်ခု ပြန်လာပါသည်။ ..... (လုကာ ၁၇း၃၀) ကို ကြည့်ပါက ‘ သောဒုံမြို့၏နေ့ရက်ကာလကဲ့သို့ လူသားသည် တဖန်ပြန်လည်၍ ကြွလာတော်မူသော အခါ မိမိကိုယ်ကို ဖော်ပြမည်။’ ဖြစ်ပါသည်။ ဘာကိုဖော်ပြပါသနည်း။ ဤနေ့ရက်ကာလတွင် ကိုယ်တော်ရှင်သည် မိမိ ကိုယ်ကို ဖော်ပြပါသည်။ လူများကို ဖော်ပြခြင်းပင်ဖြစ်ပါသည်။ နေ့ရက်ကာလအတွက် ဖော်ပြသောနူတ်ကပတ်တော်ပင် ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်က လူများအားဖြင့် ဖော်ပြခြင်းဖြစ်ပါသည်။ သခင်ယေရှု ကျွန်တော်တို့ အလယ်တွင် ရှိနေပါသည်။

သတိယပါ။ သူသည် ယောကျ်ားဖြစ်ပါသည်။ သူပြောပါသည်။ ‘ဖြစ်ခဲ့ပါသည်။’ ယခု သူသည် ကျွန်ုပ်တို့ ဖတ်သလိုမျိုး ကျမ်းစာအတူတူဖတ်ပါသည်။ ယခု ကမ္ဘာဦးကျမ်း အပိုင်းတွင် ဘုရားသခင် ပြောသည်ကို တွေ့ရပါသည်။

69 ၆၉။ သူသည် လူတစ်ဦးအားဖြင့် ကိုယ်စားပြုခြင်းခံရပါသည်။ ကိုယ်တော်က ‘ ထိုကဲ့သို့ပင်ဖြစ်သည်။’ ဟု ဆိုထား ပါသည်။ ကိုယ်တော်ရှင်သည် ကျွန်တော်တို့ ဖတ်သော သမ္မာကျမ်းစာကိုပင် ဖတ်ပါသည်။ ကမ္ဘာဦးကျမ်းဖြစ်သည်။ သခင် ယေရှုက ထိုအကြောင်းပြောနေကြောင်း ကမ္ဘာဦးကျမ်းတွင် ကျွန်တော်တို့ သတ်ပြုမိပါသည်။ ကိုယ်တော်ရှင်က တဲတော်ကို ပြောပေးထားပါသည်။ စာရာမှာ တဲထဲတွင်ရှိပါသည်။ သူကမေးခွန်းမေးသည် ဟုဆိုထားပါသည်။ ဖြစ်လာနိုင်သည့်အရာ ဖြစ်မည်ဟု သူမက မယုံကြည်ပါ။ သူက ‘ အာဗြဟံ ငါသည် အချိန်ကာလ သက်တမ်းအရ သင့်ထံသို့ အလည်အပတ် လာရောက်မည်။’ ဟုဆိုပါသည်။ စာရာမှာလည်း တဲထဲမှ နေ၍ ရယ်မောမိပါသည်။ ကိုယ်တော်ကလည်း ‘ ဘာကြောင့် စာရာက တဲထဲမှနေ၍ ရယ်မောရပါသနည်း။’ ဟုဆိုသည်။ သခင်ယေရှု ဂတိတော်အတိုင်း သူပင် ဖြစ်ပါသည်။ အာဗြဟံက ကိုယ်တော်ကို Elohim ‘ကြီးမြတ်သောသူဟု ခေါ်ပါသည်။ ကိုယ်တော်ပင် ဖြစ်ပါသည်။

70 ၇၀။ သမ္မာကျမ်းစာ ကြိုတင်ဖော်ပြထားသည့်အတိုင်း နောက်ဆုံးသော နေ့ရက်များတွင် ပြန်လာမည်ဖြစ်ပါသည်။ သခင်ယေရှုကလည်း ပြောပါသည်။ ဤအရာများ ဖြစ်ပျက်လာသည်ကို သင်တွေ့မြင်သောအခါ ထိုကဲ့သို့ ဖြစ်ပျက် လာသည်ကို တွေ့ရသော အခါ အချိန်ကာလသည် တံခါးဝတိုင်အောင် ရောက်လျှက်ရှိကြောင်း သင်သိပေလိမ့်မည်။

ကမ္ဘာလောကကြီးကို ကြည့်ပါ။ ကမ္ဘာလောကကြီးကို ကြည့်ပါ။ သောဒုံမြို့ မျိုးရှိပါသဘား။ လူများက်ကြည့်ပါ။ ပျက်စီးနေ ကြပါသည်။ သူတို့၏စိတ်နှလုံးမှာ ကောင်းမွန်ခြင်း မရှိတော့ပါ။ သာမာန်ကောင်းမြတ်ခြင်းဆိုသည်မှာ မည်သို့သော အရာဖြစ်ကြောင်းသူတို့ မသိကြတော့ပါ။ ဥပဒေများ၊ လိင်တူဆက်ဆံမှုများ ၊ စသည့် အရာအားလုံးကို ကြည့်ပါ။ အမျိုးသမီး များကို ကြည့်ပါ။ မည်မျှယုတ်မာကြသနည်း။ ယဉ်ကျေးမှုမရှိသော ယုတ်မာကြမ်းတမ်းမှုရှိသည်။ ကိုယ်ကျင့်တရား ဖောက်ပြန် သည်။ ကျွန်ုပ်တို့သာမက.... သင်က ‘ထိုအရာမှာ မတ်သဒစ်ဖြစ်သည်။’ ဟုဆိုသည်။ ပင်တေကုတ္တေများလည်း ထိုနည်း အတိုင်းပင် ဖြစ်ပါသည်။ အမျိုးသားများကိုလည်း ကြည့်ပါ။ သူတို့က..... နူတ်ကပတ်တော်အစား ဂိုဏ်းဂဏအစွဲကလေးများ ရှိကြသည်။ ဘုရားသခင်က မိမိကိုယ်ကို ထင်ရှားစွာ သိစေပါသည်။ အကြောင်းရင်းမှာ သူတို့သည် မျက်စိကွယ်လျက်ရှိကြပြီး မမြင်ရကြပါ။ဘယ်တော့မှ မြင်ကြမည်လည်း မဟုတ်ပါ။ ဤနေရာမှာသာ ဖြစ်သည်ကိုလည်းကြည့်ပါ။ ကျွန်တော်တို့ အလျှင် စလိုပြုလုပ်နေစဉ်အခါ ထိုအမျိုးသမီးက ကျွန်တော်တို့အား ထွက်သွားစေချင်သည် ဟုထင်ပါသည်။ လက်ကို ခါနေပါသည်။ ကျွန်တော်တို့အားထွက်သွားစေချင်ပါသည်။ ကျွန်တော်တို့ မြန်မြန်လုပ်ရပါမည်။

71 ၇၁။ ‌နောက်ကို ကြည့်ပါ။ အသင်းတော်ပုံစံပင် ဖြစ်ပါသည်။ သတ္တမမြောက် အသင်းတော် ခေတ်ကာလကို ပုံစံပြုခြင်း ဖြစ်ပါသည်။ သင်စဉ်းစားမိပါသလား။ သတ္တမမြောက် အသင်းတော်ခေတ်ကာလပင်ဖြစ်ပါသည်။ ......အသံမြည်သော အချိန် ဖြစ်သည်။ အသင်းတော်ခုနှစ်ပါးအတွက် သတင်းစကားပို့ဆောင်သူ ခုနှစ်ဦးရှိကြောင်း ဘယ်နှစ်ယောက်ယုံကြည်ပါသနည်း။

....သမ္မာကျမ်းစာကိုယုံကြည်ပါက ကျွန်တော်တို့အားလုံး ယုံကြည်ကြပါသည်။ သမ္မာကျမ်းစာကို မယုံကြည်ပါက ကျွန်တော် တို့ မယုံကြည်ပါ။ သို့သော်လည်း ရှိခဲ့ပါသည်။

ယခုအခါမှာ ကျွန်တော်တို့သည် သတ္တမမြောက် အသင်းတော်ကာလတွင် အသက်ရှင် နေထိုင်ကြပါသည်။ ပြောဆိုသော အခါ...... သတ္တမမြောက်အသင်းတော်၏သတင်းစကား ခေတ်ကာလစတင်လာသောအခါ အရာခပ်သိမ်း၏ နက်နဲရာများ ခေတ်ကာလတလျှောက် လှည့်ပတ်လာ၍ ထိုအချိန်တွင် ဖော်ပြခြင်းခံရမည် ဖြစ်ပါသည်။ လူသားသည် သူ၏ လူများအကြား သို့ ရောက်လာသည်ကို ကျွန်တော်တို့က တွေ့ရပါသည်။ ယခုအခါမှာ .....(၇)ကြိမ်ခန့်ပေါ်ထွက်လာပြီး (၇)ကြိမ်ခန့် ကြည့်နေခြင်းဖြစ်ပါသည်။ ပထမအကြိမ်တွင် သူမလာသေးပါ။ ဒုတိယ၊ တတိယ၊ စတတုတ္ထ၊ နောက်ပိုင်း သတ္တမ မြောက်ဖြစ်ပြီး ပြောင်းလဲလာပါလိမ့်မည်။ ၎င်းနောက် နောဧဖြစ်ပါသည်။ ကြွင်းသော ယုဒအမျိုး၏ ပုံစံဖြစ်သည်။ ဆတ်လတ်၍ ပြုလုပ်ဆောင်ရွက်ရန်ရှိပါသည်။ သမ္မာကျမ်းစာ၏ အချိန်ကာလ စောင့်ဆိုင်းရခြင်း အကြောင်းများကို ပြောဆိုခြင်း ဖြစ်ပါသည်။ သမ္မာကျမ်းစာ၏ အချိန်ကာလက ညများကို အချိန်နာရီများအဖြစ် ခွဲခြားမထားပါ။

72 ၇၂။ (ယခုသေချာစွာ နားထောင်ပါ။ သူတို့အခန်းလိုအပ်နေကြသဖြင့် ကျွန်တော်မြန်မြန်လုပ်ပါမည်။) သမ္မာကျမ်းစာကို ခွဲခြားမထားပါ။ သို့မဟုတ် သမ္မာကျမ်းစာအချိန်ကာလက ညများကို အချိန်နာရီများအဖြစ် ခွဲခြားမထားပါ။ အချိန်များအဖြစ် ခွဲခြား ကန့်သတ်ထားပါသည်။ ခွဲခြားထားသောအချိန် သုံးချိန်ရှိပါသည်။ ပထမဆုံးအချိန်သည် ၉း၀၀ မှ ၁၂း၀၀ အထိဖြစ် ပါသည်။ဒုတိယအချိန်မှာ ၁၂း၀၀ မှ ၃း၀၀ နှင့် တတိယအချိန်မှာ ညအချိန် ၃း၀၀ မှ ၆း၀၀ အထိ ရေတွက်နိုင်ပါသည်။ ယခု အခါမှာ သုံးဖြစ်ပါသည်။ သုံးသုံးလီကိုး ဖြစ်သည်။ မပြည့်စုံသော နံပါတ်ဖြစ်သည်။ ၎င်းနောက် ကျွန်တော်တို့သည် အသင်း တော် ရုတ်သိမ်းခြင်း ခုနှစ်နံပါတ်သို့ ပြန်ရောက်လာပါသည်။ ၆း၀၀ နှင့် ၇း၀၀ အကြားဖြစ်လိမ့်မည်ဟု ကျွန်တော်ယုံကြည်ပါ သည်။ .....သို့မဟုတ် ၆း၀၀ နှင့် ၉း၀၀ နာရီဖြစ်၍ မနက်ပိုင်း ဖြစ်ပေမည်။ ထာဝရဘုရား၏ တံပိုးမှုတ်သံကို ကြားရပါမည်။

.... တောက်ပ၍ တိမ်ကင်းစင်သော မနက်ခင်းတွင် ခရစ်တော်၌ သေဆုံးသူများ ရှင်ပြန်သည့်အချိန်တွင် ကိုယ်တော်၏ ရှင်ပြန် ထမြောက်တော်မူခြင်း ဘုန်းတော်ကို မျှဝေ၍ သူရွေးချယ်ထားသူများ သူတို့၏အိမ်များတွင် စုရုံး၍ ကောင်းကင်အောက်တွင် ရှိနေပေမည်။ တစ်ဦးစီကို အလှည့်ကျခေါ်သောအခါ ကျွန်တော်ထိုနေရာမှာ ရှိပါမည်။ (၁သက် ၄း၁၃-၁၆)

73 ၇၃။ ‘Rapture " တည်းဟူသောစကားလုံးကို သမ္မာကျမ်းစာထဲတွင် လုံးဝအသုံးပြုထားသည်ကို မတွေ့ရပါ။ထိုစကားလုံး ကို ကျွန်တော်တို့ထည့် ထားခြင်းသတ်သတ်သာ ဖြစ်ပါသည်။ သမ္မာကျမ်းစာက ’ ချီဆောင်ခြင်း၊ ချီဆောင်ခံရခြင်း ‘ ဟုဆို ထားပါသည်။ ၂သက် (သို့)၁သက်တွင် ကျွန်တော်တို့တွင် ဖတ်ရှုလေ့လာရပါသည်။နောက်ဆုံးသော နေ့ရက်များတွင် ဖြစ် ပေါ်လာမည့်ကြီးမားသော ရုတ်သိမ်းခြင်း Rapturre ပင်ဖြစ်ပါသည်။ ဤနေရာမှာ ဤအရာကို နားထောင်ပါ။ အခန်းငယ် (၁၃)ဖြင့်ကျွန်တော်တို့ စတင်ပါမည်။

.....ညီအစ်ကိုတို့၊ မြော်လင့်ခြင်းမရှိသော အခြားသူတို့သည် ဝမ်းနည်းသကဲ့သို့ ၊ သင်တို့သည် ဝမ်းမနည်းမည့်အကြောင်း၊ အိပ်ပျော်သော သူတို့၏ အမှုအရာကို မသိဘဲနေစေခြင်းငှာ ငါတို့အလိုမရှိ ။

ယေရှုသည်သေပြီးမှ တဖန်ထမြောက်တော်မူသည်ကို ငါတို့သည်ယုံလျှင် ထိုနည်းတူ ယေရှု၌ အိပ်ပျော်သောသူတို့ကိုလည်း ထိုသခင်နှင့်အတူ ဘုရားသခင် ပို့ဆောင်တော်မူလိမ့်မည်၊ သခင်ဘုရား၏ ဗျာ၏ဒိတ်တော်အားဖြင့်၊ တဖန်ငါတို့ဆိုသည်ကား၊ သခင်ဘုရားကြွလာတော်မူသောအခါ အသက်ရှင်ကျန်ကြွင်းသော ငါတို့သည် အိပ်ပျော်ပြီးသာ သူတို့၏ အရင်အဦးနေရာ ကျ ရကြမည် မဟုတ် ၊ သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်အသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကို မှုတ် ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌ သေလွန်သော သူတို့သည် အဦးထမြောက်ကြ လိမ့်မည်။

74 ၇၄။ ဤနေရာမှာ ကြီးမားသောအရာ ဖြစ်ပျက်သည်ကို သင့်အား ကျွန်တော်သတိပြုမိစေလိုပါသည်။ ဤအရာကို လက်မ လွတ်ပါနှင့်။ ၂သက် တွင်ဖော်ပြသော နှုတ်ကပတ်တော်မှာ အကြောင်းအရာသုံးခု သုံးမျိုးရှိပါသည်။...... ကိုယ်တော်ရှင်ကို မတွေ့မမြင်ရမှီ အကြောင်းအရာသုံးခု ဖြစ်ပေါ်ပေမည်။ အခန်းငယ်၁၃ မှ ၁၆ အထိဖြစ်သည်။ (ယခု မြန်မြန် အဆုံးသတ်ပါ မည်။) ပထမဆုံးဖြစ်ပေါ်သည့်အရာကိုလေ့လာ ကြည့်ကြပါစို့။ ကြွေးကြော်ခြင်း၊ အသံပေးခြင်းနှင့် တံပိုးမှုတ်ခြင်းဖြစ်ပါသည်။ သမ္မာကျမ်းစာကို ဖတ်ကြည့်ပါက တွေ့မြင်ရပေလိမ့်မည်။

ဘုရားသခင်သည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကို မှုတ်ခြင်းနှင့် တကွ၊....

75 ၇၅။ သုံးခုဖြစ်ပျက်ခဲ့ပါသည်။ အသံ...... ကြွေးကြော်သံ၊ အသံပေးခြင်းနှင့် တံပိုးမှုတ်သံပင်ဖြစ်၍ သခင်ယေရှုကြွလာတော် မမူမီ ဖြစ်ပျက်ရပါမည်။ ယခုအသံပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင် ဆင်းသက်ကြွလာတော်မူသောအခါ သုံးခုစလုံး တွေ့ရပါ သည်။ ကြွေးကြော်ခြင်းဆိုသည်မှာ အဘယ်အရာဖြစ်ပါသနည်း။ ပထမဆုံး သတင်းစကား က ရှေ့ဆုံးမှ သွားရပါသည်။ အသက်ရှင်တော်မူသော အသက်မုန့်က သတိုးသမီးကို ဆောင်ယူလာခြင်းပင် ဖြစ်ပါသည်။ ဘုရားသခင်၌ အရာရာများကို ပြုလုပ်ရန်နည်းလမ်းရှိပါသည်။ သူ၏ ပေါ်လစီကို သူက ဘယ်တော့မှမပြောင်းလဲပါ။ ကိုယ်တော်သည် သူသည်မပြောင်းလဲ သော ဘုရားဖြစ်ပါသည်။ အာမုတ် ၃း၇ တွင် အကယ်စင်စစ်အရှင် ထာဝရဘုရားသည် မိမိကျွန် ပရောဖက်တို့အား မဖော် ပြဘဲ အဘယ်အမှုကိုမျှ စီရင်တော်မမူ။ သူဂတိပေးတော်မူသည့်အတိုင်း သေချာသောအခါ သူကပြုလုပ်ပါမည်။

76 ၇၆။ အသင်းတော် ခေတ်ကာလများကို ကျွန်တော်တို့ ဖြတ်ကျော်ခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း မာလခိ ၄ အရ ကျွန် တော်တို့မှာ ဂတိတော်ရှိထားပါသည်။ ပရောဖက်တပါး ပြန်လာဦးမည်ဖြစ်ပါသည်။ သူ၏သဘာဝကို သတိပြုပါ။ လူသာ နှင့် တူမည်ကိုလည်းကြည့်ပါ။ ထိုဝိညာဉ်ကို ဘုရားသခင်က ငါးကြိမ်တိုင် အသုံးပြုပါသည်။ ဧလိယတွင်တကြိမ်၊ ဧလိရှဲ နှင့် ဗတ္တိဇံ ယောဟန်တွင်တကြိမ်စီ ဖြစ်ပါသည်။

အသင်းတော်ကို ရွေးချယ်ခြင်းနှင့် ယုဒကျွန်ကြွင်းသူများ စသည်ဖြင့် ငါးကြိမ်ဖြစ် သည်။ ကျေးဇူးတော် J-e-s-u-s, f-a-i-t-h တို့သည် ကျေးဇူးတော် နံပါတ်ဖြစ်သည်။

77 ၇၇။ သတင်းစကား၏ ဂတိတော်ကို သတိ်ရပါ။ ဤနက်နဲရာများအားလုံး အသင်းတော် စည်းမျဉ်းများဖြင့် ထုံးဖွဲ့ ချည်နှောင်ခြင်းခံရသောအခါ ဘုရာ းသခင်၏ ပရောဖက် က တိုက်ရိုက်ဖော်ပြနည်ဖြစ်ပါသည်။ ထိုအရာမှာ ကိုယ်တော်ရှင်က ဂတိတော် ထားခဲ့သည့်အတိုင်းပင်ဖြစ်ပါသည်။ (တော ၂၂း၁၈၊ ဟေ ၁း၁)

ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ပရောဖက်ထံသို့ ရောက်လာပါသည်။ သီဩလော်ဂျီ ပညာရှင်ထံသို့ ရောက် လာခြင်း မဟုတ်။ ပရောဖက်ထံသို့ ရောက်လာခြင်းမဟုတ်ပါ။ ပရာဖက်ထံသို့ ရောက်လာခြင်းဖြစ်ပါသည်။ သူသည် ဘုရားသ ခင်၏ နှုတ်ကပတ်တော်ကို ရောင်ပြန်ဟပ်စေသူ ဖြစ်ပါသည်။ သူဘာမှမပြောနိုင်ပါ။ ဘုရားသခင် ဖော်ပြသောအရာကိုသာ ပြောဆိုပါသည်။ ပရောဖက်ဘာလမ်ကိုပင် သူ၏ အခွင့်အရေးများကို ရောင်းချရန်ကြိုးစားပါသည်။ သူ၏အဆိုမှာ ' မည်သည့်အရာကို မဆို ပြောနိုင်ပါမည်နည်း။ သင်ဘာမှ မပြောနိုင်လောက်အောင် ဘုရားသခင်က ပြုလုပ်ပါသည်။ သင်တို့ နည်းအတိုင်း မွေးဖွားလာပါသည်။

78 ၇၈။ သင်လုပ်နိုင်သည်ထက် မပိုပါ။ ......... 'ငါ၏မျက်လုံးများကိုမဖွင့်နိုင်ပါ' ဟု သင်ပြောပြီး သင်ကြည့်နေပါက သင်မြင် ပါသလား? သင်သည် လူသားဖြစ်ပါက ခွေးမဖြစ်နိုင်ပါ။သင်သည် ပြုလုပ်ခံရ၍ ဘုရားသခင်ကလည်း အမြဲတမ်း ....ဟေရှာယ၊ ယေရမိတို့၏ ခေတ်ကာလတစ်လျှောက် ဖြစ်သည်။...... ဧလိယနှင့်ခေတ်အဆက်ဆက် ကုန်လွန်သွားပါသည်။ အသင်းတော် အုပ်စုကလည်း အရာခပ်သိမ်းကို ရောထွေးစေပါသည်။ ပရောဖက်ကို စေလွှတ်၍ ချီးမြှောက်ရပါမည်။ သူတို့၏ အခြေအနေ များမှ မဟုတ်ပါ။ ဘုရားရှင်၏ နှုတ်ကပတ်တော်ကို ဟောပြောပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားပါသည်။ ဘုရားသခင်၏ သမ္မာတရား၏ အကြမ်းခံ လူသားများပင် ဖြစ်သည်။ (၁ကော ၁၄း၃၇)

79 ၇၉။ အမြဲတမ်းပင် ......သူ့အား သင်ပြောနိုင်သည့် နည်းလမ်းပင် ဖြစ်ပါသည်။ သူကပြောသည်မှာ 'သင်တို့အထဲမှာ ဝိညာဉ်ရေးရာ (သို့)ပရောဖက်ရှိပါက ......' ပရောဖက်...... အသင်းတော်မှာ ပရောဖက်ပြုခြင်း ဆုကျေးဇူးကဲ့သို့ ပင်ရှိပါ သည်။ သို့သော်လည်း ပရောဖက်မှာ ကြိုတင်ရွေးချယ် ခန့်အပ်ထားခြင်း ခံရသူဖြစ်၍ ထိုအချိန်အတွက် ကြိုတင် ဘိသိတ် ပေးခြင်း ခံရသူဖြစ်ပါသည်။

ပရောဖက်ပြုခြင်း ရှိပါက နှစ်ဦးသုံးဦးက ထိုင်၍ စစ်ဆေးရပါသည်။ အသင်းတော်က လက်မခံမီ အမှားအမှန်ကို ဝေဖန်ရ ပါမည်။ မည်သူမှ ပရောဖက်ရှေ့တွင် ချထားခြင်း မခံရပါ။ အကြောင်းမှာ သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော် အမှန်ဖြစ် သောကြောင့် ဖြစ်ပါသည်။ သူ၏ ခေတ်ကာလမှာ သူသည် နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ ဘုရားရှင် ရောင်ပြန် ဟပ်သည် ကို သူတွေ့မည်။ နောက်ဆုံးသောနေ့ရက်များတွင် ဘုရားသခင်က တစ်ဖန် စေလွှတ်ဦးမည်ဟု ဂတိတော်ရှိပါက သတိုးသမီး ကို အသင်းတော်ဆိုင်ရာ ဘာသာရေးရှုပ်ထွေးမှုများအကြားမှ ရွေးထုတ်ရမည့် တစ်ခုတည်းသော နည်းလမ်းပင် ဖြစ်ပါသည်။

80 ၈၀။ ဘယ်သောအခါမှ မဖြစ်နိုင်ပါ။ ....အသင်းတော်က ခရစ်တော်ကို လက်မခံနိုင်ပါ။ ပင်တေကုတ္တေများ ယနေ့အသင်း တော် ရှိနေသော အခြေအနေမျိုးတွင် ဤသတင်းစကားကို ကျွန်တော်တို့ မဟောပြောနိုင်ပါ။ ယနေ့သူတို့ရှိသော အခြေအ နေမျိုးဖြင့် ကျွန်တော်တို့ မည်သို့ဆက်လက်၍ နောက်ဆုံးအချိန်ကို သယ်ဆောင်သွားနိုင်ပါမည်နည်း။ တစ်ဦးနှင့်တစ်ဦး အတိုက်အခံ ဖြစ်နေသော အချိန်ဖြစ်ပါသည်။ အိုဂရုဏာသက်တော်မူပါ။ ရှုပ်ထွေးပွေလီလုပါသည်။ ဂိုဏ်းဂဏများအဖြစ်သို့ ရောက်သွားပါသည်။ ဘယ်အချိန်မှာ ဖြစ်ပါစေ။ သမိုင်းဆရာများကို မေးပါက ကွာခြားကြောင်း အဖြေပေးပါသည်။ ကမ္ဘာလောကကြီး အပေါ်တွင် သတင်းစကား ရောက်သွားသောအချိန်တိုင်း အဖွဲ့အစည်း ဖွဲ့စည်းပြီး အသေဖြစ်သွားရလေ့ ရှိပါသည်။ ပင်တေကုတ္တေတို့လည်း အလားတူပင် ဖြစ်ရပါသည်။ ပေါ်ထွက်လာသော ပင်တေကုတ္တေပင် ဖြစ်ပါသည်။

81 ၈၁။ Assemblies ofGod အသင်းဝင်များ သင်တို့၏ အဘိုးအဖွားများက အဖွဲ့အစည်းများထဲမှ ထွက်လာကြပြီး Goneral ကောင်စီတွင် အော်ဟစ်၍ ကျေးဇူးတော် ချီးမွမ်းကြပါသည်။ ခွေးသည် အန်ဖတ်ကို ပြန်စားပြီး ဝက်သည် ရွှံ့များလူးသကဲ့သို့ ဖြစ်သည်။ သူတို့ ပြုလုပ်သကဲ့သို့ ပြုလုပ်ခဲ့သည်။ အလွန်ပင် ဘာသာရေးဆန်စွာပင် သင်တို့က ဂရုဏာတံခါးများ ပိတ်ထားကြသည်။ တစ်ဦးနှင့်တစ်ဦး မသိကျွမ်းမှီပင် မိဿဟာယ ကပ်ပြားများ ရှိကြရပါမည်။

ဘုရားတစ်ဆူတည်းသာ ယုံကြည်သော သတင်းစကားမျိုးကို သင့်အား ဘုရားက ပေးသနားတော်မူ၍ နိမ့်ချစွာဖြင့် ဆက်သွားရမည့်အစား ပြန်လှည့်ပြီး အဖွဲ့အစည်း ဖွဲ့စည်းရပါမည်။ သင်တို့အားလုံး ဘယ်နေရာမှာ ရောက်နေပါသနည်း။ အလားတူ ရေပုံးထဲမှာပင် ဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ်တော် လှုပ်ရှားနေပါသည်။ ငါကိုယ်တိုင် စိုက်ပျိုး၊ ရေလောင်း၍ နေ့ညမပြတ် ပြုလုပ်ပါမည်။

82 ၈၂။ သူက ဤအရာများကို ဖြစ်ပျက်မည်ဟု ဘိသိတ်ပေးခြင်း ဖြစ်သည်။ သူက စေလွှတ်ရပါမည်။ ကောင်းကင်မှ ဆင်းသက်လာသောအခါ ပထမဦးဆုံး အသံကို ကြားရပါမည်။ ဘာဖြစ်ပါသနည်း။ လူအများ စုဝေးစေရန် သတင်းစကားပင် ဖြစ်ပါသည်။ သတင်းစကား ပထမဦးဆုံး ကြားရမည်။ 'မီးခွက်ထွန်းရန် အချိန်ဖြစ်သည်။ ထ၍ သင်၏မီးခွက်များကို ထွန်းပါ။' ဘယ်အချိန် ဖြစ်ပါသနည်း။ သတ္တမမြောက်အချိန် ဖြစ်ပါသည်။ ဆဋ္ဌမ မဟုတ်ပါ။ သတ္တမမြောက် အချိန်ဖြစ်ပါသည်။ 'သတိုး သား ကြွလာပါပြီ၊ ထ၍မီးခွက်များကို ထွန်းကြပါ။' သူတို့လည်း ထကြပါသည်။ သို့သော်လည်း မီးခွက်ထွန်းချိန် ဖြစ်ပါသည်။ (မာလခိ ၄)အချိန် ဖြစ်သည်။ (လုကာ ၁၇) ဖြစ်သည်။ဟေရှာယ ဖြစ်သည်။ ......ဤ ပရောဖက်ပြုချက်များအားလုံး အစီ အစဉ်တကျ ဤနေ့ရက်အတွက် ဖြစ်ကြောင်း သမ္မာကျမ်းစာအားဖြင့် သိရပါသည်။ ဘာမှ မရှိပါ။ .....

83 ၈၃။ ဤအဖြစ်အပျက်များ ဖြစ်ပျက်သည်ကို ကြည့်ပါ။ ချစ်သော ညီအစ်ကို မောင်နှမတို့၊ ယခု တရားဟောပလ္လင်ပေါ်မှာ ပင် ကျွန်တော် သေသွားနိုင်ကြောင်း ကောင်းကင်ဘုံရှင်အဖက သိပါသည်။ လှည့်ပတ်၍ ခဏ လျှောက်လှမ်းနေပါသည်။ ....ကောင်းကင်မှ

ဘုရားကြွလာသည်ကို တွေ့ရသောအခါ ကြီးမြတ်လှပါသည်။ လူများရှေ့မှာ ရပ်လျှက် ထာဝရ ကြွေးကြော်သ ကဲ့သို့ ကြွေးကြော်ပါမည်။ သမ္မာတရားပင် ဖြစ်၍ ဤသမ္မာကျမ်းစာကို ဖွင့်ထားပါသည်။ ကျွန်တော်တို့ ဤနေရာမှာ ရောက်နေ ပါပြီ။

ဂိုဏ်းဂဏစံနစ်မှာ သေဆုံးပြီ ဖြစ်ပါသည်။ ပျောက်ကွယ်သွားပါပြီ။ ဘယ်သောအခါမှ ပြန်လည် ပေါ်ထွက်လာတော့မည် မဟုတ်ပါ။ မီးလောင်ကျွမ်းသွားပါပြီ။ ကွင်းထဲမှာ မီးရှို့သကဲ့သို့ဘဲ ဖြစ်ပါသည်။ ၎င်းမှ ထွက်ပြေးပါ။ ခရစ်တော်ထဲသို့ ဝင်ပါ။ 'ကျွန်တော် မက်သဒစ်နှင့်ဆိုင်သည်။ နှစ်ခြင်းနှင့် ဆိုင်သည်။ ပင်တေကုတ္တေနှင့်ဆိုင်သည်။' ဟုမဆိုပါနှင့်။

ခရစ်တော်ထဲသို့ ဝင်ပါ။ သခင်ခရစ်တော်ထံ၌ ရှိပါက သင်ယုံကြည်သည့်အတိုင်း ဖြစ်ပါသည်။ မည်သူက မည်သို့ပင် ပြောပါစေ၊ ကျွန်ုပ်ဂရုမစိုက်ပါ။ ဘုရားသခင် ဖေါ်ပြပါသည်။ သင့်ကြောင့် .....နှုတ်ကပတ်တော်အပေါ်သို့ဝိညာဉ်တော်ကို သွန်းလောင်းသောအခါ ဘာဖြစ်ပါသနည်း။ မျိုးစေ့ပေါ်သို့ ရေလောင်းသကဲ့သို့ ဖြစ်ပါသည်။ အသက်ရှင်ပါမည်။ ၎င်း၏အမျိုး အစားအတိုင်း အပင်ပေါက်လာပါမည်။

84 ၈၄။ သင်က 'ကျွန်တော်သည် သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံခံရသည်။' ဟုဆိုပါသည်။ သင်ကယ်တင်ခြင်း ရသည် ဟု ဆိုလိုခြင်း မဟုတ်ပါ။ ရှည်လျားသော လမ်းများအားဖြင့် မဟုတ်ပါ။

သင်သည် (၃)မျိုးပေါင်းစပ်ထားသော သတ္တဝါဖြစ်ပါသည်။ သင်သည် .....ဤသတ္တဝါကလေး၏ အတွင်း၌ စိတ်ဝိညာဉ်ရှိပါ သည်။ နောက်တစ်ခုမှာ ဝိညာဉ်ဖြစ်သည်။ နောက်တစ်ခုမှာ ကိုယ်ခန္ဓာပင် ဖြစ်ပါသည်။ ဤကိုယ်ခန္ဓာမှာ အာရုံ(၅)ပါးရှိ၍ သင်၏ လောကဆိုင်ရာ အိမ်ကို ဆက်သွယ်နိုင်ပါသည်။ ဤအရာများကို သူတို့ ထိတွေ့ခြင်း မရှိပါ။ ဝိညာဉ်(၅)ပါးကို သင်ရရှိ ပါသည်။ ချစ်ခြင်းမေတ္တာနှင့် သြတ္တပ္ပစိတ်နှင့် စသည်တို့ပင် ဖြစ်သည်။ သို့သော်လည်း ဤအထဲမှာ သင်နေထိုင်ရပါသည်။ ထိုအရာသည် သစ်ပင်ဖြစ်ပါသည်။ (မသဲ ၅း၄၅)

သခင်ယေရှုက မိုးသည် ဖြောင့်မတ်သူနှင့် မဖြောင့်မတ်သူများအပေါ်တွင် ရွာချသည်ဟု ဆိုသည် မဟုတ်ပါလား။ ပေါင်းပင်နှင့် ဂျုံပင် နှစ်မျိုးစလုံးကို အပြင်မှာ ထုတ်ထားပါ။ ရေလောင်း၍ မြေသြဇာထည့်ပေးပါ။ နှစ်ပင်စလုံး ထိုရေတမျိုးတည်းဖြင့် အသက်ရှည်မည်မဟုတ်ပါလား။ သေချာပါသည်။ ဘာဖြစ်ပါသနည်း။ တစ်ပင်မှာ ပေါင်းပင် ဖြစ်သဖြင့် ပေါင်းပင်ကိုသာ ပွင့်ပါ မည်။ ပေါင်းပင်မှာ ကျွန်တော်သည် ဂျုံပင်ကဲ့သို့ဖြစ်၍ လက်ကိုမြှောက်၍ အလားတူပင် အော်ဟစ်မည်ဖြစ်ပါသည်။

85 ၈၅။ ခရစ်တော်အတုများ ရောက်လာမည်ဟု သမ္မာကျမ်းစာက ပြောထားသည် မဟုတ်ပါလား။ နောက်ဆုံးသော နေ့ရက် များတွင် ခရစ်တော်အတုများ ဖြစ်ပါသည်။ ယေရှုအတုများ မဟုတ်ပါ။ ဘိသိတ်ခံရသူများ၊ နှုတ်ကပတ်တော်ကို မှားယွင်းစွာ ဘိသိတ်ပေးထားသူများ ဖြစ်သည်။ ဂိုဏ်းဂဏ ဘိသိတ်ပေးခြင်းဖြစ်သည်။ နှုတ်ကပတ်တော်အားဖြင့် ဘိသိတ်ခံရခြင်း မဟုတ်ပါ။ အကြောင်းမှာ နှုတ်ကပတ်တော်က မိမိဖာသာ မှတ်တမ်းပြုစုပါမည်။ မှားယွင်းသော ဘိသိတ်ခံရသူများ ရောက် လာပါမည်။ ထိုအရာနှင့် ပတ်သက်၍ သင့်မှာ တိတ်ခွေများ ရှိပါသည်။ ထိုအရာမှာ ဘိသိတ်ပေးခြင်းသာ ဖြစ်ပါသည်။ .....တစ်စုံတစ်ဦးကို သင်ခေါ်၍ ပြောပါမည်။ 'သင်သည် ယေရှုမဟုတ်ပါသလား?' 'အိုတကယ်လည်း မဟုတ်ပါဘူး။ သူတို့ ထိုအရာအတွက် မရပ်တည်ပါ။ သို့သော်လည်း 'အိုဘုန်းကြီးပါစေ။ ကျွန်တော့်မှာ ဘိသိတ်ရှိပါသည်။ ..... 'ဟု ပြောလာပါက စစ်မှန်သော ဘိသိတ်ပေးခြင်းပင် ဖြစ်ပါသည်။

ကယာဖလည်း ရရှိ၍ ပရောဖက်ပြုပါသည်။ ဗာလက်လည်း ရရှိ၍ ပရောဖက်ပြုပါသည်။ ဤအတွင်းပိုင်းနှင့်ပတ်သက်၍ ဘာမှ လုပ်စရာ မရှိပါ။ ဘုရားသခင်၏ မျိုးစေ့မဟုတ်ဘဲနှင့် အစကတည်းက သူ၏မျိုးရိုးဗီဇ၊ ကြိုတင်ရွေးချယ်ခြင်း မဟုတ်ပါက သင်သည် အဆုံးသတ်သွားပေမည်။ သင်မည်မျှပင် အော်နေပါစေ၊ ကျွန်ုပ် ဂရုမစိုက်ပါ။ အခြားသော ဘာသာစကားအားဖြင့် ပြောဆိုခြင်း၊ ပြေးခြင်း၊ ဟစ်အော်ခြင်းနှင့် ဘာမှ မဆိုင်ပါ။ ပေါင်းပင်မှာလည်း အခြားသောအပင်များကဲ့သို့ပင် အော်နိုင်ပါ သည်။ တပါးအမျိုးသားများ အော်ဟစ်၍ထပြီး အခြားသော ဘာသာစကားပြောဆိုပြီး လူသားဦးခေါင်းခွံမှ ထွက်သောသွေးကို သောက်ခြင်း၊ နတ်ဆိုးကို ခေါ်ခြင်းများ ပြုလုပ်သည်။ သူတို့၏ အာရုံခံစားမှုများ သင်ဘာမှ မလိုလားပါ။ မေ့ပြစ်လိုက်ပါ။ ထိုနှုတ်ကပတ်တော်ထဲတွင် သင်၏ နှလုံးသားရှိပါသည်။ ခရစ်တော်ပင် ဖြစ်ပါသည်။ ယူဆောင်ခဲ့ပါ။ မိမိကိုယ်ကို သိစေရန် ပြုလုပ်၍ ကြည့်ပါ။ အခြားသောမျိုးစေ့များကဲ့သို့ ပွင့်လန်းလာမည်ကို ကြည့်ပါ။ မိမိကိုယ်ကို ကြော်ငြာ၍၎င်း၊ အသက်ရှင်သော ခေတ်ကာလကို ကြော်ငြာပါသည်။

86 ၈၆။ လူသာက ဘာမှ မယူဆောင်လာနိုင်ပါ။ အခက်အလက်သာ ယူဆောင်လာနိုင်ပါသည်။ ဤအခြားအရာများကို အခြားသောအရာများက ယူဆောင်လာနိုင်ပါသည်။ ကျွန်တော်တို့သည် ယခုအခါ ဂျုံခေတ်သို့ ရောက်ရှိနေပေပြီ။ လူသာရင် များ၊ စစ်မှန်သော လူသာရင်များက စစ်မှန်သော လူသာရင်များကို ရွေးထုတ်နိုင်ရပေမည်။ စစ်မှန်သော ပင်တေကုတ္တေများကို ဆောင်ယူနိုင်ခဲ့ရပေမည်။ ကျွန်တော်တို့မှာ ထိုခေတ်ကာလကို ကျော်လွှား၍ သွားနေရပေမည်။

ကက်သလစ် အသင်းတော်က ပင်တေကုတ္တေများကို စတင်နိုင်ခဲ့သည်ကို သင်သိပါသလား? ပင်တေကုတ္တေ အသင်းတော်မှာ နှစ်ပေါင်း(၂၀၀၀) ရပ်တည်နိုင်ပါက ယခုခေတ်ကက်သလစ်ထက်ပင် ပို၍ဆိုးပေမည်။ ကျွန်တော် ချစ်သောညီကိုမောင်နှမ များကို ပြောလိုပါသည်။ ဘုရားသခင် သိပါသည်။ ကျွန်တော် ခင်ဗျားတို့ကို တရားစီရင်ရာကာလတွင် ဆုံတွေ့ရပေမည်။ သိပ်မကြာတော့ပါ။ မည်သည့်အရာသည် သမ္မာတရားဖြစ်ကြောင်းကို ကျွန်တော်က မှတ်တမ်းတင်ရပေမည်။

87 ၈၇။ စည်းဝေးပွဲများ သွားသောအခါ သင်နှင့်အတူ ဖျားနာသူများအတွက် ဆုတောင်းခြင်းမှာ ကောင်းမွန်ပါသည်။ သို့သော် လည်း သတင်းစကားနှင့် ထွက်လာသောအခါ .....မည်သည့် အသင်းတော်ကိုမဆို ပေါ်ထွက်လာပြီး၊ စစ်မှန်သော သတင်း စကား ဖြစ်ပါက မှန်ကန်ပါက ဘုရားသခင်၏ စစ်မှန်သော နိမိတ်လက္ခဏာများ ဖြစ်ပါက ထိုအဖွဲ့အစည်းမှာ တည်နေပါမည်။ ဘုရားသခင်ထံမှ မဟုတ်ကြောင်း သင်သိပါသည်။ သခင်ယေရှုက သွား၍ လူနာများကို အနာရောဂါငြိမ်းစေပြီး လူအများကို မျက်စိကျစေပါသည်။ သူ၏ သတင်းစကား ပေါ်လာပါသည်။ ဘုရားသခင်က တစ်စုံတစ်ရာကို မိတ်ဆက်ပေးမည်။ အနာရောဂါ ငြိမ်းစေခြင်းမှာ ....... အံ့ဖွယ်နိမိတ်လက္ခဏာများမှာ

သတင်းစကားများပင် ဖြစ်ပါသည်။ လူအများ နှစ်သက် သဘောကျစရာပင် ဖြစ်ပါသည်။ ငှက်များက လာရောက်၍ ကောက်ယူကြပါသည်။ အခြားမျိုးစေ့များက ဆူးပင်များပေါ်သို့ကျ ၍ အချို့မှာ ပြင်ဆင်ပြီးသောမြေပေါ်သို့ ကျသည်။ ကြိုတင်ပြင်ဆင်သော မြေဖြစ်ပြီး အပင်ပေါက်စေပါသည်။

88 ၈၈။ ပထမအရာမှာ အသံမြည်ခြင်း ဖြစ်သည်။ (သို့) ပထမဆုံးအရာမှာ တံပိုးမှုတ်သံ(သို့) အသံ ....အော်ဟစ်ခြင်းပင်ဖြစ်ပါသည်။ အသံပေးခြင်းနှင့် တံပိုးမှုတ်ခြင်းပင် ဖြစ်ပါသည်။ အသံပေးခြင်း ဖြစ်သည် ။ သတင်းစကား ပို့ဆောင်သူမှာ လူအများကို အဆင်သင့် ဖြစ်စေပါသည်။ ဒုတိယမှာ ရှင်ပြန်ထမြောက်ခြင်း အသံပင် ဖြစ်ပါသည်။ လာဇရုကို သင်္ချိုင်းတွင်းမှ ထရန်ခေါ်သောအလားတူ အသံတော်ပင် ဖြစ်ပါသည်။ (ယော ၁၁း၃၈ နှင့် ၄၄)မှအလားတူ အသံပင် ဖြစ်ပါသည်။ သတိုးသမီးကို အတူတကွ ဆောင်ယူ၍ သေသောသူများ ရှင်ပြန်ထမြောက်သောအခါ အတူတကွ ချီဆောင်ခြင်း ခံရမည့်အ ကြောင်းပင် ဖြစ်ပြီး အရာ(၃)ခု ဖြစ်ပျက်သည်ကိုကြည့်ပါ။

နောက်တစ်ခုမှာ ဘာဖြစ်ပါသနည်း။ တံပိုးပင် ဖြစ်ပါသည်။ အသံကြွေးကြော်ခြင်း၊ အသံပေးခြင်း၊ တံပိုးခရာမှုတ်ခြင်းတို့ ဖြစ်သည်။

89 ၈၉။ တတိယမြောက်အရာမှာ တံပိုးမှုတ်သံပင် ဖြစ်ပါသည်။ လူအများကို ပွဲတော်ဝင်ရန်အတွက် (ခေါ်)တံပိုးမှုတ်သောအ သံတော်ပင်ဖြစ်ပါသည်။ သတိုးသမီး ညစာစားပွဲပင် ဖြစ်ပါသည်။ သိုးသူငယ်၏ ညစာစားပွဲတွင် ကောင်းကင်တွင်ရှိသော သတိုးသမီး ပါဝင်ပါသည်။

ပထမဆုံးအရာမှာ သတိုးသမီးကိုခေါ်၍ သူ၏သတင်းစကား ပြောကြားရန်ပင် ဖြစ်ပါသည်။ နောက်တစ်ခုမှာ အိပ်ပျော်နေ သော သတိုးသမီးကို ရှင်ပြန်ထမြောက်စေခြင်းပင် ဖြစ်ပါသည်။ အခြားသော ခေတ်ကာလများတွင် သေဆုံး၍ ကျန်ခဲ့သူများ ဖြစ်ပါသည်။ သူတို့အားလုံးကို အတူတကွ ချီဆောင်၍ ကောင်းကင်တွင် တံပိုးမှုတ်ပွဲတော်၊ စားသောက်ခံခြင်း ပွဲတော်ပင် ဖြစ်ပါသည်။ မိတ်ဆွေတို့ ထိုအရာများ ဖြစ်ပျက်မည် ဖြစ်ပါသည်။

ကျွန်တော်တို့မှာ ယခုအခါမှာ ထိုနေရာမှာ အဆင်သင့် ဖြစ်နေပါပြီ။ တစ်ခုတည်းသောအရာမှာ ပေါ်ထွက်လာသော အသင်း တော်မှာ ခရစ်တော်၏ရှေ့တွင် ရောက်ရှိလာပြီး အောင်မြင်သော အသင်းတော် ဖြစ်လာလိမ့်မည်။ မကြာမီ ကြီးမားသော စုသိမ်းခြင်း ရောက်လာပါမည်။ ဂျုံပင်ဖြစ်သည်။ .......မီးရှို့ဖျက်ဆီးခြင်းခံရမည်။ အညှောက်များပါလာမည်။ သို့သော်လည်း ဂျုံနှံမှာ ကျီထဲသို့ စုသိမ်းခြင်း ခံရပေမည်။

90 ၉၀။ သင်တို့မှာ မျက်စိကွယ်နေသောသူများ မဟုတ်ကြပါ။ သင်တို့တွင် မျက်စိမြင်ကြသူများ ဖြစ်ပါသည်။ ကျွန်တော် ဤနေရာမှာရပ်ပြီး အတိုက်အခံပြောပါက .....အသက်တာပိုင်းဖြစ်သောကြောင့်ပြောရခြင်း ဖြစ်ပါသည်။ ထိုသို့ပြောရခြင်းအ တွက် ကျွန်တော်သည် ဘုရားသခင် ရှေ့တော်မှာ တာဝန်ရှိပါသည်။ ကျွန်တော် ပြောပါမည်။ ကျွန်တော်၏ သတင်းစကားမှာ ......တချိန်လုံး အနာရောဂါငြိမ်းခြင်းနှင့် ပတ်သက်၍ ထိုသို့ဖြစ်ပါက လူတို့၏ စိတ်ဝင်စားမှုကို ဖမ်းစားရန်ပင် ဖြစ်ပါသည်။ သတင်းစကားများ ရောက်လာမည်ကို သိကြပါသည်။ ယခု ဤနေရာမှာ ရှိနေပါပြီ။

တံဆိပ်(၇)ခုကို ဖွင့်လိုက်ပါသည်။ ထိုနက်နဲရာများကို ဖော်ပြ၍ ဘာဖြစ်သည်ကို သိရပါသည်။ ကျွန်တော် မသိပါ။ သို့သော်လည်း လူများရပ်နေကြ၍ ကျွန်တော်နှင့်အတူတကွ ရှိနေပါသည်။ သင်တို့အားလုံး ကျွန်တော် ထိုသတင်းစကားကို ဟောပြောသည်ကို ကြားရပါသည်။ 'ဆရာတို့ ဘယ်နှစ်နာရီ ရှိပြီလဲ?' ထိုမနက်လည်းပြောသည့်အချိန်တွင်ရှိနေပါသည်။ ကောင်းကင်တွင် ကောင်းကင်တမန်(၇)ပါး မတ်တပ်ရပ်လျှက် ရှိပါသည်။ သူတို့တက်သွားသောအခါ လေပွေက သူတို့ကို အထက်သို့ ချီဆောင်သွားပါသည်။ သူတို့တက်သွားသည်ကို ကျွန်တော်တို့ ကြည့်နေကြပါသည်။ နိုင်ငံပေါင်းများစွာကို ဖြတ်ကျော်သွားခိုက် သိပ္ပံပညာ မှတ်တမ်းအဖြစ် ဓါတ်ပုံရိုက်ယူထားပါသည်။ မက္ကဆီကို နိုင်ငံထဲသို့ ရောက်သည်အထိ ဖြစ်သည်။ ကျွန်တော် ထိုနေရာမှာကြည့်နေစဉ်အခါ ......

91 ၉၁။ တနေ့သောအခါမှာ ကျွန်တော်က စတင်၍ ဤအသင်းတော်ခုနစ်ပါး ခေတ်ကာလများအကြောင်း ကျွန်တော်စတင်၍ ဟောပြောပါသည်။ သိဒြလော်ဂျီပညာရှင်ကြီး Jack Moore ကို ကျွန်တော်က 'ထိုနေရာမှာ ရပ်နေသောပုဂ္ဂိုလ် မှာမည်သူ ဖြစ်ပါသနည်း။ လူသားကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦး ထိုနေရာတွင်ရပ်နေပါသည်။ ဆံပင်မှာလည်း သိုးမွေးကဲ့သို့ ဖြူဆွတ်နေ သောဆံပင်ကို သူမည်သို့ ရရှိနိုင်ပါမည်နည်း ။' ဟု ကျွန်တော်က ပြောပါသည်။

'ဘရာသာဘရမ်ဟမ်၊ ထိုအရာမှာ သူ၏ဘုန်းထင်ရှားစေသော ကိုယ်ခန္ဓာပင်ဖြစ်ပါသည်။ ' ဟု သူကပြောပါသည်။ ခေါင်း လောင်းမတီးပါ။ သို့သော်လည်း အခန်းထဲသို့ ဝင်၍ ကျွန်တော်စတင် ဆုတောင်းသောအခါ ဘာဖြစ်ကြောင်း ကိုယ်တော်က ကျွန်တော်အား သိခွင့်ပေးပါသည်။

ကိုယ်တော်ရှင်သည် အမြဲတမ်းပင် ဘုရားဖြစ်ကြောင်း ကျွန်တော်ဟောပြောခဲ့ပါသည်။ သာမာန်လူသား တစ်ဦးမဟုတ်ပါ။ ဘုရားသခင်ကို လူဇာတိအားဖြင့် ဖော်ပြထားခြင်းပင် ဖြစ်ပါသည်။ မေတ္တာရှင်ဘုရား၏ သရုပ် လက္ခဏာဖြစ်သည်။ ဘုရားသခင်၏ကမ္ဘာလောကကြီးပေါ်မှာ ဖော်ပြထားသည့် လက္ခဏာပင် ဖြစ်ပါသည်။ သခင်ယေရှုမှာ ဘုရားသခင်၏ မေတ္တာ တော်ဖြစ်၍ ယေဟောဝါ ဘုရားသခင် ကိုယ်တိုင်ကျိန်းဝပ်တော်မူသော ကိုယ်ခန္ဓာဖြစ်ပါသည်။ ကိုယ်ခန္ဓာအားဖြင့် ပြည့်စုံသော ဘုရားပင် ဖြစ်ပါသည်။ ဘုရားဖြစ်ခြင်းကို ကိုယ်ခန္ဓာအားဖြင့် ပြည့်စုံသော ဘုရားပင်ဖြစ်ပါသည်။ ကိုယ်ခန္ဓာအား ဖြင့် ပြည့်စုံသော ဘုရားပင် ဖြစ်ပါသည်။ ဘုရားဖြစ်ခြင်းကို ကိုယ်ခန္ဓာအားဖြင့် ဖော်ပြခြင်းပင်ဖြစ်ပါသည်။ ထိုကိုယ် ခန္ဓာမှာ သေဆုံး၍ သူ၏သတိုးသမီးကို သူ၏အသွေးတော်ဖြင့် ဆေးကြောနိုင်ပါသည်။

92 ၉၂။ သတိုးသမီးမှာ ဆေးကြောခြင်း၊ ခွင့်လွှတ်ခြင်းခံရသည်သာမက ဖြောင့်မတ်ရာသို့ လည်းရောက်စေပါသည်။ ' ဖြောင့် မတ်ခြင်း ' တည်းဟူသော စကားလုံး၏ အဓိပ္ပါယ်ကို သိစေရန် သင်ကြိုးစားခဲ့ဘူးသလား။ ဥပမာအားဖြင့် ပြောရမည်ဆိုလျှင် ကျွန်တော်

အရက်သောက်ကြောင်း ဘရာသာဂရင်းက ကြားသိပါက ကျွန်တော်သည် မကောင်းသောအရာများ ပြုလုပ်နေပါ သည်။ တကယ်တမ်းမှာမူ ကျွန်တော် မဟုတ်ကြောင်း တွေ့ရှိရပါသည်။ ထိုအခါ သူလာ၍ ပြောပါမည်။ ' ဘရာသာ ဘရမ်ဟမ်၊ ခင်ဗျားကို ကျွန်တော်ခွင့်လွှတ်ပါတယ်။ "

'ခင်ဗျားကျွန်တော်ကိုခွင့်လွှတ်တယ်။ ကျွန်တော် မလုပ်ခဲ့ပါဘူး။ ခင်ဗျား ကျွန်တော်ကိုဘာ ခွင့်လွှတ်နေတာလဲ။ ' သို့သော်လည်း ကျွန်တော်အပြစ်ရှိပါက ခွင့်လွှတ်ခြင်း ခံရပါမည်။ သို့သော်လည်း ကျွန်တော်သည် တရားမျှတသူ မဟုတ် သေးပါ။ အကြောင်းမှာ ကျွန်တော် အပြစ်လုပ်ခြင်းကြောင့်ဖြစ်ပါသည်။ သို့သော်လည်း ' ဖြောင့်မတ်သည် ' ဆိုသောစကားမှာ သင်တခါမှ မလုပ်ခဲ့သကဲ့သို့ ဖြစ်ပါသည်။ ဖြောင့်မတ်ခြင်းသို့ ရောက်ပါသည်။ သခင်ယေရှုခရစ်တော်၏ အသွေးတော်က အပြစ်မှ ကျွန်တော်တို့အား ဆေးကြောပါသည်။ ဘုရားသခင်၏ ခွင့်လွှတ်ခြင်း စာအုပ်တွင် အမည်ကို ထည့်လိုက်ပါသည်။ ကိုယ်တော်တပါးတည်းသာ ထိုသို့ပြုလုပ်နိုင်ပါသည်။ ကိုယ်တော်ရှင် ခွင့်လွှတ်နိုင်ပါသည်။ သို့သော် မမေ့နိုင်ပါ။

ကျွန်တော် သင့်အားခွင့်လွှတ်နိုင်ပါသည်။ သို့သော်လည်း သင်ပြုလုပ်ခဲ့သော မကောင်းမှုများကို အမြဲတမ်း သတိရနေ ပါသည်။ ထိုသို့ဖြစ်ပါက သင်သည် ဖြောင့်မတ်ခြင်းမရှိပါ။ ခွင့်လွှတ်ခြင်းသာ ဖြစ်ပါသည်။ သို့သော်လည်း ဘုရားသခင်၏ ရှေ့ တော်မှာ သတိုးသမီးသည် ဖြောင့်မတ်ရာသို့ ရောက်ပါသည်။ ပထမဆုံးနေရာ အဖြစ်နှင့်သူမက ဘယ်သောအခါမှ မပြုလုပ်နိုင် ခဲ့ပါ။ အာမင်။ အပြစ်ကင်းစင်သော ဘုရားသခင်သားတော်နှင့် ထိမ်းမြားပြီးရပ်နေသောအခါ အပြစ်လုံးဝမရှိတော့ပါ။ အဘယ် ကြောင့်နည်း။ သူမကို ကြိုတင်၍ ဘိသိတ်ပေးထားခြင်းဖြစ်ပြီး ဤအထဲသို့ သွင်းထားခြင်းပင် ဖြစ်ပါသည်။ ယခုအခါ သူမ သည် သမ္မာတရားကို ကြား၍ ထွက်လာသောအခါ အသွေးတော်က သူမကို ဆေးကြောသန့်ရှင်းစေပါသည်။ အပြစ်ကင်းစင် စွာပင် သူမက ရပ်တည်နေနိုင်ပါသည်။ သူမအပေါ်မှာ အပြစ်လုံးဝ မရှိတော့ပါ။

93 ၉၃။ သတင်းစကားက သတိုးသမီးကို အတူတကွ ရွေးချယ်ပါသည်။ အသံနှင့်တံပိုးသံပင် ဖြစ်ပါသည်။ အသံကျယ်နှင့် အလားတူ ပုဂ္ဂိုလ်ပင်ဖြစ်ပါသည်။ သူကအော်ခေါ်လိုက်ပြီး လားဇရုထွက်ခဲ့ပါ။ " ဟုဆိုသည်။ အိပ်နေသောသတိုးသမီးကို ထိုအသံက နိုးလိုက်ပါသည်။ အိပ်ပျော်နေသောသူများပင် ဖြစ်ပါသည်။

တံပိုးမှုတ်သံနှင့်အတူ တံပိုးရှိပါသည်။ အသံမြည်သောအခါ ခေါ်ခြင်း ဖြစ်ပါသည်။ ....အမြဲတမ်းပင် တံပိုးက ဣသရေလကို တံပိုးပွဲတော်သို့ ခေါ်လေ့ရှိပါသည်။ ပင်တေကုတ္တေပွဲတော်ဖြစ်၍ အလွန်ကြီးမားသော ပွဲတော်ပင် ဖြစ်ပါသည်။ တံပိုးများ၏ ပွဲတော်ပင်ဖြစ်သည်။ ......တံပိုးသံက အတူတကွခေါ်ကို ဖော်ပြခြင်းဖြစ်ပါသည်။ ပွဲတော်သို့လာရန်ဖိတ်ခေါ်ခြင်းဖြစ်ပါသည်။ ကောင်းကင်တွင် သိုးသငယ်၏ ညစာစားပွဲပင်ဖြစ်ပါသည်။ (ယခု၊ ကြည့်ပါ) သတိုးသမီး၌အတူတကွစုရုံးခြင်းဖြစ်ပါသည်။ တံပိုးများ၏ပွဲတော်ပင် ဖြစ်ပါသည်။ မင်္ဂလာဆောင်ညစာစားပွဲ ဖြစ်ပါသည်။ ပုံစံများဖြင့် ကျွန်တော်တွေ့ရပါသည်။ ကျွန်တော် တို့ နိဂုံးမချုပ်မီ ခဏကြည့်ပါ။ (မဿဲ ၁၈း၁၆။ ၁ယော ၅း၇)

94 ၉၄။ သူတို့၏ပုံစံများဖြင့် ကျွန်တော်တို့ တွေ့ကြရပါသည်။ (မဿဲ ၁၈း၁၆) တွင်ဖတ်ကြည့်လိုပါက ဖတ်ကြည့်နိုင်ပါသည်။ သက်သေခံမှတ်တမ်းသုံးခု ရှိပါသည်။ (၁ယော ၅း၇)နှင့်စသည်တို့ဖြစ်ပါသည်။သုံးသည် အမြဲတမ်းပင် သက်သေ ဖြစ်ပါ သည်။ မှန်ပါသလား။ အမှတ်အသားပြုခြင်း ၊ မှန်ကန်ခြင်းပင် ဖြစ်ပါသည်။ သက်သေသုံးခုရှိသည်။ ...... ' နှစ်ဦး (သို့) သုံးဦး ၏နှုတ်ဖျားတွင် သက်သေခံပါက နှုတ်ကပတ်တော်တလုံးစီ အကောင်အထည် ဖော်ပါစေ။ ' ကျွန်တော်တို့မှာ သက်သေသုံးဦး ရှိပါသည်။ ဓမ္မဟောင်းကျမ်းတွင် အသင်းတော် ရုတ်သိမ်းခြင်းသုံးခုရှိပါသည်။ (သင်သိပါသလား။) သက်သေတခုအဖြစ် ရှိပ်သည်။ ဧနောက်သည် တစ်ဦး ဖြစ်ပါသည်။ နောက်တစ်ဦးမှာ ဧလိယ ဖြစ်၍ သခင်ယေရှုမှာ လည်းနောက်တစ်ဦးပင် ဖြစ်ပါသည်။ သခင်ယေရှုမှာ အဓိကကျောက်ဖြစ်၍ သူကသက်သေခံပါသည်။ ဓမ္မဟောင်းနှင့် ဓမ္မသစ်ကြား သူသည် အဓိက ကျောက်ဖြစ်ပါသည်။ အကြောင်းမှာ ပထမဦးဆုံး သူသေဆုံးပြီးနောက်မှ ရုတ်သိမ်းခြင်း ဖြစ်လာပါသည်။ သူသေဆုံးပြီးနောက် မှ ရုတ်သိမ်းခြင်း ဖြစ်လာပါသည်။ အကြောင်းမှာ သူသည် အဓိကကျောက်ဖြစ်၍ အတူတကွပူးတွဲ၍ ချည်နှောင်ထားခြင်းပင် ဖြစ်ပါသည်။ဓမ္မဟောင်းကျမ်းကို သက်သေပြခြင်းဖြစ်ပါသည်။ .....ဧနောက်မှာ ရုတ်တရက်ပြောင်းလဲသွားကြောင်း ကျွန်တော်တို့သိရပါသည်။ဧလိယမှာ လေပွေအားဖြင့် အထက်သို့ ချီဆောင်ခြင်းခံရပါသည်။ မီးလှည်းဖြင့် ချီဆောင်ခံရခြင်း ဖြစ်သည်။ သခင်ယေရှုသေဆုံးပြီးနောက် သင်္ချိုလ်ခြင်းကိုခံ၍ ရှင်ပြန်ထမြောက်ပြီး ဤကမ္ဘာလောကကြီးပေါ်တွင် အသက်ရှင် လျှက် ချီဆောင်ခြင်းခံရပါသည်။ အဓိကကျောက် ဖြစ်သည်။ သက်သေသုံးဦး ရှိပါသည်။ မှန်ပါသလား။ (မဿဲ ၂၇း၄၅-၅၃)

95 ၉၅။ ရုတ်သိမ်းခြင်းတခု ပြီးဆုံးသွားပါပြီ။... သင်ထိုအကြောင်းကို သိပါသလား။မြန်မြန် မဖတ်နိုင်ပါက ကြည့်ရုံသက်သက် သာ ကြည့်ကြပါစို့။ (မဿဲ ၂၇း ၄၅-၅၃) ကို ကြည့်ကြပါစို့။

မွန်းတည့်အချိန်မှစ၍ သုံးချက်တီးအချိန်တိုင်အောင် မြေတပြင်လုံး၌ မှောင်မိုက်အတိဖြစ်လေ၏။....

သုံးချက်တီးအချိန်၌ ယေရှုက ၊ ဧလိ၊ ဧလိ၊ လာမာရှာဗ ခသာနိဟု ကြီးသော အသံနှင့် ကြွေးကြော်တော်မူ၏။ အနက်ကား အကျွန်ုပ်ဘုရား။ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်းဟု ဆိုလိုသတည်း။ ထိုအရပ်၌ ရပ်နေသော သူအချို့တို့သည်ကြားလျှင်.... သူသည်ဧလိယကိုခေါ်သည်ဟုဆိုကြ၏။

ကြွင်းသော သူတို့က ရှိစေသော၊ ဧလိယသည် သူကို ကယ်တင်ခြင်းငှာလာမည် မလာမည်ကို ကြည့်ကြကုန်အံ့ဟု ဆိုကြ၏။ ယေရှုသည် ကြီးသောအသံနှင့် တဖန်ကြွေးကြော်ပြီးလျှင် အသက်တော်ကိုလွှတ်တော်မူ၏။

ထိုအခါ ဗိမာန်တော်၏ ကုလာကာသည် အထက်စွန်းမှ အောက်စွန်းတိုင်အောင် စုတ်ကွဲလေ၏။ မြေကြီးလှုပ်လေ၏။ ကျောက်များတို့သည် ကွဲပြားကြ၏။

သချႋုင်းတွင်းတို့သည် ပွင့်လစ်သဖြင့် ကျိန်းစက်လျှက်ရှိသော သန့်ရှင်းသူတို့၏ အလောင်းများစွာတို့သည် ထကြ၍၊

ကိုယ်တော်ထမြောက်တော်မူသည့်နောက်၊ ထိုသူတို့သည် သင်္ချိုင်းတွင်းမှ ထွက်၍ သန့်ရှင်းသော မြို့ထဲသို့ဝင်ပြီးလျှင်၊ လူများစွာတို့အား ထင်ရှားကြ၏။

96 ၉၆။ ချီဆောင်ခြင်းတခုပြီးဆုံးသွားပါပြီ။ ဘုရားသခင်၏ နှုတ်ကပတ်တော် သက်ရောက်ရန်ပြင်ဆင်ခြင်း ခံရသူများပေါ်သို့ ဓမ္မဟောင်းတွင် သုံးကြိမ်ဖြစ်ပေါ်ခဲ့ပါပြီ။ သခင်ခရစ်တော် ကြွလာခြင်းကို ကြည့်ကြပါစို့။ နှုတ်ကပတ်တော်သည် ဧနောက် ပေါ်သို့ သက်ရောက်၍ တဖန်ဧလိယပေါ်သို့လည်း သက်ရောက်ပါသည်။ သူသည်ပရောဖက် တပါးဖြစ်၏။ ကြည့်ပါ။ နှုတ်က ပတ်တော်သည်လည်း သခင်ယေရှုဖြစ်သည်။ ကြည့်ကြပါစို့။ (မဿဲ ၂၇း၅၀။ ၁သက် ၄း၁၂)

ဓမ္မဟောင်းကျမ်း၌ သန့်ရှင်းသူများကို ဦးစွာချီဆောင်ခြင်းကို ခံသည်။ အခန်းငယ်(၅၀)ကိုသတိပြု၍ကြည့်ပါ။သူ၏ကျယ် လောင်သော အသံတော်သည် ဓမ္မဟောင်းကာလ ယုံကြည်သူများကို နိုးထစေသကဲ့သို့ သခင်ယေရှုကိုလည်း နိုးစေပါသည်။ လာဇရုကို လည်းနိုးစေပါသည်။ ဒုတိယအကြောင်းအရာမှာ ၂သက် (၄)တွင်ပြည့်စုံခဲ့ပါသည်။ဖတ်ကြည့်ပါစို့။.... လွန်ခဲ့ သော မိနစ်အနည်းငယ်ခန့်က ကျွန်တော်တို့ ဖတ်ကြည့်ကြပြီး ဖြစ်ပါသည်။ (၁သက် ၄း၁၂-၁၈) ဖြစ်ပါသည်။ ' ညီအစ်ကို တို့၊ မြော်လင့်ခြင်းမရှိသော အခြားသူတို့သည် ဝမ်းနည်းသကဲ့သို့၊ သင်တို့သည် ဝမ်းမနည်းမိမည့်အကြောင်း အိပ်ပျော်သော သူတို့၏ အမှုအရာကို မသိဘဲနေစေခြင်းငှာ ငါတို့အလိုမရှိ။' ဒုတိယအကြိမ်မြောက် ချီဆာင်ခြင်း ပင်ဖြစ်ပါသည်။ ဒုတိယ အကြိမ်ချီဆောင်ခြင်းမှာ သတိုးသမီးကို ဆောင်ယူသွားခြင်းပင် ဖြစ်ပါသည်။

97 ၉၇။ ဓမ္မဟောင်းကာလ သန့်ရှင်းသူများက ကိုယ်တော်ရှင်၏ ရှေ့တော်မှောက်သို့ ရောက်သွားကြပြီး ဖြစ်ပါသည်။ ပရဒိသု ဘုံ ဥယျာဉ်သို့ ရောက်သွားပါပြီ။ ဓမ္မဟောင်းသန့်ရှင်းသူများက သူ၏ဝိညာဉ်ကို စွန့်လွှတ်စဉ်ခါ ဟစ်အော်နေစဉ် ကောင်းကင် သို့ တက်ကြွသွားပေမည်။ အဘယ်ကြောင့်နည်း။ သူတို့၏ အပြစ်များအတွက် အစားထိုး အစေခံပူဇော်သက္ကာကို သူတို့စောင့် မျှော်ခဲ့ကြသည်။ ...... အပြစ်အနာကင်းမဲ့သောသိုးသငယ်ကြွလာသည်ကိုယုံကြည်၍ သိုးသငယ်ကို ပူဇော်ခဲ့ကြပါသည်။ သူသည် အသက်ကိုစွန့်၍ ဝိညာဉ်ကို လွှတ်လိုက်သောအခါ ကြီးသောအသံနှင့် ဟစ်အော်၍ ဓမ္မဟောင်းသန့်ရှင်းသူများ နိုးထကြပါသည်။ အသံကိုကြားနာ၍ ကိုယ်တော်ကြွလာတော်မူခြင်းကို ကြည့်ပါ။ ထိုကဲ့သို့ပင် ကိုယ်တော်ကြွလာတော်မူလိမ့် မည်။ ဝိညာဉ်ကိုလွှတ်၍ အပြစ်အနာစာကင်းမဲ့သော ယဇ်ကို ပူဇော်သောအခါ ပရဒိသုဘုံဥယျာဉ်မှာ လုံးဝဘာမှ မရှိဘဲ ဖြစ်သွားပါသည်။ ဓမ္မဟောင်း သန့်ရှင်းသူများ ဤကမ္ဘာလောကကြီးသို့ တဖန်ပြန်လည်၍ ကြွလာပြန်ပါသည်။ ကမ္ဘာကြီးပတ်၍ လျှောက်ကြသည်။ သူအား ချီဆောင်သည့်အခါ သူနှင့်အတူ ဝင်စားခွင့်ကို ရကြပါသည်။

98 ၉၈။ ဒါဝိဒ်ကပြောပါသည်။ ' အချင်းတံခါးတို့ တံခါမှုတ်ကိုကြွလိုက်ကြ ၊ အချင်းထာဝရ တံခါးတို့ ကိုယ်ကိုကြွလိုက်ကြ။' ဖမ်းဆီးခံရသော သူများကို သူကဖမ်းဆီး၍ သူတို့အား ဆုကျေးဇူးများ ချပေးသည်။ ဓမ္မဟောင်းသန့်ရှင်းသူများ သူနှင့်အတူ ဝင်ကြသောအခါ သူတို့ကဆိုကြပါသည်။ ' ဖြောင့်မတ်ခြင်း၏ ရှင်ဘုရင်သည် မည်သူဖြစ်ပါသနည်း။'

'ဘုန်းကြီးသောကိုယ်တော်ရှင်၊ဗိုလ်ခြေတကာတို့တွင်ကြီးမြတ်တော်မူသောသူ....... ဗိုလ်ခြေတကာတို့တွင်ကြီးမြတ်သော သူ' သူတို့ချီတက်၍ ဝင်လာကြပါသည်။ ယေရှုက ဖမ်းဆီးထားသူများကို ချုပ်နှောင်ထားပါသည်။ သူသည် ဓမ္မဟောင်းသန့်ရှင်းသူများနှင့် ရောက်လာပါသည်။ အထက်တွင် အသစ်သောဂိတ်များထဲသို့ဝင်သွားပါသည်။ ' အချင်းတံခါး တို့ တံခါးမှုတ်ကိုကြွလိုက်ကြ။ အချင်းတံခါတို့ ကိုယ်ကို ကြွလိုက်ကြ။ ဘုန်ကြီးသောဘုရင် ဝင်တော်မူ၍' အသံတော်သည် အတွင်းမှ လာပါသည်။ ' ဘုန်းကြီးသောဘုရင်သည် မည်သူ ဖြစ်ပါသနည်း။?'

'ပြင်းထန်သော စစ်ပွဲတွင်ကိုယ်တော်ပါရှိသည်။' ဂိတ်တံခါးများပွင့်လျှက်ရှိပါသည်။ ယေရှုတည်းဟူသော အောင်မြင်တော်မူ သောအရှင်သည် ဖမ်းဆီးခြင်း ခံရသူများကို သူ့အားယုံကြည်သူများအား လမ်းပြပါသည်။ ဓမ္မဟောင်းသန့်ရှင်းသူများကို ခေါ်၍ အတွင်းသို့ဝင်သွားပါသည်။ ချီဆောင်ခြင်းတခု ဖြစ်ပြီးသွားပါပြီ။ (၁သက် ၄း၁၅)

နောက်ထပ်ချီဆောင်ခြင်းတစ်ခုမှာ သက်သာလောနိဒုတိယစာစောင်တွင် အသင်းတော်အတွက် ဖြစ်လာပါသည်။ သတိုးသမီး ဖြစ်၍ ဘုန်းထင်ရှားစေရန်အတွက် ရှင်ပြန်ထမြောက်ခြင်း ရုတ်သိမ်းခြင်းခံရပေမည်။ ' သခင်ဘုရား၏ ဗျာဒိတ်တော်အားဖြင့် တဖန်ငါတို့ ဆိုသည်ကား သခင်ဘုရားကြွလာတော်မူသောအခါ အသက်ရှင်၍ ကျန်ကြွင်းသော ငါတို့သည် အိပ်ပျော်ပြီးသော သူတို့'၏ အရင်အဦး နေရာကျရကြမည်မဟုတ်။ '

99 ၉၉။ တနေ့က ကျွန်တော်သည် လမ်းဒေါင့်တနေရာမှာ ရပ်နေပါသည်။ လမ်းဒေါင့်မှာရပ်နေပြီး တပ်မတော်နေ့ချီတက် လာသည်ကို ကြည့်နေမိပါသည်။ လမ်းမပေါ်သို့တက်သွားသောအခါ သာငယ်ကလေး ဂျိုးဇက်နှင့်အတူ ရပ်နေမိပါသည်။ ထိုအခါလာနေသည်မှာ.... ပထမဆုံးအနေနှင့် ရှေးခေတ်ကာလကတင့်ကားများလာသည်ကိုတွေ့ရပါသည်။တင့်ကား အိုကလေးများဖြစ်ပါသည်။ ၎င်းနောက်ခေတ်ပေါ် Sherman တင့်ကားများ၊ အမြောက်ကြီးများ စသည်တို့ရောက်လာကြပါ သည်။ ၎င်းနောက် ရွှေတံဆိပ်ရမိခင်များဖြစ်သည်။ ၎င်းမှ ဘီးတပ်စင်ပေါ်တွင် .....၎င်းနောက် သင်္ချိုင်းဂူကဲ့သို့ ပုံမျိုးတွေ့ရပြီး အမည်မသိ စစ်သားတစ်ဦး၏ သင်္ချိုင်းဂူကလေးပင်ဖြစ်ပါသည်။ စစ်သားတစ်ဦးက အစောင့်ကဲ့သို့ ဂူနံဘေးတွင် ရပ်လျှက်စောင့် နေပါ သည်။ သင်္ဘောက အခြားတစ်ဖက်မှာရှိပြီး ရေတပ်သာတစ်ဦး ရပ်နေပါသည်။ ကြားတွင် ကန့်ထားပြီး အခြားတစ်ဖက်မှာ ရွှေတံဆိပ်ရ မိခင်တစ်ဦးထိုင်နေပါသည်။ သူမသားသေဆုံးခဲ့ရပါသည်။ ငယ်ရွယ်သူ ဇနီးသည်တစ်ဦးထိုင်နေပြီး စာပွဲပေါ်တွင် မှောက်၍ငိုနေပါသည်။ စုတ်ပြတ်နေသော ကလေးငယ်တစ်ဦး ဘေးမှာထိုင်၍ မျက်ရည်ကျနေပါသည်။ ဖခင်ဖြစ်သူ ကျဆုံးသွားသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်စဉ်းစားမိသည်မှာ 'ရပ်၍ကြည့်ရသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။' စစ်သား ဗိုလ်ကြီးများမှာ... အနည်းငယ်သာကျန်ပါတော့သည်။ ချီတက်၍ ဆင်းလာကြပြီး လက်ခြေမသန်မစွမ်း

ဖြစ်ကြရပါသည်။ ယူနီဖောင်းများဝတ်ဆင်ထားကြပြီး မိမိကိုယ် ကိုပြသနေကြသည်။ အမေရိကန်များဖြစ်ကြသောကြောင့်လည်း မိမိတို့ကိုယ်ကို ဂုဏ်ယူနေကြပုံပေါ်ပါသည်။

100 ၁၀၀။ ကျွန်တော်စဉ်းစားမိပါသည်။ အိုကျွန်ုပ်၏ဘုရား၊ တနေ့သောအခါမှာ ကောင်းကင်မှ အသံကိုကြားရ၍ ခရစ်တော်၌ အိပ်ပျော်သောသူတို့ ပထမဦးဆုံး ထမြောက်ရကြမည်။ စောင့်စားနေကြသော ဓမ္မဟောင်းသန့်ရှင်းသူများကလည်း ထွက်ပေါ် လာကြပြီး ရှင်ပြန်ထမြောက်ကြမည်။ ကျွန်တော်တို့ ခန္ဓာကိုယ်ပြောင်းလဲ၍ ပျက်စီးတက်သောအရာမှ မပျက်စီးတက်သော ကိုယ်ခန္ဓာဖြစ်လျှက် ကောင်းကင်သို့ တန်း၍တက်သွားကြမည်။ ဘုန်းထင်ရှားစေသော ကိုယ်ခန္ဓာသို့ ပြောင်းလဲသွားကြပေ မည်။ မည်မျှဂုဏ်ယူဖွယ်ကောင်းပါသနည်း? သခင်ဘုရား၏ အသွေးတော်ကို သူတို့၏ ရင်ဘတ်ပေါ်တွင် ရေးမှတ်ထားလျှက် သွားကြပါမည်။ သူတို့အသက်ရှင် နေထိုင်သော အချိန်ကာလမှ ဘုရားသခင်၏သတင်းစကား ပါဝင်ပါသည်။ ထိုအချိန်ကို ကျွန်တော်တို့ စောင့်မျှော်နေကြပါသည် ညီအစ်ကိုတို့။

ကြည့်ပါ။ (ယခုပင်အဆုံးသတ်ပါတော့မည်။) ဒုတိယထမြောက်ခြင်း ပြီးခဲ့ပါပြီ။ ဒုတိယ ထမြောက်ခြင်းမှာ ယခုပင်ဖြစ်ပါတော့ မည်။ ယခုပင် ရောက်လာပါတော့မည်။ (ဗျာဒိတ် ၁၁း၁၁)

တတိယတစ်ခုမှာ (ဗျာဒိတ် ၁၁း၁၁)နှင့်(၁၂)ပင်ဖြစ်ပါသည်။ ခရစ်တော်၏ ဝိညာဉ်တော်အားဖြင့် ဂျူးတို့ကို သက်သေခံရန် အတွက် ပြန်လာသူများဖြစ်ကြပါသည်။ သူ၏ညီအစ်ကိုများထံသို့ ယောသပ်ပြန်၍ သက်သေခံသကဲ့သို့ ပင်ဖြစ်ပါသည်။ (၃)ရက် တစ်ဝက်ခန့် သူတို့၏ အသေကောင်များ လမ်းများထဲတွင် လှည့်ချထားသည်။ အသက်ဝိညာဉ် သူတို့အပေါ်သို့ သတ်ရောက်၍ ချီဆောင်ခြင်းခံရပြီး ကောင်းကင်ပေါ်သို့တက်ကြွတော်မူပါသည်။ ဓမ္မသစ်ကျမ်းတွင် ချီဆောင်ခြင်း(၃)ခုရှိပါ သည်။ ဓမ္မဟောင်းတွင် (၃)ခု ရှိ၍ အားလုံးမှာ အတိ်တ်က ဖြစ်ပျက်ခဲ့ပါသည်။ ယခု ကျွန်တော်တို့မှာ အသင့် ဖြစ်နေကြပါပြီး။ သန့်ရှင်းသူများ ချီဆောင်ခြင်းခံရမည့်အချိန်ကို စောင့်နေကြပါသည်။ ပြောခဲ့ပြီးဖြစ်သည့်အတိုင်း ဖြစ်လာပါတော့သည်။ (ကမ္ဘာ ၁း၃၊ မဿဲ ၂၄း၂၅၊ မာကု ၁၃း၃၁၊ လုကာ ၂၁း၃၃)

101 ၁၀၁။ ဘုရားသခင်က တစ်စုံတစ်ခုသောအရာကို ပြောပါက ကောင်းကင်နှင့် မြေကြီးမတည်သော်လည်း ငါ့စကားတည် လိမ့်မည်။ (ကမ္ဘာ ၁)တွင် ကိုယ်တော်ရှင် မိန့်တော်မူသည်မှာ ' အလင်းဖြစ်စေ ' ဟုဆိုသည်။ အလင်းမဖြစ်မှီ နတ်ရာပေါင်းများ စွာရှိကောင်း ရှိပေမည်။ ကိုယ်တော်ရှင်က ' သံလွင်ပင်ဖြစ်စေ၊ ဝက်သစ်ချပင်ဖြစ်စေ၊ သဲက န္တာရဖြစ်စေ၊ တောင်ဖြစ်စေ၊ ဤအ ရာဖြစ်စေ၊ ' စသည်ဖြင့် ပြောပါက ပြောသည့်အတိုင်း ဖြစ်ပါသည်။ သူ၏ပါးစပ်မှ ထွက်သည့်အတိုင်း နှုတ်ကပတ်တော် ဖြစ်ပါသည်။ ဖော်ပြရန်ပင်ဖြစ်ပါသည်။ ဖြစ်ကိုဖြစ်ရပါမည်။ (ထွက်မြောက်ရာကျမ်း ၁၉း၉၊ ၂၀း၁၉)

တနေ့သောအခါမှာ သူ၏လူများကို သူကခေါ်ထုတ်လိုက်ပါသည်။ မီးတိုင်အားဖြင့် မောရှည်အမည်ရှိသောသူကို သူကစကား ပြောပါသည်။ အလင်းဖြစ်၍ သန့်ရှင်းမြင့်မြတ်သော မီးတိုင်ဖြစ်ပါသည်။ မောရှည်က မလုပ်ရဲပါ။..... လူများကမောရှည်ကို မ ယုံကြည်ကြပါ။ ကိုယ်တော်ရှင်မိန့်တော်မူသည်မှာ ' သူတို့ကို ဤတောင်ပေါ်သို့ ဆောင်ယူခဲ့ပါ။ ' ဟူ၍ ဖြစ်ပါသည်။

ထိုမနက်က တောင်ပေါ်မှာ မီးနှင့်ပြည့်လျှက်နေပါသည်။ လျှပ်စီးလက်ခြင်း၊ မိုးချုန်းခြင်းများရှိပါသည်။ ထိုအခါ လူများက ' ဘုရားသခင်ကို မပြောပါနှင့် ' 'မောရှည်ကိုသာ ပြောစေပါ။ ' သို့မဟုတ်ပါက ကျွန်တော်တို့ သေရပါလိမ့်မည်။ 'ဟုဆိုရပါလိမ့် မည်။ (တရား၁၈း၁၈)

102 ၁၀၂။ ဘုရားသခင်က 'သူတို့ကို ငါဤသို့ ဘယ်တော့မှ စကားမပြောတော့ပါ။ ပရောဖက် တပါးကို ရွေးချယ်ပေါ်ထွန်းစေ မည်။ ထိုပရောဖက်အားဖြင့် စကားပြောမည်။ သူပြောသည့်အတ်ိုင်း ဖြစ်လာလျှင် သင်ကြားရပါမည်။ အကြောင်းမှာ သူနှင့် အတူပါရှိသောကြောင့် ဖြစ်ပါသည်။ ' သူတို့ကဲသို့ပြောပါသည်။ ဖြစ်လာမည်ဟု သူကပြောပါသည်။ ပရောဖက်ဟေရှာယ ထိုနေရာမှာ ရပ်နေသည်ကိုကြည့်ပါ။ ထူးချွန်ထက်မြတ်သောသူ ရှင်ဘုရင်က သူအားအထင်ကြီးသူ ဖြစ်ပါသည်။ အကြောင်း မှာ သူသည်သြဇီ ဘုရင်နှင့်အတူ နေထိုင်အသက်ရှင်သူ ဖြစ်သည်။ တရားဟောဆရာ၏ နေရာကို တချိန်က ယူခဲ့၍ နူနာစွဲ ကပ်ခြင်း ခံရသူဖြစ်ပါသည်။ စီးပွားရေး သမားများကိုလည်း ထိုအကြောင်း ကိုပင် ကျွန်တော်ပြောပြခဲ့ပါသည်။ တရားဟော ဆရာ၏ နေရာကို မယူကြပါနှင့်။ မယူပါနှင့် ။့ သင်ရှိနေသောနေရာမှာပင် နေကြပါ။ သင်သည် လက်ချောင်းဖြစ်ပါက နားမ ဖြစ်ပါ။ နားဖြစ်ပါက နှာခေါင်း မဖြစ်နိုင်ပါ။ နှာခေါင်းသို့မဟုတ် မျက်လုံးပင် ဖြစ်ပါသည်။ သင့်နေရာမှာသာ သင်နေပါ။

နောက်တနေ့တွင် အသံလွင့်ထားသော တရားဟောချက်တစ်ပုဒ် သင်ကြားသည်မဟုတ်ပါလား? ' ဘုရားသခင်၏အစေခံရန် ကြိုးစားဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ ဒါဝိဒ်သည် ဘိသိတ်ခံ ဘုရင်ဖြစ်ပြီး လူများက အော်ဟစ်၍ ချီးမြှောက်ကြသော် လည်း သူက ထာဝရဘုရား၏ ပရောဖက်ကို မတိုင်ပင်ခဲ့ပါ။ သူသေသောအခါ အားလုံး ပျောက်ကွယ်ပါသည်။ ဘုရားသခင်၏ နည်းလမ်းဖြင့် ပြုလုပ်သည့်အထိ ရောက်စေပါ။ ' ဤကြီးသော အရာကို ကျွန်တော် စတင်ပါမည်။ ဤအရာကို ဖြစ်စေပါ မည်။ ' သတိထားပါ ညီအစ်ကို (၂ရာဇ၆း၆၊ ၅ရာ ၁၃း၁၊ မဿဲ ၂၄း၃၅၊ မာကု ၁၃း၃၁၊ လုကာ ၂၁း၃၃)

103 ၁၀၃။ ဒါဝိဒ်က ထိုထက်ပို၍ သိပါသည်။ ထိုနေ့က နာသန်မှာ ထိုနေရာမှာ ရှိပါသည်။ သူ့အားတိုင်ပင်ခြင်း မပြုခဲ့ပါ။ သူသည် ထောင်သောင်းမကသော စစ်သည်ဗိုလ်ခြေတို့ကို တိုင်ပင်ခဲ့ပါသည်။ လူများအားလုံး အော်ဟစ်၍ ကခုန်၍ နေကြပါသည်။ (မရှင်းလင်းသော စကားများ) ဘာသာရေးအရဆန္ဒရှိကြသော်လည်းဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်မညီပါက နှုတ်က ပတ်တော်နှင့်အညီ မဟုတ်သဖြင့် ဆုံးရှုံးမည်။ ဘာပဲဖြစ်ဖြစ် ဘုရားသခင်၏ အလိုတော်နှင့် မညီပါက နှုတ်ကပတ် တော်အတိုင်း မဟုတ်ပါက ဆုံးရှုံးမည်။ဘုရားသခင်၏ နှုတ်ကပတ်တော်သာလျှင်ထာဝရ ရပ်တည်နိုင်ပါမည်။ 'ကောင်း ကင်နှင့် မြေကြီးမတည်သော်လည်း ငါ့စကားတည်လိမ့်မည်။ '

104 ၁၀၄။ ဟေရှာယကို သတိပြု၍ကြည့်ပါ။ ထူးချွန်ထက်မြတ်သော လူငယ်တစ်ဦး ထိုနေရာမှာ ရပ်နေပါသည်။ ချက်ချင်းပင် ဝိညာဉ်တာ်က သူအားထိတွေ့ပါသည်။ ဘာမှ ထူးထူးခြားခြား မပြောနိုင်ပါ။ သူသည်ပရာဖက်ဖြစ်ပါသည်။ သူ၏အပြောမှာ ‘ကြည့်လော့ သတိုးသမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကို ဖွားမြင်မည်။ ကလေးငယ်ဖွားမြင်ပါမည်။ သား ယောကျ်ားကို ပေးပါမည်။ သူ၏နာမမှာ အတိုင်ပင်ခံ ငြိမ်သက်ခြင်း၏အရှင်၊ ကြီးမြတ်တော်မူသောဘုရား၊ ထာဝရအဖ ပင်ဖြစ် ပါသည်။ သူ၏အဆုံးမှာ..... အစိုးရမင်းများသည် သူ့အပေါ်သက်ရောက်၍ သူအုပ်စိုးခြင်းမှာ အဆုံးရှိတော့မည် မဟုတ်ပါ။’ အပျိုကညာသည် ပဋိသန္ဓေ ဆွဲယူမည်ဟု ထူးချွန်သောသူက မည်သို့ပြောနိုင်ပါမည်နည်း။ ? လူတိုင်ထိုအရာကို မြော်ကြည့် လျှက်ရှိပါသည်။ ပြောဆိုခဲ့ပြီးသည့်အတိုင်ဖြစ်ပါသည်။ ကိုယ်တော်မိန့်တော်မူသည်ဟူ၍ပင် ဖြစ်ပါသည်။ ဖြစ်ကိုဖြစ်လာရပါ မည်။ အကြောင်းမှာ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်၍ ကမ္ဘာဦးကျမ်းမှာကဲသို့ပင် ဖြစ်ပါသည်။ ပင်လယ်အောက်တွင် မျိုး စေ့များ နစ်လျှက်ရှိပါသည်။ ပုံစံမရှိသော နေရာ ဖြစ်ပါသည်။ ဟာလာဟင်းလင်း ဖြစ်ပါသည်။ နက်နဲရာအရပ်တွင် ရေရှိသည်။ ဖြစ်ပျက်လာရမည့်အရာများပင် ဖြစ်ပါသည်။

တနေ့သောအခါမှာ နှစ်ပေါင်း (၈၀၀) ကြာသည့်အခါအပျိုကညာ၏ဝမ်း၌ ဘုရားသခင်၏ မျိုးစေ့ တည်လာပါသည်။ ဖန်ဆင်း ထားသော မျိုးစေ့ပင်ဖြစ်ပါသည်။ သားယောကျ်ားကို ဖွားမြင်ပါသည်။ ထိုသားတော်ပင်လျှင် ထိုနေရာမှာ နေ၍ ‘ လာဇရု ထွက်လာပါ။’ ဟုခေါ်ပါသည်။ (၄)ရက်ခန့်ကြာနေသောသူ၊ ပုပ်ပွလျှက်ရှိသောသူမှာ နံစော်လျှက်ရှိသည်မှာ သင်္ချိုင်းတွင်မှ ထ လာပါတော့သည်။ ‘ အချိန်ကျလာပြီ ဖြစ်သည့်အတွက် အံသြခြင်းမရှိကြပါနှင့်။ (အာမင်) သင်္ချိုင်းတွင်းထဲမှာ ရှိသောသူအား လုံး ဘုရားသားတော်၏ အသံကို ကြားရပါမည်။’ ပြောခဲ့သည့်အတိုင်း ဖြစ်လာရပါမည်။ ချီဆောင်ခြင်း ရှိရပါမည်။

105 ၁၀၅။ ကယ်လီဖိုးနီးယားတွင် ကျွန်တော် နောက်ဆုံးပြောခဲ့သော သတင်းစကားကို သတိရပါသည်။ တဖန်ပြန်၍ မသွား တော့ဟု ကျွန်တော်စဉ်းစားမိပါသည်။ လော့စ်အင်ဂျလီးစ်မှာ ရေအောက်ရောက်ရမည်ဟု ကျွန်တော်ကြိုတင် ဟောကိန်း ထုတ်ခဲပါသည်။ ကိုယ်တော်ရှင်မိန့်တော်မူသည့်အတိုင်းပင် ဖြစ်ခဲ့ပါသည်။ သူမမှာ သူမကို ဆေးကြောလိုက်ပါသည်။ သူမ သေဆုံးသွားပါပြီ။ မည်သည့်အချိန်တွင် ဖြစ်ပါသနည်း ? ဘယ်အချိန်ဖြစ်ကြောင်းကို ကျွန်တော်မသိပါ။ သို့သော်လည်း မြုပ် သွားရပါမည်။ မြေလျှောင်များ ထိုနောက်ပိုင်းတွင် လှုပ်ခါပါတော့သည်။

သင်တို့ ရပ်၍ ထိုနေရာမှာ ရှိနေကြပါသည်။ ထိုနေ့ရက်မှာ ကောင်းကင်တမန်ဆင်းသက် ကြွလာတော်မူ၍ ကောင်းကင်မှ အလင်းနှင့်မီးသူတို့ရပ်နေခဲ့သော ထိုနေရမှာ ကျရောက်လာပါသည်။ တောင်ပေါ်မှ ကျောက်များကွဲလွင့် ထွက်လာ၍ ထိုနေ ရာမှာ ကျရောက်လာကြပါသည်။ သုံးကြိမ်တိုင်တိုင် ပေါက်ကွဲပါသည်။ ကျွန်တော်ကလည်း အနောက်ဖက်ကမ်းခြေကို တရား စီရင်ခြင်းလာမည်။ နှစ်ရက်ကြာသောအခါ အာလာစတာမှာ နစ်မြုပ်လုနီးပါး ဖြစ်ခဲ့ရပါတော့သည်။

106 ၁၀၆။ အလားတူအရာကိုပင် ပြောဆိုသော ဘုရားသခင်ကို သတိရကြပါ။ လော့စ်အင်ဂျလီးစ်မြို့မှာ တရားစီရင်ခြင်းကို ခံရပါ မည်။ သူမ၏ကဏ္ဍပြီးဆုံးပါပြီ။ ဘယ်သောအခါ ဖြစ်မည်ကို မပြောပြတက်ပါ။ မသိလည်း မသိပါ။ (မဿဲ ၁၁း၂၃၊ လုကာ ၁၀း၁၅)

ကျွန်တော်မသိဘဲ ပြောခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း ဤနေရာမှာ ရှိသော ညီအစ်ကိုပင်ဖြစ်ပါမည်ဟု ကျွန်တော်ယုံ ကြည်ပါသည်။ ...... သို့သော်လည်းMosely တစ်ဦးက လမ်းမပေါ်သို့ ကျွန်တော့်အား ထွက်ခိုင်ပါသည်။ ဘာဖြစ်မှန်းမသိပါ။ လှည့်ကြည့်မှသာ သိရပါတော့သည်။ ကျမ်းစာကို ပြန်ကြည့်လိုက်သော အခါ သခင်ယေရှုက ပြောပါသည်။ ‘ ကပေရနောင် မြို့မည်မျှ .. သင့်ကိုယ်သင် ကောင်းကင်အထိ ချီးမြှောက်ပြီး ငရဲအထိ ကျဆင်းရပါသည်။ အကြောင်းမှာ သောဒုံမြို့တွင် ပြုပြင် ခဲ့သော ကြီးမြတ်သောအမှုကို သင့်အထဲ၌ ပြုမူခဲ့ပါက သင်ယနေ့အထိ ရပ်တည်နေဆဲဖြစ်ပေမည်။ ထိုအချိန်မှစ၍ နှစ် (၁၅၀) အတွင်းသောဒုံမြို့မှာ မြေကြီးပေါ်တွင် ရှိနေခဲ့ပါသည်။ ယနေ့ ကပေရနောင်မြို့မှာ ရေအောက်သို့ ရောက်သွားပြီဖြစ်ပါသည်။ ထိုအလားတူ ဘုရားသခင်၏ ဝိညာဉ်တော်မှာ ဤအရာများအားလုံးကို ပြော၍ ဤအရာများအားလုံးကို ပြုလုပ်ပါသည်။ ’ကပေရနောင်မြို့ သည်ရေအောက်၌ နစ်မြုပ်လျှက်ရှိသည်။ ‘

107 ၁၀၇။ တရားဟောဆရာများ ထိုနေရာမှာ သူတို့အတွက် သချ ႋင်းဂူပင်ဖြစ်ပါသည်။ လူကောင်းများ ထိုနေရာသို့သွား၍ ကြွက် များကဲသို့ သေသွားကြရပါသည်။ မည်မျှမကောင်း ဆိုးဝါးဖြစ်ပါသနည်း ?

သင်ကိုယ်သင် ကောင်းကင်တမန်အမည် မှည့်ခေါ်သူများ သောဒုံမြို့တွင် ကြီးမားသောအရာများ ဖြစ်ပေါ်ခဲ့ သလို သင်တို့မြို့ ထဲမှာလည်း ယနေ့ဖြစ်ပေါ်နေပါသည်။ သို့သော်လည်း သင်၏ အချိန်နာရီ ရောက်လာပါပြီ။ သင်စောင့်၍ ကြည့်ပါ။ ထိုသို့ မဟုတ်ပါက ကျွန်တော်သည် မိစ္ဆာပရောဖက် ဖြစ်ပါမည်။ သူမထိုနေရာမှာ လဲလျောင်း နေပါသည်။

108 ၁၀၈။ ထိုညကို ကျွန်တော် သတိရပါသည်။ ကျွန်တော် ထိုအရာကို မတွေ့မမြင်မီ သတိုးသမီး၏ အကြိုမြင်ကွင်းကို ကျွန်ုပ် တွေ့ရပါသည်။ ကျွန်တော် ထိုနေရာမှာ ရပ်နေ၍ လှပသော အမျိုးသမီးငယ်လေး မှန်ကန်စွာ ဝတ်စားဆင်ယင်၍ လမ်းအတိုင်း လျှောက်လာသည်ကို တွေ့ရပါသည်။ ရုပါရုံထဲတွင် တစ်စုံတစ်ဦး ရပ်နေသည်ကို ကျွန်တော်တွေ့ရပါသည်။ ကျွန်ုပ်အနီးတွင် ရပ်နေ၍ ပြောပါသည်။ ‘သတိုးသမီး၏ အကြိုမြင်ကွင်းဖြစ်သည်။’ သူမထွက်သွားသည်ကိုကျွန်တော် တွေ့ရပါသည်။ ဤဖက်မှာ သူတို့လာ၍ ပက်သွားပါသည်။

တက်လာကြောင်း ကျွန်တော် ကြားရပါသည်။ အသင်းတော်သည် အခြားတစ်ဖက်မှ တက်လာပါသည်။ အာရှအသင်းတော် တက်လာပါသည်။ သင်သည် ညစ်ညမ်းသောအကြောင်း ပြောပါသည်။ ဥရောပအသင်းတော် ရောက်လာပါသည်။ ၎င်းနောက် Rock & Rool ရောက်လာပါသည်။ မစ္စစ်အမေရိကတည်းဟူသော အသင်းတော်ပင် ဖြစ်ပါသည်။ သူမကိုယ် ပေါ်မှာ အဝတ်အစားပင် မရှိပါ။ သူမထံမှ စက္ကူများသာ ရှိပါသည်။ သတင်းစာ စက္ကူများ ဖြစ်ကြပါသည်။ ဟောင်းနွမ်း၍ သူမရှေ့မှာ ကိုင်ထားပါသည်။ Rock & Rool ကနေပါသည်။ မစ္စစ်အမေရိကား တည်းဟူသောအသင်းတော်ပင် ဖြစ်သည်။

သူ့ရှေ့မှာ ကျွန်တော်ရပ်နေပါသည်။ ကျွန်တော် စဉ်းစားမိသည်မှာ ဘုရားသခင်သည် 'အမှုတော်ဆောင်ကဲ့သို့ဖြစ်၍ အ ကောင်းဆုံး ကျွန်တော်တို့ လုပ်နိုင်ပါက' သင်မည်သို့ ခံစားရကြောင်း သင်သိပါသည်။ ၎င်းနောက် ကျွန်တော် စဉ်းစားမိ သည်မှာ 'ဤနေရာမှာ ကျွန်တော်ထွက်သွားနိုင်ပါက ဘုရားရှင် ကျွန်တော့်ကို ဖုံးကွယ်ထားကာ ကျွန်တော်တို့ ပြုမူသမျှ အားလုံး ကျွန်တော် ထုတ်လုပ်သောအရာပင် ဖြစ်ပါသည်။ ထိုအရာသည် ဘာလဲ? .....'

109 ၁၀၉။ အမျိုးသမီးများ ဖြတ်သွားသောအခါ အားလုံးမှာ အမျိုးအမည် စုံစွာ ပြုလုပ်နေကြပါသည်။ ဆံတိုကလေးများနှင့် မျက်နှာကို ချယ်သလျှက်နေကြပါသည်။ ထိုသို့ ဖြတ်ကျော်သွားသောအခါ ခရစ်တော်အတွက် အပျိုကညာများပင်ဖြစ်ရန် ထင်မြင်ယူဆခြင်း ခံရပါသည်။ ထိုသို့ သူမဖြတ်ကျော်သွားရသောအခါ .....ကျွန်ုပ်၏ ခေါင်းကို ကျွန်ုပ်လှည့်၍ သင်သိသော သူနှင့် .....သူတို့ရှေ့မှာ အမင်္ဂလာကို ကိုင်ထားပါသည်။ သူတို့နောက်မှာဖြစ်ပါသည်။ သူတို့ ထိုသို့ သွားကြပါသည်။

ထိုသို့ ငိုကြွေးရန်အတွက် ကျွန်တော်က ကျွန်တော်က ကျွန်တော့်၏ ဦးခေါင်းကို လှည့်လည်ရပါသည်ဟု ကျွန်တော်က ပြော ပါသည်။ ...... ထိုနေရမှာ ကျွန်တော်က ထိုင်၍ မနေနိုင်ပါ။ သူတို့နေရာမှာ ထိုင်နေပါသည်။ ကျွန်တော့်မှာ အသင်းတော်၏ တရားဟောဆရာပင် ဖြစ်ပါသည်။ သူ့အတွက် ကျွန်တော် ဖန်တီးပေးခြင်းပင် ဖြစ်ပါသည်။ 'အိုး.ဘုရားကျွန်တော် ထိုအရာကို ကြည့်မနေနိုင်ပါ။ ကျွန်တော် သေပါရစေ။ ကျွန်တော် မေးမှိန်သွားပါရစေ ' စသည်တို့ ဖြစ်ပါသည်။

၎င်းအရာ ထွက်သွားသည်နှင့် တပြိုင်တည်း အချိန်တိုင်းမှာ သူ့တို့ထဲမှ တစ်ဦးက ရောက်လာမည်ဖြစ်ပါသည်။ တနေရာသို့ သူတို့ ထွက်သွားမည်ဖြစ်ပါသည်။ ပြီးလျှင် ထွက်သွားပါမည်။ ၎င်း၏ အသံကိုသာ ကြား၍ ထွက်သွားရပါသည်။ 'တက်ကြွခရစ်ယာန် စစ်သည်များ ' ဆိုသောအသံကို ကျွန်တော် ကြားရပါသည်။ ကျွန်တော် ကြည့်သောအခါ သူတော်စင်ကဲ့ သို့သော မိန်းကလေးများ ကောင်းမွန်စွာ ဝတ်စားဆင်ယင်ပြီး ဆံပင်ရှည်များ ချထားပြီး ချောမွေ့သန့်ရှင်း၍ ဇဝ်ဂေလိဟော ပြောရန် အဆင်သင့်ဖြစ်ပြီး တဆင့်တက်လာကြပါသည်။ သူမသည် နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ နိုင်ငံတိုင်းမှာ တစ်ဦးစီ ကဲ့သို့ပင် ဖြစ်ပါသည်။ သူတို့ဖြစ်သွားသည့်အခါ ကျွန်တော်က ကြည့်နေမိပါသည်။ ဆင်းသွားမည့်အစား သူတို့က တက်သွား ကြပါသည်။ သူတို့အထဲမှ တစ်ဦးဦးက ထူးဆန်းနေသည်ကို ကျွန်တော် သတိပြုမိပါသည်။ သူတို့နှစ်ဦး (သို့) သုံးဦးကြိုးစား ကြပြီး တန်းစီသည့် လမ်းကြောင်းထဲမှ ထွက်ရန် အားထုတ်ကြပါသည်။ ကျွန်တော်က အော်ဟစ်၍ 'ထိုလိုင်းထဲမှာသာ နေပါဟု ဆိုသည်။' ရူပါရုံကကျွန်ုပ်ကို ထိုမျှသာ ဖေါ်ပြပါသည်။ ကျွန်ုပ် ဤအခန်းထဲမှာ ရပ်၍အော်ဟစ်နေမိပါသည်။ 'လိုင်းထဲမှာသာ နေပါ။' တန်းစီပါ။......

110 ၁၁၀။ ပြီးဆုံးသွားနိုင်ပါသလား? သတိုးသမီးကို ခေါ်နိုင်ပါသလား? ယနေ့ ကျွန်တော်တို့ လေ့လာရမည့်အရာ ဟုတ်ပါသ လား? သူမကိုပုံသွင်း၍ ခရစ်တော်၏ ပုံရိပ်အဖြစ် ပြုလုပ်ရပါမည်။ ခရစ်တော်သည် နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ တစ်ခု တည်းသောအရာပင် ဖြစ်ပါသည်။ နှုတ်ကပတ်တော်ထဲမှာ ရှိပါသည်။ ....တစ်ခုမှ ပေါင်းထည့်၍ မရနိုင်ပါ။ လူတစ်ဦးသည် လက်တစ်ဖက်နှင့် အမျိုးသမီး မဖြစ်နိုင်ဘဲ အခြားလက်တစ်ဖက်ဖြင့် ခွေးကဲ့သို့ လက်မျိုးနှင့်လည်း မဟုတ်ပါ။ ကိုယ်တော်ရှင် ၏ နှုတ်ကပတ်တော်နှင့်အတိအကျ ဖြစ်ရပါမည်။ ကိုယ်တော်ရှင်သည် နှုတ်ကပတ်တော် ဖြစ်သကဲ့သို့ပင် ဖြစ်ပါသည်။ သတိုး သမီးမှာ သတိုးသား၏ တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။ အမျိုးသမီးမှာ သူမခင်ပွန်း၏ တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။ အကြောင်းမှာ သူမကို ခင်ပွန်းထဲမှ ထုတ်ယူသောကြောင့် ဖြစ်ပါသည်။ ဧဝမှာ အာဒံ၏နံဘေးတစ်ဖက်မှ တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။ ထိုနည်းတူ သတိုးသမီးမှာလည်း ဂိုဏ်းဂဏမှ ထုတ်ယူခြင်း မဟုတ်ပါ။ နှုတ်ကပတ်တော်၏ ရင်ခွင်ထဲမှာ ထုတ်ယူ ခဲ့ခြင်းဖြစ်ပါသည်။

111 ၁၁၁။ အသင်းတော် ရုတ်သိမ်းခြင်း

ထာဝရဘုရားသခင်၏ တံပိုးမှုတ်သံကို ကြားရပါမည်။

ခရစ်တော်၌ သေဆုံးပြီးသူများ ထမြောက်ပါမည်။ ကိုယ်တော်ရှင်ပြန်ထမြောက်ခြင်း ဘုန်းတော်ကို ဝေမျှကြရပါမည်။

ရွေးချယ်ထားသူများကို စုဝေးလိုက်သောအခါ သူတို့၏ အိမ်သည် ကောင်းကင်အောက်တွင် ရှိပါမည်။ အမည်စာရင်း ကို ခေါ်လိုက်သောအခါ (ကျွန်တော်တို့အားလုံး ထိုနေရာသို့ ရောက်အောင် ကြိုးစား အသက်ရှင်ကြပါစို့ မိတ်ဆွေ များ။)

ဘုရားသခင် သင့်ကို ကောင်းချီးပေးပါစေ။ ပြောခဲ့ပြီး ဖြစ်ပါသည်။ ဖြစ်လာရမည့်အရာများပင် ဖြစ်ပါသည်။ ဖြစ်ကို

ဖြစ်လာရပါမည်။ လူကလေးများ ဘယ်သူမှ သေဆုံးလိုခြင်း မရှိပါ။ သင်ဘာဘဲလုပ်လုပ် ကျွန်တော် ပြောပါရစေ။ သင်ဘယ် လောက် ဘုရားကျောင်းမှန်မှန် သွားသည်ဖြစ်စေ၊ ဘုရားကျောင်းအပေါ် ဘယ်လောက် သစ္စာရှိပါစေ၊ ကျွန်တော် ဂရုမစိုက်ပါ။ ........ထိုသို့ဖြစ်ခြင်းမှာကောင်းပါသည်။ ဘာမျှ ဆန့်ကျင်တားဆီးမှု မရှိပါ။ ဘုရားကျောင်းသို့ သင်သွားသင့်ပါသည်။ သင် ဆက်လက်၍ ဘုရားကျောင်းသို့ သွားပါ။ ဘာဘဲဖြစ်ဖြစ် သင်၏အစဉ်အလာများကို ဖယ်ရှားပစ်လိုက်ပါ။ ကျွန်တော့်အထဲသို့ ဆက်၍ လှုပ်ရှားကြပါ။ တစ်နေ့သောအခါမှာ အသံထွက်လာမည် ဖြစ်ပါသည်။ သားရဲ၏ တံဆိပ်သင့်အပေါ်မှာ သက်ရောက် မည်ဖြစ်ပါသည်။ သိပ်နောက်ကျသွားသည့်အချိန်အထိ ဘာမှန်းမသိ ဖြစ်ရပေမည်။ အတိအကျ အမှန်အကန်ပင် ဖြစ်ပါသည်။

112 ၁၁၂။ ဘုရားသခင် ကောင်းချီးပေးပါစေ။ အကြာကြီး အချိန်ဆွဲရသည်ကို ဝမ်းနည်းပါသည်။ ကျွန်ုပ်အတွက် ကောက်ယူ သော အလှူငွေမှာ ကျွန်ုပ်က ကောက်ယူ့ျခင်း၊ တောင်းခံခြင်း မဟုတ်ပါ ညီအစ်ကိုတို့။ ......ထိုအရာမှာ ..... ယဉ်ကျေးမှုပင် ဖြစ်ပါသည်။ယူပြီး ဤမော်တယ်မှာ ကုန်ကျသော အပိုစရိတ်အတွက် ပေးဆောင်ပါ။ အကြောင်းမှာ ကျွန်တော် ထိုအတွက် ထွက်လာခြင်း ဖြစ်ပါသည်။ အနည်းငယ် ပြောစရာရှိပါသေးသည်။ စာမျက်နှာ (၈)မျက်နှာ (သို့) (၁၀)မျက်နှာခန့် ဤရုပ်သိမ်း ခြင်းနှင့် ပတ်သက်သော

အကြောင်းအရာများ ရှိပါသည်။ သို့သော်လည်း ပေးအပ်ရန် အချိန် မရှိပါ။

ဘုရားသခင် သင့်ကို ကောင်းချီးပေးပါစေ။ သခင်ယေရှုကို သင်ချစ်ပါသလား? တစ်မိနစ်ခန့် ငြိမ်၍ ရပ်နေပါစေ။ တိတ်ဆိတ် စွာ၊ လေးစားစွာ ရပ်နေပါ။ ကျွန်ုပ် ဘာပြောသည်ကို အမှတ်ရပါ။ ကျွန်တော်တို့ နောက်ဆုံးသောအချိန်သို့ ရောက်နေပါပြီ။ ....

နိုင်ငံများမှာ ကွဲပြားလျှက် ရှိနေပါစ႑ပြီ၊

ဣသရေလနိုင်ငံမှာ နိုးကြားလျှက် ရှိပါသည်။

သမ္မာကျမ်းစာမှာ ကြိုတင်ပြောဆ်ိုသော လက္ခဏာများ တပါးအမျိုးသားများ၏ နေ့ရက်များမှာ ရေတွက်ပြီး ဖြစ်ပါ သည်။

ကြောက်မက်ဖွယ်ရာများ ဖြစ်ပေါ်လာပေမည်။

ပြန်လာပါ။ ကွဲပြားနေသူများ မိမိ၏နေရာသို့ ပြန်လာပါ။

ကယ်တင်ခြင်း နေ့ရက်ကာလမှာ နီးလာပါပြီ။

လူသားတို့၏ စိတ်နှလုံးများမှာ ကြောက်ရွံ့မှုတို့ဖြင့် ပြည့်လျှက်ရှိပါ သည်။

ဝိညာဉ်တော်နှင့် ပြည့်ဝလျှက်နေကြပါ။

သင်၏ မီးခွက်များ ထွန်းညှိပြီး ရှင်းလင်းနေပါသည်။

ကြည့်ပါ။ သင်၏ ကယ် တင်ခြင်းနေ့ရက် နီးကပ်လာပါပြီ။ (သင်သိပါသလား)

မိစ္ဆာပရောဖက်များ လိမ်ညာနေကြပါသည်။

ဘုရားရှင်၏ သမ္မာတရား ကို သူတို့ ငြင်းပယ်နေကြပါသည်။

(အားလုံးမှန်ကန်ကြောင်း ကျွန်တော်တို့ သိကြပါသည် မဟုတ်ပါလား?)

.....................................................

ကိုယ်တော်ကို ငါချစ်သည်။

ကိုယ်တော်ကို ငါချစ်သည်။

အကြောင်းမှာ ကိုယ်တော်ရှင်က ကျွန်တော့်အား ပထမဆုံး ချစ်သောကြောင့် ဖြစ်ပါသည်။

ကျွန်ုပ်၏ ကယ်တင် ခြင်းကို ဝယ်ယူခဲ့ပါသည်။

ကရာနီ သစ်တိုင်ပေါ်မှာ ဖြစ်သည်။

113 ၁၁၃။ ဘယ်နှစ်ယောက်က သူ့အား အမှန်တစ်ကယ် ချစ်ပါသနည်း? လက်ကိုမြှောက်၍ ပြပါ။ ဤသီချင်းကို ထပ်ဆိုနေစဉ် အနီးအနားမှာ သူနှင့် လက်ဆွဲနှုတ်ဆက်ပါ။ 'ဘုရားကောင်းချီး ခံစားရပါစေ။ ဘုရားဖူးသူ' ကျွန်တော်တို့မှာ ဘုရားဖူးများ ဖြစ်ကြသည်။ 'မဟုတ်ပါလား' ဘုရားဖူးတို့သည် ဘုရားဖူးခရီးသည် လူစိမ်းများ မဟုတ်ပါလား? ကိုယ်တော်ကို ကျွန်တော် ချစ်ပါသည်။ (စားပွဲတစ်ဖက်မှ ထိုအရာပင် ဖြစ်ပါသည်။) ကိုယ်တော် ကျွန်ုပ်ကို ချစ်ပါသည်။ အကြောင်းမှာ ကိုယ်တော်က ကျွန်တော့်အား ပထမဦးဆုံး ချစ်သောကြောင့် ဖြစ်သည်။ ကရာနီ သစ်တိုင်ပေါ်မှာ ကျွန်ုပ်၏ ကယ်တင်ခြင်းကို ဝယ်ယူခဲ့ပါ သည်။

ချီဆောင်ခြင်းကို သင်ပြုလုပ်လိုပါသလား? ချီဆောင်ခြင်း ပြုလုပ်ရန် ဘယ်နှစ်ယောက် စိတ်ဝင်စားပါသနည်း? ဘုရားရှင် ကျွန်ုပ်၏ စိတ်နှလုံး အကြွင်းမဲ့ ကျွန်တော် ပြုလုပ်လိုပါသည်။ ဘုရားရှင်၏ မပြောင်းလဲသောလက်ကို စွဲမြဲစွာကိုင် ထားပါ။ သီချင်းကို သင်သိပါသလား? သင်သိသည် မဟုတ်ပါလား? ညီမ၊ သင်ဘုရားရှင်၏ မပြောင်းလဲသော လက်တော်ကို ဆွဲကိုင်ပါ။ ဘာဖြစ်လဲဟူ၍ ကျွန်တော် မသိပါ။ အထဲတွင် ဘာရှိပါသနည်း? ....... ဘာဖြစ်ပါသနည်း? ...... ဟူး ....

ဘုရားရှင်၏ မပြောင်းလဲသော လက်ကိုဆွဲကိုင်ပါ။

ဘုရားရှင်၏ မပြောင်းလဲသော လက်ကိုဆွဲကိုင်ပါ။

ထာဝရအရာများကို သင်၏မြော်လင့်ချက်ကို ထားပါ။

ဘုရားရှင်၏ မပြောင်းလဲသော လက်တော်ကိုဆွဲကိုင်ပါ။

ယခု ခေတ္တခေါင်းငုံ့၍ ဆုတောင်းရန် သင်တို့ကို အလိုရှိပါသည်။

ဤလောက၏ အချည်းနှီးသော ချမ်းသာခြင်းများကို မတပ်မက်ပါနှင့်။

လျင်မြန်စွာ ပျက်စီးသွားမည့်အရာများ ဖြစ်ပါသည်။

ကောင်းကင်ဘဏ္ဍာကို ရရှိစေရန် ရှာဖွေပါ။

၎င်းတို့ ဘယ်တော့မှ ပျောက်ပျက်သွားမည် မဟုတ်ပါ။

ဘုရားရှင်၏ မပြောင်းလဲသော လက်ကိုဆွဲကိုင်ပါ။

ဘုရားရှင်၏ မပြောင်းလဲသော လက်ကိုဆွဲကိုင်ပါ။

ထာဝရအရာများအပေါ် သင့်၏မြှော်လင့်ချက်များကို ရပ်တည်စေပါ။

ဘုရားသခင်၏ မပြောင်းလဲသော လက်တော်ကိုဆွဲကိုင်ပါ။

114 ၁၁၄။ ခေါင်းငုံ့ဆုတောင်း၍ စိတ်နှလုံးထဲမှာလည်း မှတ်ယူပါ။ ကျွန်ုပ်တို့၏ ခေါင်းများကို ငုံ့လျှက် ကျွန်တော်တို့အား ဖန်ဆင်းထားသော မြေမှုန့်အထိ ဦးညွတ်လျှက် တစ်နေ့သောအခါ ပြန်လာမည့်အကြောင်း သိရှိ၍ ဘုရားကို အဖြေပြန်ပေး ရမည့်အကြောင်း သင့်မှာ ဝိညာဉ်ရှိကြောင်း သင်သိရှိနေရပါမည်။ .......သင်သည် ချီဆောင်ခြင်းအတွက် အဆင်သင့် မဖြစ် သေးကြောင်း ခံစားရပါက ယနေ့ညတွင် ရောက်လာမည့် အကြောင်း သိရှိပါက ဆုတောင်းခြင်းဖြင့် သင့်ကို သတိယလိုပါ သည်။ လက်ကိုသာ မြှောက်ထားကြပါ။ ဘုရားသခင် သင့်အား ကောင်းချီးပေးပါစေ။ ‘ကျွန်တော် အဆင်သင့် မဖြစ်သေးဟု ခံစားရပါသည်။ ဘရာသာ ဗရမ်ဟမ်၊ ကျွန်တော် တစ်ကယ်ဘဲ ခရစ်ယာန် ဖြစ်လိုပါသည်။ ကျွန်တော် ကြိုးစားပါတယ်။ .... ဒါပေမဲ့ အမြဲတမ်း တစ်ခုခုကို လိုနေသလို ခံစားရပါသည်။ ကျွန်တော် ရှိသင့်သည့်နေရာမှာ မရှိကြောင်း ကျွန်တော် သိပါသည်။ ဂရုဏာရှိတော်မူပါအဖ၊ ကျွန်တော့်လက်ကို မြှောက်၍ ဆုတောင်းပါသည်။ ကျွန်တော့်အပေါ် ဂရုဏာသက်တော် မူပါ။’ ‘ဤစာအုပ်ကလေးထဲမှာ လက်ကလေး မိနစ် (၂၀) သို့မဟုတ်မိနစ်(၃၀)ခန့် မြှောက်ထားပြီး ဖြစ်ပါသည်။ ပိုမို များပြားစွာ မြှောက်ထားကြပါသည်။’

115 ၁၁၅။ အိုအဖ၊ ထိုလက်၏နောက်ကွယ်တွင် နှလုံးသားထဲမှာ မည်သို့ရှိကြောင်း ကိုယ်တော် သိပါသည်။ အိုအဖဘုရားသခင်၊ ကျွန်တော် ဆုတောင်းပါသည်။ ......ကျွန်တော့်မှာ တာဝန်ရှိသည့်အရာ တစ်ခုသာ ရှိပါသည်။ သမ္မာတရားကို ပြောဆိုရန်ပင် ဖြစ်ပါသည်။ အဖဘုရားသခင် သူတို့ ကယ်တင်ခြင်း ရလိုပါသည်။ သူတို့ အမှန်တစ်ကယ်ပင် .....တစ်စုံတစ်ရာကိုသာလိုလားခြင်း မဟုတ်၊ စိတ်ခံစားမှု သက်သက်ကိုသာ လိုလားခြင်းမဟုတ်၊ လုပ်ဆောင်သည့်အချို့ ဂိုဏ်းဂဏစံနစ်အချို့၊ ယုံကြည်ချက်အချို့၊ ဩဝါဒအချို့၊ ပေါင်းထည့်သည်ကို လိုလားပါသည်။ သူတို့ နားလည်ပါသည် အဖ။ ဘုရားသခင်၏ နှုတ်ကပတ်တော်မှာ လုံးဝရောထွေးခြင်းမရှိသော စကားဖြစ်ပါသည်။ အရာခပ်သိမ်း ပြီးဆုံးသွားမည် ဖြစ်ပါသည်။ ကောင်း ကင်နှင့်မြေကြီး မတည်သော်လည်း နှုတ်ကပတ်တော် တည်မြဲပါသည်။ ကျွန်တော်တို့မှာ နှုတ်ကပတ်တော် ဖြစ်ပါက မြေကြီး မှာ ကျွန်တော်တို့၏ အောက်မှ ကျော်ဖြတ်သွားပေမည်။ သို့သော်လည်း ကျွန်တော်တို့ ကျော်ဖြတ်မသွားနိုင်ပါ။ အကြောင်းမှာ ကျွန်တော်တို့သည် ထိုနှုတ်ကပတ်တော် ဖြစ်သောကြောင့် ဖြစ်သည်။ သတိုးသား၏ သတိုးသမီးပင် ဖြစ်ပါသည်။

တစ်ဦးစီအတွက် ကျွန်တော် ဆုတောင်းပါသည် အဖဘုရားသခင်။ သူတို့အတွက် ချပေးသနားတော်မူရန်ပင် ဖြစ် သည်။ ကျွန်ုပ်၏ နှိမ့်ချသော ဆုတောင်းခြင်းပင် ဖြစ်သည်။ ....ကျွန်တော့်ကို ခွင့်ပြုပါအဖ၊ ယနေ့ည အလွန်ပင် စိတ်အား ထက်သန်သောကြောင့်ပင် ဖြစ်ပါသည်။ ခုန်ပေါက်၍ တုန်ခါပြီး ကျိုးပဲ့သောစကားများ ဆိုလျှက် ဖြတ်တောက်ပစ်ရပါမည်။ အခြား ကြီးမြတ်သော သန့်ရှင်းသောဝိညာဉ်တော်က သူတို့အား အတူတကွ ဘုရားသခင်၏ နည်းလမ်းဖြင့် လှီးဖြတ်ပါသည်။ လူများ၏ နှလုံးသားများထဲသို့ ကျွန်ုပ်၏ နှလုံးသားမှ ဆန္ဒနှင့် ရည်ရွယ်ချက်ကို သင့်အတွက် ထားရှိပါသည်။ ကယ်တင်ခြင်း ရသင့်သည်ကို ကယ်တင်၍ ကိုယ်တော်ထံသို့ ဆွဲယူတော်မူပါ။ ရောက်လာတော့မည့် ချီဆောင်ခြင်း အချိန်ကာလ အတွက် ကျွန်တော်တို့အား အဆင်သင့်ဖြစ်စေပါ။ ယေရှုနာမ၌ ဆုတောင်းပါသည်။ အာမင်။

ဘုရားသခင် ကောင်းချီးပေးပါစေ။ အစည်းအဝေး၏ သဘာပတိအလှည့် ကျရောက်ပါသည်။

MESSAGE hub online

www.messagehub.info

ဒေသနာ ဝေငှသူ

**ဝီလီယမ်မာရီယမ် ဗရမ်ဟမ်**

‘... နေ့ရက်များ၏ ကြွေးကြော်သံ ... ’ (ဗျာဒိတ် ၁၀:၇)